တက္ကသိုလ်

# နေဝင်းအောင်

## သိုင်းကျောရှင်၏ ရုပ်ပုံလွှာ

ကုလ်၏ဝမ်း၊ ယန်ကျင့်တောင်း၊

စာစဉ် ၁



ဒုတိယအကြိမ်

စာမူခွင့်ပြုချက်အမှတ် ၄၁၂ / ၂၀၀၄ ( ၅ )
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၆၅၀ / ၂၀၀၄ ( ၆ )

၂၀၀၄-ခုနှစ်၊ ဧက်တင်ဘာလ
ဒုတိယအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၄၅၀/-ကျပ် ၅၀၀ ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးသန်းဝင်း၊ ကျော်ပုံနှိပ်တိုက်
၂၃၉၊ ဒေမာသီလမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

မျက်နှာဖုံးရိုက်
ဦးထွန်းလင်း၊
မိုးဝအောဖ်ဆက်
အမှတ် ၁၄၇ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။



## ကျောရိုးမဲ့အဘိုးအို၏ မှတ်တမ်းများ

ကျွန်ုပ် ဤမှတ်တမ်းကိုရေးသားချိန်တွင် ကျွန်ုပ်တစ်ဦးတည်းသာ ဤလောကတွင် ကြွင်းကျန်ရစ်ပေသည်။ ဤမှတ်တမ်းတွင်ပါသမျှသော လူပေါင်းများစွာသည် သေဆုံး၊ ပျောက်သုဉ်း၊ ပျောက်ကွယ်ခဲ့ကြပေသည်။

ကျွန်ုပ်သည် ယခုအခါ ရွာကလေးတစ်ရွာ၌ မထင်မရှားနေထိုင်ရင်း ဘဝ၏ နောက်ဆုံးအချိန်များကိုသာ စောင့်စားလျက်ရှိနေပါသည်။ ထိုရွာကလေးသည် ကျွန်ုပ်အလွန်သံယောဇဉ်ကြီးမားခဲ့ရသည့် မြစ်ကြီးတစ်စင်း၏နံဘေး၌ တည်လျက်ရှိနေပါသည်။ ထိုမြစ်ကြီးကား ကျွန်ုပ်ဘဝ၌ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။

ကျွန်ုပ်သည် ကြိုးကြာကန်ဟူသော ရွာကလေး၏ အစွန်အဖျား ဝါးရုံတော၌ နေထိုင်လျက်ရှိသည်။ အလွန်သေးငယ်သော ဝါးတဲကလေးဖြင့် နေဖြစ်သည်ဆိုရုံမျှ နေထိုင်လျက်ရှိပါသည်။

ဤမှတ်တမ်းကို ရေးနေသော ကျွန်ုပ်၏လက်များသည် ပေါ့ပါးလှသော စုတ်တံကိုပင် အနိုင်နိုင်ကိုင်နေရသည်။ တုန်ယင်ချည့်နဲ့သောလက်များဖြင့် လေးလံသော ဝန်ထုပ်ဝန်ပိုးကို ကိုင်ရသကဲ့သို့ ပေါ့ပါးလှသော စုတ်တံကို ကိုင်လျက် ဤမှတ်တမ်းကိုရေးသားနေရသည်။

ကျွန်ုပ်၏မျက်လုံးများသည်လည်း ဝေဝါးမှုန်သီလျက်ရှိနေလေပြီ။ စာကို အနိုင်နိုင်ကြည့်နေရသည်။

ကျွန်ုပ်၏ဆံပင်များကလည်း တစ်ခေါင်းလုံးဖြူဖွေးနေလေပြီ။ ဘော်ငွေရောင်အဆင်းရှိသော ဆံပင်ဖြူများကိုကြည့်လျက် သင်္ခါရတရားကို သဘောပေါက်လောက်ပေပြီ။ ခါးကလည်း မြေကြီးနှင့် ထိမျှမတတ် ကိုင်းညွတ်နေချေပြီ။ ကျွန်ုပ်၏တစ်ကိုယ်လုံးသည် သင်္ခါရတရား၏မမြဲသောတရားကို ဖော်ပြလျက်ရှိနေလေပြီ။

ဤရွာတွင် နေထိုင်ကြသော လူကြီးလူငယ်ဟူသမျှသည် ကျွန်ုပ်အား ကျောနှိုးမဲ့အဘိုးအိုဟု ခေါ်ဆိုကြသည်။ ဤသည်မှာ လှောင်ပြောင်ခေါ်ဝေါ်ခြင်းပင် ဖြစ်တော့သည်။ အဓိပ္ပါယ်မှာ ကျောနှိုးမရှိသော လူသားတစ်ဦးထက်၊ အစွမ်းအစမရှိသော လူသားတစ်ဦးဟု ခေါ်ဆိုလိုခြင်းဖြစ်ပေသည်။ မကောင်းသော အဓိပ္ပါယ်



ပင်ဖြစ်သော်လည်း ကျွန်ုပ်သည် သူတို့အား ပြန်လည်စောဒကတက်မနေတော့ပါ။ ခေါ်ဆိုပါစေတော့။

သို့ရာတွင် ဤကြိုးကြာကန်ရွာမှ လူများသာမက လွန်ခဲ့သော တခြားသော ဒေသမှလူများကို ကျွန်ုပ်သည် လွန်ခဲ့သောနှစ် များစွာကာလမှ တရုတ်ပြည်တစ်ဝန်းလုံး၌ ဖိန့်ဖိန့်တုန်အောင် ကျော်ကြားခဲ့သော 'ရေခုနစ်လွှာ ကျန်းစီးမုံ'ဟု သိစေလိုက်မည်ဆိုပါက ထိုသူအားလုံး ဟားတိုက်ရယ်မောမိကြပေမည်။

ရေခုနစ်လွှာ ကျန်းစီးမုံ။

ထိုသူများအား အပြစ်မဆိုသာပါချေ။

ယခုလက်ရှိတွေ့မြင်နေရသော သွင်ပြင်လက္ခဏာများကို ကြည့်ခြင်းအားဖြင့် ရေခုနစ်လွှာကျန်းစီးမုံဟု မည်သူက ယုံကြည်ပါမည်နည်း။

ထိုမျှသာမက လူတိုင်းအစဉ်အဆက် စွဲမှတ်ယုံကြည်ခဲ့ကြသည်မှာ ရေခုနစ်လွှာကျန်းစီးမုံသည် ထိုက်စန်းတောင်ပေါ်၌ ရန်သူ၏လက်ချက်ဖြင့် မရှုမလှ အရေးနိမ့်ကာ ဇီဝိန်ကြွေခဲ့ပြီဟူသည့် အချက်တည်း။

မည်သို့ဆိုစေ ...

ကျွန်ုပ်ကား ယနေ့အထိ အသက်ရှင်နေပါသေး၏။ ထိုသို့ ကျွန်ုပ်အသက်ရှင်နေကြောင်း ဘဝမှန်ကို သိရှိသူဟူ၍ ဤလောကမြေအပြင်တွင် တစ်ဦးတစ်ယောက်မျှ မရှိတော့ခြင်းသည်လည်း

ကျွန်ုပ်အတွက် အဖုံးအကွယ်ကောင်းတစ်ခုပင် မဟုတ်ပါလော။ ကျွန်ုပ် အသက်ရှင်နေခြင်းကို တစ်ဦးတစ်ယောက်မျှ မသိစေလိုပါ။ ထို့ကြောင့် ရေခုနစ်လွှာ ကျွန်းစီးမုံဟုပြော၍ ရယ်လိုက ရယ်ကြပါစေတော့၊ ရေခုနစ်လွှာ ကျွန်းစီးမုံသည် အတိတ်သချိုင်း၌ ကွယ်လွန်မြှုပ်နှံခဲ့သည်ကိုပင် ကျွန်ုပ်ကျေနပ်လှပါပြီ။

ကျွန်ုပ်ကား လူသားတိုင်းမလွဲမသွေ ရင်ဆိုင်ရမည်ဖြစ်သော၊ လူသားတိုင်း မလွဲမသွေ ဦးညွှတ်ရမည်ဖြစ်သော ရှင်သေမင်းကို ဦးညွှတ်ချိန်ကား နီးကပ်နေပါပြီ။ ကျွန်ုပ်သေရမည့်အချိန်ကား နီးကပ်နေပါပြီ။

ယခုအချိန်၌ ကျွန်ုပ်ရင်တွင်း၌ ပြင်းပြတောက်လောင်နေသော ဆန္ဒတစ်ခုသည် ထင်ထင်ရှားရှားကြီး ဖြစ်ပေါ်လျက်ရှိနေသည်။

ထိုဆန္ဒကား အခြားမဟုတ် ...

ကျွန်ုပ်ဖြတ်သန်းခဲ့ရသော ဇာတ်လမ်းဖြစ်ရပ် အသွယ်သွယ်အား အရင်းခံအတိုင်း မှတ်တမ်းတင်လိုသည့် ဆန္ဒပါတည်း။ အရင်းခံအတိုင်း မှတ်တမ်းတင်ထားလိုသည့် ဇာတ်လမ်းအသွယ်သွယ်သည် ဖုံ့ဖြိုတုန်လှုပ်ဖွယ်လည်းပါသည်၊ သွေးလေချောက်ချားဖွယ်ရာလည်း ပါသည်၊ ထို့အတူ ကြည်နူးဆွတ်ပျံ့ဖွယ်ရာလည်း ပါသည်၊ တက်ကြွရွှင်လန်းဖွယ်ရာလည်း ပါနေပေသည်၊ အကျိုးအကြောင်း အဆိုးအကောင်းအားလုံး ရောနှောလျက် ရှိနေပါသည်။



ကျွန်ုပ်ပါဝင်ပတ်သက်ခဲ့သော ဇာတ်လမ်းတွင် သင်ခန်းစာယူစရာ၊ သတိသံဝေဂယူစရာ၊ မှတ်သားလိုက်နာဖွယ်ရာ၊ ဆောင်ရန် ရှောင်ရန်များဖြင့် ပြည့်နှက်နေသည်ဟု ကျွန်ုပ်ယုံကြည်ပေသည်။

လူ့ဘဝ၏နောက်ဆုံးအချိန်များကို အချည်းနှီးကုန်လွန်မည့်အစား နောင်လာနောက်သားတို့ အကျိုးများဖွယ်ရာများပါရှိသည့် ဤဖြစ်ရပ်မှန်များကို ရေးသားရန် ကျွန်ုပ်ကြံစည်ကြိုးစားခဲ့ပါသည်။

ကြိုးစားရာတွင် တကယ်ပင်ပန်းကြီးစွာ ကြိုးစားရခြင်းဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်၏အသက်အရွယ်နှင့် ကျန်းမာရေးအခြေအနေကလည်း စကားပြောနေသောကြောင့်ပေတည်း။ အိုမင်းမစွမ်းရှိခြင်းနှင့် ကျန်းမာရေးအခြေအနေမကောင်းခြင်းတို့က စာရေးသားခြင်းကို ကဖျက်ယဖျက်ပြုလုပ်လျက်ရှိပါသည်။ ငယ်ရွယ်စဉ်ကာလက ဓားကိုကိုင်ကာ အင်အားများစွာသုံး၍ တိုက်ခိုက်ခဲ့ရသကဲ့သို့ ယခုလည်း စုတ်တံကိုကိုင်ကာ ပင်ပန်းကြီးစွာ ရေးသားခဲ့ရပါသည်။

တစ်ဖန် မေ့ကျန်ရစ်ခဲ့ပြီဖြစ်သော အတိတ်ကာလများကို ပြန်ပြောင်းတွေးတော ပုံဖော်ယူရသည့်အလုပ်မှာလည်း ကျွန်ုပ်အား ပင်ပန်းကြီးစွာ ဖြစ်စေခဲ့ပါသည်။ အတိတ်၏ အချိန်ကာလများကား လူကို နုပျိုစေခဲ့ပါလေသည်။ အတိတ်ကို ပြန်စဉ်းစားသော် ပင်ပန်း

သည်တား မှန်၏၊ သို့သော် တက်ကြွလန်းဆန်းစေခဲ့သည်ကား အမှန်ပင်ဖြစ်တော့၏။

သို့ရာတွင် ယနေ့အချိန်၌ လူ့လောကတွင် မရှိတော့ပြီဖြစ်သော ကျွန်ုပ်နှင့်ခေတ်ပြိုင်လူသားအကြောင်းကို ပြန်ပြောင်းတွေးတော စဉ်းစားရခြင်းမှာ ဝမ်းနည်းဝမ်းသာခံစားရခြင်းပင်ဖြစ်ပါတော့သည်။ ကျွန်ုပ်၏ခေတ်ပြိုင်လူသားများ၏ ကောင်းကျိုးဆိုးပြစ်များကို မေ့လျော့ထားချင်သော်လည်း မှတ်တမ်းတင်လိုသော ကျွန်ုပ်၏ ဆန္ဒကြောင့် ပြန်လည်စဉ်းစားတွေးတောရပေတော့သည်။

မည်သို့ဆိုစေ၊ ကျွန်ုပ်ဆုံးဖြတ်ချက်ချပြီးသည်နှင့်အညီ ဆုံးခန်းတိုင်အောင် ရေးသားရပေတော့မည်။

ခရီးတကာ ခရီးများအနက် အတိတ်ကိုပြန်လျှောက်ရသော ခရီးစဉ်သည်ကား ရှည်လျားသည်နှင့်အမျှ ပင်ပန်းနွမ်းနယ်လှချေသည်တကား။

တော့ာရှိုးမဲ့အဘိုးတို
ရေခုနစ်လွှာခေးသမား
ကျန်းစီးမုံ။

ပါဟောက္ခ ချူလီကျွမ်း၏အစီရင်ခံစာ



သုတေသန ၁၂(က)

ဇူလိုင်လ (၁၅)ရက်နေ့တွင် ကျွန်ုပ်တော်တို့အဖွဲ့သည် မြစ်၏အရှေ့ဘက်ကမ်းသို့ ဆက်လက်တူးဖော်ကြပါသည်။

ထိုဒေသရှိ မြေသားများ ဖွဲ့စည်းတည်ဆောက်ပုံကို လေ့လာခဲ့သော ဘူမိဗေဒပညာရှင် ဒေါက်တာလိန်စင်ဝှက်က ထိုနေ့သည် ပြောင်းလဲမှုများ အလွန်များခဲ့ကြောင်း၊ လွန်ခဲ့သောနှစ်ပေါင်း တစ်ထောင်ခန့်က ရေလွှမ်းမိုးမှုများ၊ မြစ်ရေမြင့်တက်မှုများနှင့် မြေသားတွန့်ခေါက်တာ မြစ်ကြောင်းပြောင်းလဲမှုများ ဖြစ်ပွားခဲ့ဖူးသည်ဟု မှတ်ချက်ချသည်။

နောက်တစ်နေ့တွင် ကျွန်တော်တို့အဖွဲ့သားများသည် မြေပြင်ပေါ်၌ ထူးထူးခြားခြား မို့တက်နေသော မြေသားကမူတစ်ခုကို တူးဖော်ကြည့်ရန် ဆုံးဖြတ်လိုက်ကြသည်။

သုတေသန ၁၂(ဂ)

မီတာလေးဆယ်ခန့် အဝန်းအဝိုင်းအတွင်း၌သာ အသေးစိတ် တူးဖော်မှုပြုလုပ်ကြသည်။ မီတာလေးဆယ်ခန့်၏ အပြင်ကို မရောက်ရန် ဂရုတစိုက် ပြောဆိုရသည်။ မြေကြီးက ထင်ထားသည်ထက် ပို၍မာကျောနေသည်ကို တွေ့ရ၏။ ထို့ကြောင့် တူးဖော်ရသည်မှာ မလွယ်ကူချေ။ ပို၍ပင် ခက်ခဲသည်။ လက်ရှိအလုပ်သမားများနှင့် မလုံလောက်။ အလုပ်သမားထပ်မံလိုအပ်သည်။ ဒေသအာဏာပိုင်များက အလုပ်သမားများ ထပ်မံပံ့ပိုးကူညီပေးသည်။ လုပ်အားပေးအဖွဲ့များဖြင့် ထပ်မံ၍ တူးဖော်ရသည်။ ထိုအခါမှ အလုပ်တွင်ကျယ်လာသည်။ မြေသားမာကျောမှုဒဏ်ကို အလုပ်သမားများ အတော်ခံရသည်။ ဒေသအာဏာပိုင်များက ပံ့ပိုးပေးသော အလုပ်သမားများသည် အတော်အရာရောက်သည်ကို တွေ့ရှိရသည်။

သုတေသန ၁၄(က)

မြေကြီးကို တူးဖော်ကြသည်။ ပထမတွင် အုတ်ဂူဟုထင်မိသည်။ အပြီးသတ်တူးဖော်သည့်အခါတွင်မှ အုတ်ဂူမဟုတ်ဘဲ ရှေးဟောင်းအဆောက်အအုံ၏ တံခါးတစ်ခုဖြစ်ကြောင်း သိလိုက်ရသည်။



ထိုတံခါးတိုင်အောက်မှ တစ်မီတာပတ်လည်ခန့်ရှိသော ကြေးသေတ္တာတစ်လုံးကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ ထိုကြေးသေတ္တာကို ခိုင်ခံ့သော မြေသေတ္တာ၊ သို့မဟုတ် မြေအိုးအလယ်တွင် တွေ့ရသည်။

အဖွဲ့ဝင်များအားလုံး စိတ်ဝင်စားကြသည်။ ထို့နေ့မှာပင် ကြေးသေတ္တာကို အဖွဲ့ဝင်များ အားလုံးရှေ့၌ ဖွင့်ကြည့်ကြသည်။

သုတေသန ၁၅(က)

ဖယောင်းလုံးကြီးကို ဆက်လက်ခွဲကြည့်ကြသည်။ဖယောင်းလုံးကို အသေအချာထည့်သွင်းထားသဖြင့် ထိုဖယောင်းလုံးအတွင်း၌ တစ်စုံတစ်ခုရှိမည်ဖြစ်ကြောင်း သိနိုင်သည်။

ဖယောင်းလုံးကြီးအတွင်းမှ စာရွက်စာတမ်းများ ထပ်ထားသည့်ပမာ ပိုးသားအလွှာချပ်များကို တွေ့ရသည်။ ထိုပိုးသားအလွှာချပ်များကို ထူးဆန်းသော ဆေးရည်တစ်မျိုးဖြင့် သုတ်လိမ်းလျက် နှစ်တာရှည်ခံအောင် စီမံထားသည်ဟု ဓာတုဗေဒပါမောက္ခယင်ယီပိုးက ဆိုသည်။

ပိုးသားအလွှာချပ်များမှာ များစွာပါရှိသည်။ ပထမ၌ ထိုပိုးသားအလွှာချပ်များကို လေထိလျှင် ပျက်စီးသွားမည်ဟု အထင်ရှိ

သော်လည်း တကယ်တမ်းတွင် မပျက်စီးပေ။ ထို့အတွက် အဖွဲ့ဝင်များအားလုံး ဝမ်းမြောက်ဝမ်းသာဖြစ်ကြရသည်။ ပိုးအလွှာချပ်များကို သုတ်လိမ်းထားသောဆေးရည်ကောင်းသည်ဟုယုံကြည်ကြသည်။

ပိုးသားအလွှာချပ်များတွင် တစ်မျက်နှာစီသာ စာများရေးသားထားလျက် ကျောဘက်တွင်မူ ဘာမှမရှိချေ။ ပိုးသားအလွှာချပ်များကို ဖယောင်းတိုင်နှင့် ပိတ်ဆို့ရာတွင် ပထမဦး လေလုံအောင် ပြုပြင်ထားကြောင်း တွေ့ရသည်။ ထို့နောက် ဖယောင်းဖြင့် ပိတ်၍ အလုံးဖြစ်အောင် ပြုလုပ်ထားသည်။ ဤသို့ဖြင့် နှစ်ရှည်လများခံအောင် ပြုပြင်ထားခြင်းဖြစ်သည်။

ဒေါက်တာဝ်ယင်ယီပိုးအား ထိုပိုးသားအလွှာချပ်များနှင့် ပတ်သက်သည့် ဓာတုဗေဒဖွဲ့စည်းမှုကို ဆက်လက်သုတေသနပြုရန် တာဝန်ပေးလိုက်သည်၊ ဒေါက်တာယင်ယီပိုးကလည်း ပျော်ရွှင်စွာ ထိုတာဝန်ကိုယူလိုက်သည်။

သုတေသန ၁၅(ဂ)

မြေတွင်းအား ဆက်လက်တူးဖော်သည်။ လူအရိုးများတွေ့ရလိမ့်မည်ဟု ထင်ထားသော်လည်း မည်သည့်လူအရိုးကိုမျှ မတွေ့ရပေ။ အသုံးအဆောင်ပစ္စည်းများကိုသာ တွေ့ရသည်။

နောက်ထပ် ကြေးသေတ္တာတစ်လုံးအား တွေ့ရှိရသဖြင့် အတွင်း၌ ဖယောင်းတစ်လုံးရှိမည်ဟု မှတ်ထင်ခဲ့ကြသည်။ ဖွင့်



ကြည့်သောအခါ ဓားမြှောင်တစ်ချောင်းသာတွေ့ရသဖြင့် အားလုံးစိတ်ပျက်လက်ပျက်ဖြစ်သွားရသည်။

သုတေသန ၁၅(ဃ)

ပိုးသားအလွှာချပ်များပေါ်တွင် ကျန်းစီးမုံ၏မှတ်တမ်းများကို တွေ့မြင်ရခြင်းဖြစ်သည်။

ထိုမှတ်တမ်းများကို ကျွန်ုပ်နှင့်အတူ ဘာသာဗေဒပညာရှင်ပါမောက္ခလျှိုယူ၊ မနုဿဗေဒပါမောက္ခ ခက်ကျားဖုံးနှင့် သတင်းစာဆရာ ဗြိတိသျှလူမျိုး မစ္စတာသောမတ်စ်ကယ်လီတို့ ညှိနှိုင်းလေ့လာကြသည်။

ဇူလိုင်လ(၃၁)ရက်နေ့တွင် အကြမ်းဖျင်းလေ့လာမှုများ ပြီးဆုံးသည်။ ကျွန်ုပ်တို့အချင်းချင်း အတော်ကလေး ငြင်းခုန်လိုက်ကြရသည်။

သုံးသပ်ချက် ၁(က)

ကျန်းစီးမုံ၏ မှတ်တမ်းများသည် အလွန်စိတ်ဝင်စားဖွယ်ကောင်းသည်။ ကျွမ်းဒေသကြီး ပျက်စီးပျက်သုဉ်းခဲ့ရခြင်း သမိုင်းနှင့် ပတ်သက်၍ အတော်ကလေး အထောက်အကူပြုပါသည်။ ကွင်းဆက်ပြတ်နေသော အကြောင်းအရာအချို့ကို ဆက်စပ်စဉ်းစားနိုင်သည်၊ ထို့ကြောင့် ကျွမ်းဒေသပျက်စီးခြင်းသမိုင်းကို ဆက်စပ်သိခွင့်ရသည်။

ထို့ပြင် ထိုခေတ် ထိုကာလ လူနေမှုအဆောက်အအုံ၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးအခြေအနေများကို ဆက်စပ်တွေးတော စဉ်းစားနိုင်သည်။ အပြည့်အစုံမဟုတ်သည့်တိုင် ဆက်စပ်စဉ်းစားဖွယ်ရာများကို လမ်းဖွင့်ပေးထားကြောင်း တွေ့ရှိရသည်။

အထူးသဖြင့် ထူးခြားသောအချက်တစ်ခုကို တွေ့ရှိရသည်။ အခြားမဟုတ်ပေ။ ကျွန်ုပ်တို့၏ အမျိုးသားကိုယ်ခံပညာတစ်ရပ်ဖြစ်သည့် သိုင်းပညာနှင့် ပတ်သက်၍ သူ၏မှတ်တမ်းများထဲတွင် နိုက်နိုက်ချွတ်ချွတ်ရေးသားတင်ပြထားသည့် အချက်ပင်ဖြစ်သည်။

သုံးသပ်ချက် ၂(ခ)

ကျွန်ုပ်တို့အဖွဲ့ဝင်များအားလုံး မှတ်တမ်းများကို ဖတ်ကြည့်ကြရသည်။ ဘာသာစကား အခက်အခဲလုံးဝမတွေ့ရပေ။ ဤမှတ်တမ်းများကို အများပြည်သူများ ဖတ်ရှုလေ့လာသင့်သည်ဟု ကျွန်ုပ်တို့ ယူဆပေသည်။ ထို့ကြောင့် သက်ဆိုင်ရာအာဏာပိုင်များထံ တင်ပြအခွင့်တောင်းသည်။

သုံးသပ်ချက် ၄(က)

ယခုတင်ပြလိုက်သည့် ကျန်းစီးမုံ၏ မှတ်တမ်းများသည် အရေးအသားကို ခေတ်ကာလနှင့် ဆီလျော်အောင် ပြုပြင်ထား



သည်မှတစ်ပါး အချက်အလက်များ ပြုပြင်ပြောင်းလဲခြင်းမပြုပါ။ အရေးအသားကို ခေတ်ကာလနှင့် လျော်ညီအောင်ပြုပြင်ထားရသည်မှာလည်း ဖတ်ရှုလေ့လာသူများအဖို့ လွယ်ကူချောမွေ့စေရန်ဖြစ်ပါသည်။

အထူးသဖြင့် သူ၏မှတ်တမ်းများမှာ ဝတ္ထုဇာတ်လမ်းသဖွယ် ဖတ်ရှု၍ကောင်းသဖြင့် ဖတ်ရှုလေ့လာသူများအဖို့ ပို၍ပို၍ မှတ်သားမိနိုင်သည်ဟု ကျွန်ုပ်ယုံကြည်မိပါကြောင်း။

ချုပ်ကွမ်း
ပါမောက္ခ
သမိုင်းသုတေသနဌာနရှိ
ပီကင်းတက္ကသိုလ်၊

## ရှန်သူလား၊ မိတ်ဆွေလား

ကျယ်ပြောလှသော ဒေသကြီးတစ်ခုလုံး၊ မျက်စိတစ်ဆုံး ဒေသကြီးတစ်ခုလုံးသည် ပြင်းထန်လှသည့် စစ်ပွဲကြီးတစ်ပွဲ ဆင်နွှဲပြီးသကဲ့သို့ ပျက်စီးခြင်းများဖြင့် ပြည့်နှက်လျက်ရှိနေသည်။ သွေးပျက်ချောက်ချားဖွယ်ရာမြင်ကွင်းပါတည်း။

ကွင်းပြင်ကျယ်ကြီးတစ်ခုလုံး ရွှံ့နွံထူထပ်ရာဒေသကြီး၊ လူနေအဆောက်အအုံအပျက်အစီးများ ပြည့်နှက်နေရာဒေသကြီး၊ အမြစ်မှ ကျွတ်ထွက်လျက် အလဲလဲအပြိုပြိုဖြစ်နေသည့် သစ်ပင်ကြီးငယ်များ ပြည့်နှက်နေသည့် ဒေသကြီး။

ထိုမျှသာမက မရေတွက်နိုင်သည့် ကျွဲ၊ နွားတိရစ္ဆာန်အသေ



ကောင်များ ပြည့်နှက်ရာ ဒေသကြီး၊ လူသေအလောင်းများဖြင့် ပြည့်နှက်နေသည့် ဒေသကြီးသည် မြင်မကောင်း ရှုမကောင်းဖြစ်နေပေသည်။

ထိုအနေအထားကို ကြည့်ခြင်းအားဖြင့်၊ ဤနေရာဒေသကြီး၌ ကြီးမားလှသော သဘာဝဘေးအန္တရာယ်ကြီးတစ်ခုကျရောက်ခဲ့သည်မှာ ထင်ရှားနေပေသည်။

ဤဒေသကား တရုတ်ပြည်၏အကြီးဆုံး မြစ်ကြီးတစ်စင်းဖြစ်သည့် ဟွမ်ဟိုမြစ်ဝှမ်းတည်း။

တရုတ်ပြက္ခဒိန်အရ ခြောက်လပိုင်းအချိန် . . .

ဟိုရှေးပဝေသဏီအခါကာကတည်းက ဟွမ်ဟိုမြစ်ကြီးသည် နှစ်ဆယ့်ငါးနှစ်လျှင်တစ်ကြိမ်ကျ မကြုံစဖူး ထူးကဲပြင်းထန်စွာ ရေလွှမ်းမိုးတတ်သည်ဟု မှတ်တမ်းပြုထားခဲ့ကြပါသည်။ ယခုသည်၊ နှစ်ဆယ့်ငါးနှစ်ရှိပေပြီ။ ထိုအခါ မှတ်တမ်းများအတိုင်း ဟွမ်ဟိုမြစ်ကြီးသည် ရေလွှမ်းမိုးလေတော့၏။

ဟွမ်ဟိုမြစ်ကြီး၏ လက်ဝဲ၊ လက်ယာ ကမ်းနှစ်ဘက်၌ ကြောက်ခမန်းလိလိ ရေလွှမ်းမိုးမှုကြီးကား ဖြစ်ပွားခဲ့လေပြီ။ လူသားတို့၏အားဖြင့် အနှစ်နှစ်အလလက ပြုစုပျိုးထောင်ထားသည့် ကျေးရွာ၊ မြို့နယ်၊ လက်ယာကိုင်းကျွန်း အရပ်ရပ်သည် တိုတောင်းလှသော ရက်ပိုင်းအတွင်း ပျက်စီးဆုံးရှုံးခဲ့ရလေပြီ။

••• ••• 

ကောင်းကင်၌ တိမ်ညိုညိုတို့ အုံ့ဆိုင်းနေဆဲ ...

လေကြမ်းများကလည်း မနားတမ်း တိုက်ခတ်နေဆဲပင်။ ဟွမ်ဟိုမြစ်ကြီး မြစ်ရေကျသွားပေပြီ။ ရွံ့နွံများနှင့် နောက်ကျိသော ရေများကို သယ်ယူတိုက်ချနေသည်။

နေဝင်ဆည်းဆာ ...

မိုးရိပ်မိုးငွေ့တို့ကြောင့် ညနေခင်းတွင် ပိုမို၍ အုံ့မှိုင်းမှုန်ဝေနေသည်ကိုတွေ့ရသည်။ လေကြမ်းတိုက်ခတ်နေသဖြင့် အအေးဒဏ်ကလည်း ပိုလျက်ရှိသည်။

ထိုအချိန် မြစ်ရေလွှမ်းခံထားရသော အပျက်အစီး အစုအပုံတို့ကြား၌ တရွေ့ရွေ့ တစ်လှမ်းချင်းလှမ်းလာနေသော မြင်းတစ်ကောင်ကို တွေ့ရသည်။ အုန်းခွံရောင် မွန်ဂိုမြင်းကြီးဖြစ်သဖြင့် မြင်းကောင်းမြင်းလှကြီးဖြစ်ကြောင်း သိရသည်။

သန်မာထွားကျိုင်းသော မြင်းကောင်းကြီးတစ်စီးဖြစ်သော်ငြားလည်း ခရီးကြမ်းကြီးကို မရပ်မနား ခနှင်းပြင်းနှင်လာရသဖြင့် ပင်ပန်းနွမ်းနယ်နေသည်။

မြင်းကြီးမောပမ်းနေသဖြင့် မြင်းပေါ်မှလူရွယ်သည် ညာညာတာတာစီးလာသည်။ ထိုလူရွယ်ကား ကျန်းမာတောင့်တင်းသည့် လူရွယ်ပါပေ။ အသက်အားဖြင့် နှစ်ဆယ့်ငါးနှစ်ခန့်သာ ရှိပေဦးမည်။

သူ့အသွင်အပြင်ကား မသာနားပေ။



လုံးဝအထင်သေးဖွယ်ရာဖြစ်နေသည်။ မျက်နှာပေါ်တွင် မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများဖြင့် ပြည့်နှက်လျက်ရှိသည့်အပြင် အဝတ်အစားများကလည်း စုတ်ပြတ်လျက်ရှိသည်။ မြင်းကြီးနှင့် သူ့အသွင်အပြင်ကား တခြားစီဖြစ်နေ၏။

သို့သော် သူ့ရုပ်ရည်မှာ သူတောင်းစားရုပ်မျိုးမဟုတ်ပါ။ သူ့ရုပ်ရည်နှင့် သူ့အသွင်အပြင်မှာ လုံးဝအဟပ်ကွာနေပါသည်။ သူ့ရုပ်ရည်မှာ တည်ကြည်ချောမောသော ရုပ်ရည်ရှိပါသည်။

လူရွယ်သည် ပျက်စီးခြင်းမက ပျက်စီးနေသော ပတ်ဝန်းကျင်တစ်ခွင်ကိုကြည့်ကာ စိတ်ပျက်ညစ်ညူးနေပါသည်။ သူသည် ထိုအပျက်အစီးများကိုကြည့်ရင်း မြင်းကိုဖြည်းညင်းစွာ စီးနင်းနေပါသည်။ ထို့နောက် အပျက်အစီးများကိုကြည့်၍ မကြာခဏ သက်ပြင်းချနေမိသည်။

ညနေစောင်းပြီ။

အမှောင်ရိပ်များ မကြာမီထိုးချလာတော့မည်။ ထိုအခါ အမှောင်ကြီးစိုးတော့မည်။

လူရွယ်ရောက်ရှိနေသည့်နေရာသည် တစ်ချိန်က ရွာကြီးတစ်ရွာ၊ သို့မဟုတ် မြို့တစ်မြို့ဖြစ်ခဲ့ဟန်တူပါသည်။ အပျက်အစီးများမှာ နေရာအနှံ့တွေ့နေရသည်။ အပျက်အစီးများမှာ အတော်များပြားသည်။

ဤရွာတွင် အသက်မသေဘဲ လွတ်မြောက်ခဲ့သူ အတော်

များများရှိနေသည်။ အသက်မသေဘဲ လွတ်မြောက်ခဲ့သော်လည်
အစာရေစာရှားပါးသဖြင့် လူများမှာ သူတောင်းစားပုံပေါက်နေကြသည်

ဗုက္ကသည်များ၏ မျက်နှာများမှာ မျှော်လင့်ချက်ကင်း
စွာ ပူဆွေးသောကရောက်လျက်ရှိကြသည်။ သူတို့သည် တွေ့သ
သောလူများကို ပင်ပန်းနွမ်းနယ်စွာ ကြည့်လျက်ရှိနေသည်။ တွေ
ရှိရသူများမှာလည်း ပြည့်ပြည့်စုံစုံမဟုတ်ချေ။ စုတ်တိစုတ်ပြတ် ဖြ
နေခြင်းက သူ့ကို ကိုယ်မကယ်နိုင်၊ ကိုယ့်ကို သူမကူနိုင်သည့် အ
အနေမျိုးဖြစ်နေခြင်းပင်တည်း။

လူရွှယ်သည် တွေ့သည့်လူတိုင်းကို စကားမြည်ပြော
ကြည့်သည်။ မေးမြန်းကြည့်သည်။ သို့သော် လူတိုင်းက ခေါင်း
သာ ခါယမ်းပြကြပေသည်။ အချို့ကမူ သူ့အားမသက်သာသောမျ
လုံးများဖြင့် ကြည့်ကြသည်။ သို့သော် သူ့အသွင်အပြင်မှာ မသက်
စရာမရှိ။ သူတောင်းစားသာသာ စုတ်တိစုတ်ပြတ်ဖြစ်နေသည်
အားလုံးသောလူများမှာ သူတောင်းစားသာသာဖြစ်နေကြလေသည
တကား။

အချို့ကမူ ဒုက္ခရောက်နေသည့်ကြားထဲ အမေးအမြန်းထူ
ရန်ကောဟု ကမ္ဘာမီးတောက်လောင်နေသည့်ကြားထဲ ဆီမီးခွက်က
ထတောက်နေသည့်ပမာ သူ့အားကြည့်ကြသည်။ ဒေါစက်စက်တ
မြန်ကြသည်။

အချို့ကလည်း ကူညီလိုသည်။ သို့ရာတွင် စားဝတ်နေရေ



အတွက် ရှာကြံရမည့်အရေးက ရှိနေသေးသဖြင့် ဦးခေါင်းကိုသာ ခါယမ်းပြကြရှာသည်။

လူရွှယ်ကား စိတ်ပျက်လက်လျှော့ခြင်းမရှိချေ။ သူသိလိုသည့်အချက်ကို မသိရမချင်း။ ဤဒုက္ခပင်လယ်ဝေနေသည့် အရပ်ဒေသမှ ပြန်မည့်ပုံမပေါ်ချေ။ သူသိလိုသည့်အချက်ကို မေးမြန်းစုံစမ်းရပေမည်။

အဘိုးအိုတစ်ဦးအား မေးမြန်းစုံစမ်းပြီးပါက ယနေ့အဖို့တော်မည်ဟု ဆုံးဖြတ်သည်။ ရှေ့တွင်တွေ့ရသော အဘိုးအိုအား မေးမြန်းစုံစမ်းသည်။ အဘိုးအိုက ခေါင်းခါပြသည်။ လူရွှယ် စိတ်မပျက်။

ညအမှောင်က ပီပြင်လာသည်။

မိုးသားတိမ်လိပ်များရှိနေသဖြင့် လပြည့်ညသည်လည်း ကြယ်ရောင်မလင်း၊ လမင်းမသာနိုင်ဘဲ ရှိနေသည်။

လေကြမ်းကြမ်းက ဝှေ့ယမ်းတိုက်ခတ်လာသည်။ မြစ်ယံဆီမှ လှိုင်းပုတ်သံများ ကြားရသည်။

ဩော် . . . ယွမ်ဟိုမြစ်ကြီးအနီးအနားပေကိုး။

... ... ...

လူရွှယ် စခန်းချရပါလေပြီ။ စခန်းချသောနေရာမှာ ကျောက်လိုဏ်ခေါင်းကြီးတစ်ခုအတွင်းတွင် ဖြစ်ပါသည်။ အိမ်ရာဟူ၍ လုံးဝမရှိသော ဤနေရာတွင် လေကွယ်ရာကျောက်တုံးကျောက်ဆောင်တို့သည်သာ နားခိုရာစခန်းဖြစ်ပါလေသည်။

ကျောက်ဆောင်ကြီးသည် အိမ်ငယ်တစ်လုံးမျှ ကြီးမားလေ၏။ ကမ်းခြေဘက်သို့ အဝလှည့်ထားသည့်ပမာရှိသည်။ ထိုက်သင့်သမျှ လေဒဏ်မိုးဒဏ်ကို ကာကွယ်နိုင်သည်။

လူရွှယ်သည် မြင်းကိုတစ်နေရာတွင် ချည်နှောင်လိုက်သည်။ ဘေးဘီကို ကြည့်လိုက်သည်။ ဤလွင်ပြင်ကျယ် ဒေသကြီးတွင် ရန်သူမရှိ။ အန္တရာယ်ပြုမည့်သူ မရှိပေ။ ဤဒေသကြီးတွင် ဝေါ်ပြတ်သူသာ ရှိနေသည်။ ယခုနေရာတွင်သည်ကား မိမိအတွက် လုံခြုံရာနေရာဖြစ်သည်ဟု နားလည်လိုက်သည်။

လူရွှယ်သည် အသင့်ပါလာသော အဝတ်ကြမ်းထုပ်တစ်ခုကိုဖြေကာ အတွင်းမှ ဖျင်ကြမ်းတစ်ထည်ကိုယူလျက် ခင်းလိုက်သည်။ ထို့နောက် ဖျင်ကြမ်းပေါ်တွင်ထိုင်ကာ ရိက္ခာခြောက်ထုပ်ကို ဖြေလိုက်သည်။ ရိက္ခာခြောက်များ ထွက်လာသည်။ အသင့်အတင့်ကို ထုတ်ယူလျက် ကျောက်ဝှန်ရုံကို ကျောမှီကာ တမြုံ့မြုံ့ဝါးလေတော့သည်။



သူသည် ခရီးစဉ်တစ်လျှောက်လုံး ရိက္ခာခြောက်ကိုသာ မှီခဲ့ရသည်။ ဤလွင်ပြင်ကျယ်ဒေသကြီးမှာ အပျက်အစီးတောင်လိုပုံနေသဖြင့် ရိက္ခာအခက်အခဲရှိပေသည်။ ရိက္ခာနည်းနည်းရရှိရေးအတွက် မနည်းကြီး ကြိုးစားရပေသည်။ ထို့ကြောင့် ရိက္ခာခြောက်ထုပ်ကို အသက်ဘူးပမာ ဂရုစိုက်စောင့်ရှောက်ယူလာခဲ့ရသည်။

အပြင်မှ လေတိုးသံနှင့် လှိုင်းပုတ်သံတို့မှာ တဝေါဝေါ တဝီဝီမြည်ဟည်းနေသည်။ ထိုအသံများကို ဖောက်ထွင်း၍ အသံတစ်ခုဝင်လာဖို့ဆိုသည်မှာ ခက်ခဲလွန်းလှပေသည်။

သို့သော် . . .

"ချပ် ... "

"အသံတစ်သံသည် ခပ်အုပ်အုပ်မြည်လာလေ၏။ လူရွှယ်သည် ခေါင်းထောင်ကြည့်လိုက်၏။ သူနားကြားမှားလေသလား ဟု တွေးတောရင်း အသံကို နားထောင်လေသည်။

"ချပ် ... "

"ထောက် ... "

ဤတစ်ကြိမ်မှာတော့ အသံနှင့်အတူ ခဲလုံးကလေးတစ်လုံးပါ ကျလာလေသည်။

လူရွှယ်၏မျက်နှာမှာ တင်းသွားသည်။ သူ၏ညာလက်သည် သူ့ကိုယ်ပေါ်မှ ဖျင်ကြမ်းအင်္ကျီပွပွကြီးအတွင်းသို့ နှိုက်မိပြီး

သား ဖြစ်သွားသည်။ သို့သော် သူ့လက်ကို ပြန်မထုတ်သေး သူ့လက်ပြန်ထုတ်လျှင် ဘာပါလာမည် မသိနိုင်ပေ။

"တောက် ... "

နောက်ထပ် ခဲတစ်လုံးကျလာပြန်၏။

လူရွှယ်သည် လိုဏ်ဂူအဝသို့ ကြည့်လိုက်၏။

"ဝှစ် ... "

အမှောင်ရိပ်ထဲ၌ လှုပ်ရှားသွားသော သဏ္ဌာန်တစ်ခု ...

"ဘယ်သူလဲ ... "

လူရွှယ်က ခပ်ဝေါက်ဝေါက်လှမ်းမေးလိုက်သည်။ သူ့အ မှာ အေးစက်တင်းမာနေသည်။ သူ့အသံမှာ ပြဲဇာသံပါသည်။ မျက်လုံးများကတော့ လိုဏ်ဂူအဝမှ မခွာပေ။

"ဝှစ် ... "

လေတိုးသံနှင့်အတူ လိုဏ်ဂူဝတွင် လူတစ်ယောက် တ တည့်မတ်မတ်ရပ်နေကြောင်း တွေ့ရသည်။ နောက်ခံ မှောင် သည်ဆိုသော်လည်း လာရပ်နေသည့် လူကိုတော့ သိနိုင်သည် လူရွှယ်သည် ထိုသဏ္ဌာန်ကို စူးစိုက်ကြည့်နေသည်။

ထိုလူသည် လူရွှယ်ထံသို့ တစ်လှမ်းချင်း တိုးလာနေသည်

"ရပ်စမ်း ... မင်း ဘယ်သူလဲ၊ ဘာလာလုပ်တာလဲ"

လူရွှယ်မှာ ရန်သူမိတ်ဆွေ မကွဲပြားသေးသဖြင့် လက် အကျီအတွင်းမှ မထုတ်သေးပါ။ အတွင်းသို့ နှိုက်မြဲနှိုက်ထားပါသည်



"မင်းရန်သူလား ... မိတ်ဆွေလား ... "

လူရွှယ်က တည်ငြိမ်စွာ မေးလိုက်သည်။

ထိုအခါမှ အမှောင်ထဲမှလူက အသံခပ်အုပ်အုပ်ဖြင့် ဖြေပါသည်။

"မိတ်ဆွေပါ ... မိတ်ဆွေလိုက်ရှာနေတဲ့ မိတ်ဆွေပါ"

••• •••

## ဂူတွင်းသို

လူရွယ် မျက်လုံးဝိုင်းသွားသည်။ ကြားလိုက်ရသော အသံ ကြောင့် လူရွယ်မျက်လုံးဝိုင်းသွားပါသည်။ အဘယ်ကြောင့်ဆိုသော် အမှောင်ထဲမှအသံသည် မိန်းကလေးတစ်ဦး၏အသံဖြစ်နေသော ကြောင့်တည်း။

"မင်း ဘာကိုဆိုလိုတာလဲ ... "

လူရွယ်မှာ လက်ကိုအကျႌအတွင်းမှ မထုတ်ပါ။ လက်နှိုက် ထားဆဲသာ ဖြစ်ပါသည်။

မိန်းကလေးသည် ဂွ၀ဌ် ရယ်နေပါသည်။

"ရှင် ... ကျွန်မအဘိုးကို လိုက်ရှာနေတယ် မဟုတ်လား"



"မင်း ... ဘယ်လိုလုပ်သိသလဲ ... "

မိန်းကလေးထံမှ တိုးညင်းသောရယ်သံကို ကြားလိုက်ရ သည်။

"ရှင် ... တစ်လမ်းလုံး တွေ့သမျှလူတွေကို မေးလာတာ ပဲ ရှင် ... အဲဒီလို မမေးသင့်ဘူး၊ ကလေးကအစ သိကုန်ပြီ"

"ဟုတ်တယ် ... ငါမေးခဲ့တယ်၊ မမေးလို့ ဘယ်လိုလုပ်မလဲ ဒီနေရာဒေသကြီးတစ်ခုလုံး ရေလွှမ်းထားတာ မဟုတ်လား ... "

"ရှင် ... ဒီလိုလျှောက်မေးနေလို့ ကျွန်မအဘိုးကို ဘယ်လို မှ တွေ့ရမှာမဟုတ်ဘူး။ ကျွန်မ ... ရှင့်ကိုလာတွေ့တာပဲ ကံကောင်း တယ်မှတ်ပါ ... "

"ဘာဖြစ်လို့လဲ ... "

"ရှင် ... လမ်းမှာ ဘယ်လိုမေးခဲ့သလဲ ... "

"အဘိုးအိုချူယွန်ကို သိသလားလို့ မေးတာပေါ့ ... "

မိန်းကလေးက ခစ်ခနဲ ရယ်လိုက်သည်။

"ဘာသဘောနဲ့ ရယ်ရတာလဲ ... "

မိန်းကလေးက ရှေ့သို့တစ်လှမ်းတိုးလာပြီး ပြောသည်။

"ကျွန်မအဘိုးက ချူယွန်မဟုတ်တော့ဘူး ... ရှင်သေသေ ချာချာမှတ်ထား။ အခု သူ့နာမည်က ရှုပေတဲ့။ ဒါဲ ... ရှင်မေးတဲ့ နာမည်ဟာ အတော်နီးစပ်ပါ့မလားဆိုတာ တွေးမိပြီလား ... "

လူရွယ်က မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။

"ရှပေ ... ရှပေ ဟုတ်လား ... "

"ဟုတ်တယ်လေ၊ ရှင်ပဲ စဉ်းစားကြည့် ... လူတစ်ယောက်ဟာ ဘဝဟောင်းကိုစွန့်ပြီး ဘဝသစ်ကို တည်ဆောက်နေချိန်မှာ ဘဝဟောင်းက နာမည်ကြီးကိုပါ ယူပါတော့မလား၊ တစ်ခါတည်း စွန့်ပစ်ခဲ့မှာပေါ့ ... မဟုတ်ဘူးလား ... "

လူရွယ်က မငြင်းသာပါ။ ခေါင်းညိတ်လိုက်ရပါသည်။

မှန်သည်။ မည်သူက ဘဝသစ်တည်ဆောက်နေချိန်တွင် နာမည်ဟောင်းကို ယူသုံးပါတော့မည်နည်း။

"မင်းပြောတာမှန်တယ်၊ ဒီအချက်ကို ငါသတိမေ့သွားတယ် ... ပြီးတော့ တို့ကင်းကွာနေတာလည်း ကြာပြီဆိုတော့ ဘာသတင်းမှ မရဘူးလေ ... "

မိန်းကလေးက သတိကြီးစွာဖြင့် မေးလေ၏။

"နေစမ်းပါဦး ... ကျွန်မအတိုးကို ရှင်က ဘာကိစ္စနဲ့ လိုက်ရှာနေရတာလဲ ... "

"မင်းကရော သူနဲ့ဘာတော်လို့လဲ ... "

"အိုး ... ကျွန်မမေးတာကို အရင်ဖြေပါ ... ရှင့်ကို ကျွန်မယုံကြည်မှ ကျွန်မအဘိုးဆီကို ခေါ်သွားနိုင်မှာ ... "

လူရွယ်က ရယ်လိုက်သည်။ လက်ကိုလည်း အကျႌအတွင်းမှ ထုတ်လိုက်သည်။ သူ့လက်ထဲတွင် ဘာမျှမပါပါ။

"မင်းပြောတာ သဘာဝကျပါတယ်။ ရှေ့ပြေးလာတွေ့တဲ့



[illegible] တွေ့ရတဲ့လူကို ယုံကြည်ရမှုဖြစ်တော့မှာပေါ့။ ငါ အင် [illegible]ရေးကြီးတဲ့ တာဝန်တစ်ခုနဲ့လာခဲ့တာပါ ... ဒါကိုတော့ [illegible]ကြီးချုပ်နဲ့တွေ့မှ ပြောခွင့်ရှိပါတယ် ... ငါ့ကို မင်းယုံပါ"

[illegible]မှောင်ထဲမှ မိန်းကလေးသည် တော်တော်နှင့် အသံ [illegible] မလာပေ။ ချိတုံချတုံ စဉ်းစားနေပုံရသည်။ သူမအနေဖြင့် [illegible]ရပေသည်။ တော်ကြာ တကယ်တမ်းတွေ့ဆုံလိုသူ မဟုတ် [illegible]ဟောင်းကို ဖော်ထုတ်လိုသူဖြစ်နေပါက ခက်လိမ့်မည်။

"ရှင့်နာမည် ဘယ်သူလဲ ... "

လူရွယ်သည် တစ်ခဏ်မျှ တွံ့ဆိုင်းသွားသည်။ သူ့နာမည် [illegible]မှန်ကို ဖော်ထုတ်ပြောသင့်မသင့် စဉ်းစားခြင်းဖြစ်သည်။ ချက် [illegible] ဆုံးဖြတ်ချက်ချလိုက်သည်။ နာမည်ရင်းအမှန်ကို ပြောသင့် [illegible]ဟု ...

"ကျွန်းစီးမုံလို့ ခေါ်ပါတယ် ... "

"ဗို ... "

မိန်းကလေးထံမှ အာမေဋိတ်သံပေါ်လာသည်။ ဗုံ့ခြ[illegible] အရိပ်အယောင် အာမေဋိတ်သံပင်ဖြစ်ပါသည်။

"ဘာလဲ ... ရေခုနစ်လွှာဓားသမား ကျွန်းစီးမုံလား"

"ဟုတ်ပါတယ် ... ရေခုနစ်လွှာဓားသမား ကျွန်းစီးမုံပါ [illegible]ဖြစ်လို့လဲ ... "

"ဘာမှ မဖြစ်ပါဘူး ... "

မိန်းကလေးက သူ့ကိုယ်ကို ထိန်းသိမ်းရင်း ပြောလိုက်သည်။

"မင်းက ဆရာကြီးချူယွန်ရဲ့မြေးနဲ့တူတယ်၊ ဆရာကြီးရဲ့ မြေး ပီသပါပေတယ် ... မင်းဟာ သိုင်းလောကနဲ့ ကင်းကွာမ ဘူးဆိုတာ ထင်ရှားပါတယ် ... "

မိန်းကလေးထံမှ ရယ်သံပေါ်ထွက်လာသည်။

"ခစ် ... ခစ် ... ခစ် ... ခစ် ... "

သဘောကျသည့်ရယ်သံ။

"တဲ ... ထားပါတော့၊ ရှင်နဲ့တွေ့ရတာလည်း ဝမ်းသာပါ တယ်၊ ကျွန်မအဘိုးကို ချက်ချင်းတွေ့ချင်လို့လား ... "

"ချက်ချင်းတွေ့ချင်ပါတယ်၊ အခုတောင် အတော်နောက် ကျနေပြီ၊ ငါထွက်လာတာ အတော်ကြာပြီ ... အခုချက်ချင်းတွေ့ မှ ဖြစ်မယ် ... "

"ရှင် ကံကောင်းပါတယ် ... "

"ဘာကို ကံကောင်းတာလဲ ... "

"ရှင့်မျက်မြင်ပဲလေ ... ဗီရေဘေးက လူတွေကို တကွဲ တပြားလုပ်ပစ်လိုက်တယ် ... သေသူသေ ပျောက်သူပျောက်ဖြစ် ကုန်တယ် ... ဒီကြားထဲမှာ တိုက်တိုက်ဆိုင်ဆိုင် ရှင်နဲ့ ကျွန်မတို့ လာတွေ့ကြတာပဲ ... "

"ဟုတ်ပါတယ် ... ဒါတော့ ငါဝန်ခံပါတယ် ... "



"ရှင်လိုက်မေးနေတာကို ကျွန်မတို့ တစ်ဆင့်ပြန်ကြားရ တယ်လေ။ ဒီတော့ ... လိုက်မေးနေတဲ့သူဟာ ဘယ်သူလဲ၊ ဘာ အင်္ဂလိပ်နဲ့ လိုက်မေးနေရတာလဲဆိုတာကို ကျွန်မတို့စုံစမ်းနိုင်းလိုက်တာ ပေါ့ ... ပြီးတော့လည်း မှာလိုက်သေးတယ် ... "

"ဘယ်လို မှာလိုက်တာလဲ ... "

"အန္တရာယ်ပေးမယ့်သူဆိုရင် ... အပြတ်ရှင်းခဲ့တဲ့။ မိတ် ဗျည်းတို့ရင်တော့ သူ့ဆီခေါ်လာခဲ့တဲ့ ... အဲဒီလို မှာလိုက်တယ်"

လူရွယ်၏စိတ်ထဲ၌ ထောင်းခနဲခံစားလိုက်ရသည်။ ဤမိန်း ကလေးသည် သိုင်းပညာ၌ အတော်ပင် တော်နေ၍လား။

"မင်းက ငါ့ကိုရှင်းနိုင်မယ်ထင်လို့လား ... "

မိန်းကလေးက ရယ်မောလေ၏။

"ခစ် ... ခစ် ... ခစ် ... ရှင်က မိတ်ဆွေပဲဟာ၊ ဘယ့် နှယ့်လုပ် ရှင်းတော့မလဲ၊ ရှင်းစရာ မလိုတော့တဲ့ဟာ ... "

"ငါမေးနေတာက မင်း ... ငါ့ကို ရှင်းပစ်နိုင်တဲ့အရည် အချင်းရှိလားလို့ မေးနေတာ ... "

မိန်းကလေးက ရယ်လေသည်။

"ရှင်က အလကားနေရင်း ကွဲပြီးတိုနေပြန်ပါပြီ ... လူ တွေဟာ ကိုယ့်အထင်နဲ့ကိုယ်ကတော့ ဟုတ်နေကြတာပေါ့လေ။ ကျွန်မကလည်း ရှင့်ကို အနိုင်ယူနိုင်တယ်လို့ ထင်နိုင်တယ်၊ ရှင်က ကျွန်မ မနိုင်ဘူးလို့ထင်နေတယ် ... ထားလိုက်ပါတော့၊ ထားလိုက်

ပါတော့။ ကိုယ့်အထင်နဲ့ကိုယ်ပဲ ကျေနပ်လိုက်ကြတာ ကောင်းပါ တယ် ... "

လူရွယ်သည် တစ်စုံတစ်ခုကို ပြန်ပြောရန် ကြံရွယ်လိုက် သည်။ သို့သော် မပြောဖြစ်တော့ပေ။ သူ့ကိုယ်ကို ချုပ်တည်းလိုက် ဟန်ဖြင့် ဘာမှပြန်မပြောတော့ပေ။ အသာငြိမ်နေလိုက်သည်။

"ရှင် ... အဘိုးနဲ့ တွေ့ချင်လို့ဆို ... "

"အင်းလေ ... သူ ဘယ်မှာလဲ ... "

"ကျွန်မ နောက်က လိုက်ခဲ့ ... "

မိန်းကလေးက လှည့်ထွက်သွားသည်။ မိန်းကလေးက လူ ရွယ်အပေါ် ယုံသွားဟန်ရှိသည်။

"ဟော့ ... ခဏနေပါဦး ... "

"ဘာဖြစ်လို့လဲရှင့် ... "

"ဩော် ... မင်းနာမည်ကို မသိရဘူးလား ... "

မိန်းကလေးက ရယ်သည်။ သူမ၏ရယ်သံ လှခင်ရယ် သံ။

"ဘာလဲ ... ကျွန်မနာမည်သိပြီးရင် ကျွန်မရုပ်ကိုပါ ကြည့်ပါရစေလို့ ပြောဦးမှာလား ... "

"ဟာ ... ဒီသဘောမျိုး မဟုတ်ရပါဘူး ... "

လူရွယ်က ရှက်ရှက်နှင့် ပြောလိုက်ရ၏။

"ဟင်း ... ဟင်း ... ဟင်း ... ကျွန်မက နောက်တာ



ပါ၊ ကျွန်မနာမည်က ကျင်အိမေတဲ့၊ အင်း ... မျက်နှာကိုတော့ မကြည့်ချင်ပါနဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ရှင်တစ်ခါတည်း လန့်သွား မှာပါ ... ကျွန်မငယ်ငယ်တုန်းက ကျောက်ပေါက်ခဲ့ဖူးတယ်။ မြို့ပေါ်ကလူတွေက ကျွန်မကို ရုပ်ဆိုးမလို့ ကွယ်ရာမှာခေါ်ကြတယ်၊ ကျွန်မ ရုပ်ဆိုးပါတယ်ရှင် ... "

သူမသည် စကားဆုံးသည်နှင့် ချာခနဲ လှည့်ထွက်သွား သည်။

ရေခုနစ်လွှာဓားသမားကျွန်းစီးမှုံသည် တွေဝေနေသည်။

"အင်း ... ရုပ်ဆိုးမ ... ရုပ်ဆိုးမ ... "

ဟု တွေးနေ၏။ ထို့နောက် သူ့မြင်းကို ဖြုတ်ယူကာ ကျင် အိမေနောက်သို့ ချက်ချင်းလိုက်သွားရသည်။

မြစ်ကမ်းပါးတစ်လျှောက် သူတို့လျှောက်သွားနေကြသည်။ အရွယ်အစား အမျိုးမျိုး ကျောက်ဆောင်များက အနှံ့အပြားရှိနေ သည်။

ညနေသည် မှောင်နေ၏။ တစ်ဦးနှင့်တစ်ဦး မြင်ရရုံသာ ရှိသည်။ အမှောင်ထုကြီးစိုးနေသဖြင့် အလင်းရောင်ကိုတောင့်တ မိကြသည်၊ သို့သော် အလင်းရောင်က မရှိ။

ခွေးဟောင်သံများကို လေအသင့်တွင် ကြားနေရသည်။ ရေကျော်မှုဇာက်မှ လွတ်ကာ အသက်မသေဘဲ ကျန်ရစ်သော ခွေး များဖြစ်ဟန်တူသည်။

လွင်ပြင်ဒေသကြီးသည် အမှောင်ထဲ၌ ကြောက်မက်ဖွယ်
ရာ ဖြစ်နေသည်။

ကျန်းစီးမုံသည် ကျင်အိမေခေါ်ဆောင်ရာနောက်သို့ ပြေ
ကျင်လျှောက်လိုက်နေရသည်။ ကျင်အိမေက ရှေ့မှုခပ်သုတ်သုတ်
လျှောက်နေသည်။ လူသူကျဲသောနေရာဖြစ်၍ လူတစ်ဦးတ
ယောက်မျှ မတွေ့ရပေ။

ကျန်းစီးမုံမှာ တိတ်ဆိတ်စွာ သွားနေရသည်ကို စိတ်မရှည်
အောင်ဖြစ်လာသည်။ ထို့ကြောင့် စကားစလိုက်သည်။

"မင်းတို့ ဒီမှာနေတာ ကြာပြီလား ... "

ကျင်အိမေက နောက်လှည့်မကြည့်ဘဲ ပြောလိုက်သည်

"ကျွန်မတစ်သက်ပဲ ဆိုပါတော့ ... "

"မင်းမိဘတွေရော ... "

"မရှိတော့ပါဘူး။ ကျွန်မငယ်ငယ်ကတည်းက ဆုံးသွား
တယ် ... ကျွန်မ လူမှန်းမသိခင်ကပေါ့။ မိဘတွေဟာ အေးအေး
ချမ်းချမ်းတွေပါ ... မိဘတွေဆုံးသွားတော့ ကျွန်မဟာ အဘိုး
လက်ပေါ်မှာ ကြီးပြင်းခဲ့ရတယ် ... "

ကျန်းစီးမုံရင်ထဲ နင့်ခနဲ ခံစားလိုက်ရသည်။ တကယ်တော့
ကျန်းစီးမုံကိုယ်တိုင် မိဘမဲ့တစ်ကောင်ကြွက်တစ်ယောက် မဟုတ်
လား။ တစ်ကောင်ကြွက်ဘဝတွင် မည်မျှအားငယ်ခဲ့ရသည်ကို
သိခဲ့ရသည်မဟုတ်ပါလား။ မိဘမဲ့ရှာသော ကျင်အိမေအတွက်



စွန့်ရှာစိတ်မကောင်းဖြစ်မိသည်။

"မင်းအဘိုးအကြောင်းတော့ မင်းသိတယ်ပေါ့ ... "

သူက စကားလမ်းကြောင်းလွှဲ၍ မေးလိုက်ရသည်။ မိဘ
များအကြောင်း သူမမေးချင်တော့။

"သိတန်သလောက်တော့ သိတာပေါ့ ... ဘိုးဘိုးက ဒီမှာ
အောက်မြှုပ်နေပေမယ့် သူ့ရဲ့အတိတ်ဖြစ်ရပ်တွေကိုတော့ ဖုံးကွယ်
မထားပါဘူး ... "

"ဪ ... အတိတ်ဖြစ်ရပ်တွေကို မင်းကိုပြန်ပြောပြ
တယ်ပေါ့ ... "

"ပြောပြပါတယ် ... နေပြည်တော်တုန်းက ဘယ်လိုဖြစ်
ပျက်ခဲ့တာတွေကို ပြန်ပြောပြပြီး စိတ်ဓာတ်မြှင့်တင်ပေးခဲ့တယ်။
ကျွန်မဟာ အခြေအနေမပေးလို့ ဒီလိုချို့ချို့တဲ့တဲ့နေရပေမယ့်
အချိန်တန်ရင် ထင်ပေါ်ကျော်ကြားတဲ့ဘဝကို ပြန်ရောက်ရမှာလို့
ဘိုးဘိုးက ကျွန်မကို ပြောပြပါတယ် ... "

"သူ ဘယ်သူဘယ်ဝါဆိုတာကို ဒီကလူတွေ မသိကြဘူး
လား ... "

"အို ... ဘယ်လူသိခံလို့ ဖြစ်ပါ့မလဲ ... "

သူတို့သည် အမှောင်ထဲ လမ်းလျှောက်ရင်း စကားပြော
ကြသည်။ ကျင်အိမေသည် ဤနေရာ ဤဒေသကိုကျွမ်းဝင်ဟန်
တူ၏။ ခလုတ်မထိ ဆူးမငြိဘဲ လမ်းလျှောက်နိုင်သည်။ မှောင်

သည်က တော်တော်မှောင်သည်။ လူရိပ်ကိုပင် မှိုးတိုးရိပ်တိတ် တွေ့နေရသည်။

ထိုစဉ်မှာပင် ကျင်အိမေတစ်ယောက် တွံ့ခနဲ ရပ်သွားလေ၏။ နောက်မှလိုက်လာသော ကျွန်းစီးမုံသည်လည်း တန့်ခနဲရပ်လိုက်ရသည်။

"ရောက်တော့မယ် ... အသံမထွက်နဲ့တော့ ... "

သူမက တီးတိုးသတိပေးလေသည်။

"ဒီနားတစ်ဝိုက်မှာ ကျွန်မတို့လိုပဲ ခိုလှုံကြတဲ့ ဒုက္ခသည်တွေရှိတယ် ... သူတို့သိသွားလို့ မဖြစ်ဘူး ... "

ဒါတော့ ဟုတ်သည်။ ဒုက္ခသည်များသည် အဘိုးအိုနှင့် မြေးမလေးတို့၏ ဘဝမှန်ကို မသိကြပေ။ သိလျှင် သူတို့ ဤသို့နေနိုင်မည် မဟုတ်ပေ။

ထိုနေရာ၌ ကျောက်ဆောင်ကျောက်သား အတော်များများတွေ့ရသည်။ ကျောက်လိုဏ်ခေါင်းများ ဤသို့များပြားနေသဖြင့် ဒုက္ခသည်များ ခိုလှုံရာစခန်းဖြစ်နေသည်လား မဆိုနိုင်ပေ။

အမှောင်ထုထဲ၌ ရှေးခေတ်သတ္တဝါကြီးများအလား မည်းမည်းအရိပ်ကြီးများ ထိုးနေကြသည်။ ပီပီသသ သူမြင်ရသည်တော့ မဟုတ်။ ကျင်အိမေက ရှေ့သို့လက်ညှိုးထိုး ညွှန်ပြရင်း ...

"ဟောဟို လိုဏ်ဂူထဲမှာ ကျွန်မတို့နေကြတယ် ... "

သူတို့သည် ရှေ့တိုးသွားကြသည်။ ကျောက်လိုဏ်ဂူခေါင်း



...ရောက်သောအခါ ကျင်အိမေက ရပ်တန့်လိုက်၏။

"ကဲ ... အထဲကို ဝင်သွားပေတော့၊ ရှင့်ကို ကျွန်မအဘိုး ...နေတယ်။ ကျွန်မ ပါမလာတာနဲ့ ရှင့်ကို မိတ်ဆွေမှန်းသိပါ...မယ် ... "

ကျင်အိမေက စကားဆုံးသည်နှင့် နောက်ကြောင်းပြန် ...သွားသည်။

ကျွန်းစီးမုံက ...

"မင်းရော ဝင်မလိုက်တော့ဘူးလား ... "

"မလိုက်တော့ဘူးလေ ... ရှင်ပဲပြောခဲ့တယ်မဟုတ်လား၊ ...ရဲ့အရေးကြီးတဲ့တာဝန်က ဘိုးဘိုးကိုပဲ ပြောဖို့လိုအပ်တယ်ဆို... ... ဒီတော့ ကျွန်မရှိနေလို့ မသင့်တော်ဘူးပေါ့ ... "

မှန်သည်။ သူ့စကားများကို အဘိုးအိုချွယွန်အားသာ ...ကြားသင့်သည် မဟုတ်ပါလော။ သူက ခေါ်ခြင်းမှာ စိတ်လို...ရခေါ်ခြင်းမဟုတ်ပါ။ သာမန်ကာလျှံကာခေါ်ခြင်းသာ ဖြစ်ပါ...ည်။

ကျင်အိမေသည် မှောင်ထဲသို့ တိုးဝင်ပျောက်ကွယ်သွားပါ...ည်။

ကျွန်းစီးမုံသည် တစ်ယောက်တည်း ဂူဝတွင်ကျန်ရစ်ခဲ့၏။ ...သည် ဂူထဲသို့ ကြည့်နေသည်။ မျက်စိကုန် နားကုန်ဖွင့်စွင့်ထား...ပါသည်။

မိမိသည် ထောင်ချောက်တစ်ခုထဲသို့ တိုးဝင်ခဲ့သည်လော ထိုအတွေးကို ချက်ချင်း ပယ်ဖျောက်လိုက်ပါသည်။

မိမိသည် အဘိုးအိုချူယွန်ကိုသာ မေးမြန်းလာခဲ့သည် လမ်းတစ်လျှောက်လုံး ချူယွန် ... ချူယွန်ဟုသာ မေးမြန်းခဲ့သည် မိမိအား တွေ့ဆုံလိုသူသည် ချူယွန်သာ ဖြစ်ရပေမည်။ ချူယွန်မှလွဲ၍ အခြားသူ မဖြစ်နိုင်ပေ။

သူသည် အသက်ကိုဝအောင်ရှူလိုက်သည်။ ထို့နောက် သတိကြီးစွာထားလျက် ဂူတွင်းသို့ လှမ်းဝင်ခဲ့လေတော့သည်။

ပိန်းပိတ်အောင်မှောင်နေသော ဂူတွင်းသို့ ရေခုနစ်လွှာ ခေါ်းသမား ကျန်းစီးမုံ ဝင်ခဲ့ပါလေပြီ။

*** ***



## ထူးခြားသော ပိန်းကာလေး

"ဗိုး ... "

"ဝှန်း ... "

"ဖြောင်း ... "

လိုဏ်ဂူထဲသို့ ဝင်သည်နှင့် ပြင်းထန်သော လေတိုက်ခတ်မှုကို ခံစားလိုက်ရသည်။ လူမမြင်ရဘဲနှင့် လေပြင်းတိုက်ခိုက်ခြင်းမှာ မတော်ရုံတန်ရုံသိုင်းသမား သိုင်းပညာရှင်မဟုတ်ပေ။ ကျန်းစီးမုံသည် လူတစ်ကိုယ်လုံး လည်ထွက်သွား၏။

လေစတင်တိုးသည်နှင့် ကျန်းစီးမုံသည် ကိုယ်တစ်ခြမ်းစောင်းပေးလိုက်ပြီး ကျွမ်းသုံးလေးပတ်မျှ ထိုးလိုက်သည်။ လေပြင်းကိုက်ခတ်ရာလမ်းကြောင်းမှ လွတ်မြောက်ရန်ဖြစ်သည်။

"ဝိုး ... "

"ဝှစ် ... "

"ဝှစ် ... "

လေပြင်းသည် ကိုယ်အောက်မှ တိုက်ခတ်သွားသည်။ ကျ
စီးမုံ အောက်သို့ ပြန်ကျလျှင်ကျချင်း လူရိပ်တစ်ရိပ်ထွက်လာသည်
ကို တွေ့လိုက်ရ၏။

တစ်ပြိုင်တည်းမှာပင် ကျန်းစီးမုံကလည်း ညာလက်
အပြင်သို့ ထုတ်ပြီးဖြစ်နေသည်။ သူ့လက်ထဲ၌ ဓားတစ်လက်ပါလ
သည်။

"ရွှမ်း ... "

"ဝိုး ... "

သူက ဓားကို အဆက်မပြတ် ဝှေ့ယမ်းလိုက်သည်။

သူ၏ဓားမှာ ဓားနှင့်ပင်မတူပါ။ ပါးလွှာသည်နှင့်အမျှ တေ
ညွတ်လွယ်သည်။ **ဓားတစ်လက်ထက်** ကြိုးတစ်ချောင်းနှင့် ပို၍တူ
နေသည်။ ထို့ကြောင့် **ကိုယ်တွင်း၌** ခွေလိပ်၍ ဝှက်ထည့်လာနိုင်ခြင်း
ဖြစ်သည်။

အမှောင်ထဲမှ တိုက်ခိုက်မှုက စတင်လာပြန်၏။

အမှောင်ထဲမှလူသည် လျှင်မြန်စွာ တိုက်ခိုက်နိုင်သည်။
ဓားချင်းထိခတ်သောအခါ မီးပွင့်များထွက်လာသည်။ တစ်ဆက်
တည်းမှာပင် ဓားချက်များသည် မြားတံများစုပြုံလွှတ်လိုက်သည်



မှာ ကျန်းစီးမုံ၏ ခန္ဓာကိုယ်အနှံ့အပြားသို့ ထိုးနှက်တိုက်ခိုက်လာ
နေလေ၏။

"ဝိုး ... ဝိုး ... ဝိုး ... "

"ရွှမ်း ... ရွှမ်း ... ရွှမ်း ... "

ကျန်းစီးမုံ ခုခံရပြီ။ ကိုယ်ကိုလှည့်ပတ်ရင်း ကာကွယ်ရ
သည်။

အမှောင်ထဲမှလူရိပ်ကို သတိထားနေရသည်။ မကြာမီ လူ
ရိပ်သည် ပျောက်ကွယ်သွား၏။ ဓားနှင့် တိုက်ခိုက်မှုသည် လတ်တ
လော ဖေအးချမ်းသွားသည်။ တိုက်ခိုက်မှု ပျောက်ကွယ်သွားပြီ။

ကျန်းစီးမုံသည် လူရိပ်နောက်သို့ ဆက်မလိုက်သေးဘဲ
အခြေအနေကို စောင့်ကြည့်နေ၏။ ရှေ့ကိုယ်တစ်ခြမ်းကို သူ၏ပါး
လွှာသောဓားဖြင့် ကာကွယ်ရင်း လူရိပ်အခြေအနေကို စောင့်ကြည့်
နေသည်။

လူရိပ်သည် ငြိမ်သက်သွားသည်။ သူ့အခြေအနေကို ပြန်
လည်စောင့်ကြည့်နေသည်ဟု သူယူဆသည်။

"ဟား ... ဟား ... ဟား ... "

မှောင်ရိပ်ထဲမှ ရယ်မောသံပေါ်လာသည်။ လှိုက်လှိုက်လှဲ
လှဲ ရယ်ခြင်းမျိုးဖြစ်သည်။ အားမပါသော ရယ်ခြင်းမျိုးမဟုတ်ပေ။

ရယ်သံဆုံးသည်နှင့် ...

"ကြိုဆိုပါတယ် သူငယ် ... သူငယ်ကို ခုလို လက်နက်နဲ့

ညွှန်ခဲ့ကြိုးဆိုရတာကို ဘယ်လိုမှ မအောက်မေ့ပါနဲ့ ... ကျုပ်တောင်းပန်ပါတယ် ... "

ကျွန်းစီးမုံသည် အမှောင်ထဲသို့ စိုက်ကြည့်သည်။ အမှောင်ထုက ကြီးစိုးနေသည်။ ဘာမျှမမြင်ရပေ။

"ခုအခြေအနေက သိပ်ဆိုးဝါးတဲ့အခြေအနေပါ ... "

"ဘာဆိုးဝါးတာလဲ ... "

"ရန်သူမှန်း၊ မိတ်ဆွေမှန်း မသိနိုင်တဲ့အခြေအနေလေ၊ မောင်ရင့်ကို ဘယ်သူဘယ်ဝါဆိုတာသိရအောင်... 'တောင်ပင်လယ်လှိုင်း'သိုင်းကွက်နဲ့ စမ်းသပ်လိုက်တာပါ ... "

"အဲဒီတော့ ... "

မှောင်ထဲမှ ၊အသံရှင်က ဆက်လက်ရှင်းပြလေ၏။

"ကျုပ်ရဲ့တောင်ပင်လယ်လှိုင်း သိုင်းကွက်ကို မောင်ရင်ခုခံနိုင်တယ် ... အဲဒါဆို သခင်ကြီးတာစင်ကူရဲ့လူဆိုတာ ကျုပ်သိသွားပါပြီ ... "

ကျွန်းစီးမုံသည် မျက်လုံးများဝိုင်းသွားသည်။ သူ ယခုတွေ့နေရသူမှာ မည်သူမည်ဝါဖြစ်ကြောင်း သိသွားသည်။ ထို့ကြောင့်ဓားကိုသိမ်းဆည်းလိုက်၏။ ဒူးတုပ်ထိုင်ချလိုက်သည်။ လက်နှစ်ဖက်ကို လက်အုပ်ချီလျက် အရိုအသေပြုလိုက်သည်။

"ကျွန်တော် ကျွန်းစီးမုံပါ ... ဆရာကြီးချူယွန်ကို ဂါရဝပြုပါတယ် ခင်ဗျာ ... "



လေပြင်းတိုက်ခတ်မှုလည်း လျော့ပါးသွားခဲ့ပြီ။ မြစ်ယံထဲမှ လှိုင်းပုတ်သံများကတော့ ကြားနေရဆဲ။

ကျွန်းစီးမုံကို ဆရာကြီးချူယွန်က အသိအမှတ်ပြုသလို ကျွန်းစီးမုံကလည်း ဆရာကြီးချူယွန်ကို အသိအမှတ်ပြုပြီးလေပြီ။ သူတို့သည် အမှောင်ထဲ၌ မျက်နှာချင်းဆိုင်ထိုင်ကာ စကားပြောနေကြ၏။ တစ်ဦးမျက်နှာကို တစ်ဦးက မမြင်ရပေ။

"ကျုပ်နေတဲ့နေရာကို မရောက်ရောက်အောင် စုံစမ်းလာနိုင်တာ ချီးကျူးစရာပဲ ... "

တကယ်ချီးကျူးစရာကောင်းပါသည်။ ပုံမှန်အခြေအနေမဟုတ်သော အချိန်မျိုးတွင် မရောက်ရောက်အောင် လာနိုင်သော ကျွန်းစီးမုံ၏ စွမ်းရည်မှာ ချီးကျူးစရာကောင်းသည်။ ဤဒေသကြီးတစ်ခုလုံးမှာ ရေလွှမ်းခံထားရသဖြင့် ပျက်စီးနေသည်မှာ မျက်စိတစ်ဆုံးရှိသည် မဟုတ်ပါလော။

"အင်း ... နေပြည်တော်ကနေ ဒီအရောက်လာရတဲ့ခရီးဟာ နည်းနည်းနောနောခရီးမှ မဟုတ်တာဘဲ ... "

ချူယွန်၏လေသံသည် တည်ငြိမ်လှ၏။ အသံဩဇာနှင့်လည်း ပြည့်ဝပါသည်။

"ကျွန်တော်ခရီးပြင်းနှင်ခဲ့တာ တစ်လကျော်လောက်ကြာပါတယ်။ ဒီလည်းရောက်ရော ... ရေလွှမ်းမိုးတဲ့အန္တရာယ်နဲ့ ကြုံ

တွေ့နေရပြန်တယ်။ အဲဒီတော့ ဆရာကြီးကို ရှာရတာ ခက်နေတော့တာပေါ့ ... ဒါပေမယ့် တတ်နိုင်သလောက် မေးမြန်းစုံစမ်းခဲ့ပါတယ် ... "

"မေးပါများ စကားရဆိုတာ မှန်သွားတာပေါ့ ... မင်းလူတကာကို လိုက်မေးနေလို့ တို့သိရတာ ... လူတကာကို လိုက်မမေးခဲ့ဘူးဆိုရင် ... တို့မသိရဘူးပေါ့။ ဒီနေရာမှာ ရေကြီးခဲ့တယ်ဆိုတာလည်း သဘာဝအန္တရာယ်ပဲ မဟုတ်လား ... ဘယ်တတ်နိုင်ပါ့မလဲ ခုလို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတာကိုပဲ ကံထူးတယ်လို့ ဆိုရမှာပေါ့ ... "

ချူယွန်သည် စကားကို ခေတ္တရပ်လိုက်၏။ ပြီးမှ ...

"ကဲ ... ကျုပ်တို့ဆီလာခဲ့တဲ့ အကြောင်းရင်းကိုလည်း ပြောစမ်းပါဦး ... နားထောင်ပါရစေဦး ... "

ထိုအခါ ကျန်းစီးမုံအသံ တော်တော်နှင့် ထွက်မလာ။

ချူယွန်က ဆက်လက်၍ မေးလိုက်သည်။

"ဘာလဲ ... ဆရာကြီးတာစင်ကူရဲ့အမိန့်အရလား"

"မှန်ပါတယ် ဆရာကြီး ... "

"သူက ဘာပြောလိုက်လို့လဲ ... "

"သူမှာလိုက်တာက အများကြီးပါ ... "

ကျန်းစီးမုံသည် သူပြောရမည့်စကားကို စဉ်းစားနေပုံရ၏။



ထို့နောက် ဆက်လက်၍ ပြောလေတော့သည်။

"ကျွမ်းဒေသမှာရှိတဲ့ အဘိုးအိုချူယွန်ကို တွေ့အောင်ရှာရမယ်တဲ့ ... သူဟာ တစ်ချိန်က ဘုရင့်တပ်မတော်မှာ အဓိကရတပ်မှူးကြီးတစ်ယောက်တဲ့။ ခုတော့ ကျွမ်းဒေသမှာ မထင်မရှားဖောက်ပြန်နေတယ်တဲ့ ... ဒီတပ်မှူးကြီး ကျွမ်းဒေသမှာ ဖောက်ပြန်နေတာကိုလည်း သူတစ်ယောက်တည်းသိသတဲ့ ... ဒါပေမယ့် ကျွမ်းဒေသ ဘယ်အရပ်မှာဆိုတာကိုတော့ သူအတိအကျမသိဘူးတဲ့ ... "

ထိုအခါ အဘိုးအိုချူယွန်က ပြောလေ၏။

"မှန်ပါတယ်။ ဒါလည်း ကိုယ့်အကြောင်းနဲ့ ကိုယ်ပေါ့လေ။ ဒါထက် နေပါဦး။ သခင်ကြီးတာစင်ကူရော ကျန်းကျန်းမာမာပဲလား ကျုပ်တို့မှာ နေပြည်တော်နဲ့ အဆက်ဖြတ်ဆို လုံးဝဖြတ်ပစ်လိုက်တော့ ... ဘာသတင်းမှ မသိရတော့ဘူးပေါ့ ... "

ကျန်းစီးမုံ နှုတ်ဆိတ်သွားရပြန်လေ၏။

အတန်ကြာ နှုတ်ဆိတ်နေသဖြင့် အဘိုးအိုချူယွန်က အရေးတကြီး မေးမြန်းလေသည်။

"ကျုပ်မေးတာကို ဖြေစမ်းပါဦး ... "

ကျန်းစီးမုံက သက်ပြင်းချလိုက်သည်။

"ဆရာကြီးကို ဟိုအကြောင်း ဒီအကြောင်းတွေ ပြောပြ

ချင်လို့ ကျွန်တော် ဒီကိုရောက်လာတာပါ ... ဒီအကြောင်းတွေကို ပြောစရာမလိုရင် ကျွန်တော်လည်း ဒီကိုရောက်လာဖို့အကြောင်း မရှိတော့ပါဘူး ... "

ထိုအခါ အဘိုးအိုချူယွန်မှာ ရေးကြီးသုတ်ပျာ အမော တကော မေးမြန်းလေတော့သည်။

"ဘာတွေများ ဖြစ်ကုန်ပြီလဲကွာ ... မြန်မြန်ပြောစမ်းပါ" ကျန်းစီးမုံ တစ်ချက်ရှိုက်လိုက်၏။

"သခင်ကြီးတာစင်ကူ လူ့လောကမှာ ... မရှိတော့ပါဘူး ခင်ဗျာ ... ဘဝတစ်ပါးကို ပြောင်းလဲရောက်ရှိသွားပါပြီ ... "

"ဘာ ... "

ရုတ်တရက် ကြားလိုက်ရသောစကားကြောင့် အဘိုးအိုချူယွန် ကြက်သေသေသွားသည်၊ အတန်ကြာမှစကားပြောနိုင်သည်။

"သူ ... သူ ... ဘာကြောင့် သေဆုံးသွားရတာလဲ"

"လုပ်ကြံခံရတာပါ ... "

"ဟင် ... "

ချူယွန် အံ့ဩသွားသည်။ သည်စကားသည် သူ့ကို ချော ချားစေသော စကားဖြစ်သည်။ အခြေအနေအရပ်ရပ်သည် လ ပတ်မလည်သေး။ ဘာကြောင့် သခင်ကြီးတာစင်ကူ လုပ်ကြံခံ သည်ကို ယခုထိ မသိရသေးပေ။



"ပြောစမ်းပါ... ဘယ်သူက ဘာကြောင့် လုပ်ကြံရတာလဲ"

သူက အမှောင်ထဲမှ အားမလို အားမရမေးလိုက်မိသည်။ တတ်နိုင်လျှင် ကျန်းစီးမုံကို ကိုင်လှုပ်၍ မေးချင်သည်။

"အဓိကတရားခံကတော့ ကျိုတောင်ဖြစ်ပါတယ် ဆရာကြီး ... "

"ဘာ ... ကျိုတောင် ဟုတ်လား ... တောင်တန်းနဂါး ကျိုတောင်လား ... "

"ဟုတ်ပါတယ် ... "

"သူက ဘာကြောင့် လုပ်ကြံရတာတုန်း ... ဘာရန်ငြိုးရှိလို့ လုပ်ကြံရတာတုန်း ... "

"အတိအကျတော့ မစုံစမ်းနိုင်သေးပါဘူး ... ဘယ်သူမှလဲ မခန့်မှန်းတတ်ကြသေးပါဘူး ... "

"သူ့ကို အရေးမယူဘူးလား ... "

"အရေးယူဖို့နေနေသာသာ အခုဆိုရင် ... ကျိုတောင် ဟာ ချောင်ပိုနယ်ကို အပိုင်စားရတဲ့ နယ်စားကြီးတောင် ဖြစ်သွားပြီ ... "

ကျန်းစီးမုံ၏အသံက နာကြည်းကြေကွဲသည့်အသံ၊ ကျန်းစီးမုံသည် အမှန်ပင် နာကြည်းနေပါသည်။ သူ့သခင်ကြီး တာစင်ကူ ဘဝတစ်ပါးသို့ ပြောင်းလဲသွားပြီ၊ ပြောင်းလဲသွားရန်ပြုလုပ်

လိုက်သူက ကောင်းစားနေသည်။ သူ မနာကြည်းလျှင် ဘယ်သူ နာကြည်းပါအံ့နည်း။

အဘိုးအို ချူယွန်က တောက်ခေါက်လိုက်ပြီး ...

"ခြော် ... ဒီလိုကိုး၊ ကျုပ်သိပြီ ... သူ သခင်ကြီးကို ဖြောင်မလုပ်ကြဘဲ ပရိယာယ်သုံး လုပ်ကြတယ်ပေါ့၊ မဟုတ်လား သူ့ကို ဘယ်သူကမှ မထင်အောင် လုပ်ကြလိုက်တာပေါ့ ... ပိပိရိရိ လုပ်ကြလိုက်တာပေါ့ ... "

"မှန်ပါတယ် ဆရာကြီး ... "

ချူယွန်က တောက်ခေါက်လိုက်ပြန်သည်။

သူလည်း မတတ်နိုင်ချေ။ သူက နေပြည်တော်နှင့် အဆက်ဖြတ်ပြီး နေချေပြီ။ သူကူညီချင်သော်လည်း မကူညီနိုင်ဘဲဖြစ်နေပြီ။ ထို့ထက်ပို၍ အရေးကြီးနေသည်မှာ သခင်ကြီးတာစင်ကူ လုပ်ကြံခံရပြီးနေချေပြီ။ သူ တောက်ခေါက်ရုံမှအပ ဘာမျှမတတ်နိုင်တော့ချေ။

"သခင်ကြီးတာစင်ကူ မသေခင် ကျွန်တော့်ကို တာဝန်တစ်ခုပေးခဲ့ပါတယ် ... သူဟာ ကျွန်တော့်လက်ပေါ်မှာပဲ အသက်ပျောက်သွားရှာရတာပါ ... "

"ဘယ်လိုများ ဖြစ်တာလဲကွယ် ... "

အားမတန် မာန်လျှော့ရသည့်လေသံဖြင့် ပင်ပန်းနွမ်းနယ်စွာ ပြောလိုက်သည်။



"သခင်ကြီး သေဆုံးချိန်မှာ သူ့မှာသားတစ်ယောက်ကျန်ရှိနေပါတယ် ... သခင်မကြီးဟာလည်း သခင်ကြီးနဲ့အတူ သေဆုံးသွားလို့ သူတို့မျိုးဆက်ဆိုလို့ အဲဒီကလေးတစ်ယောက်ပဲ ကျန်ရစ်ပါတော့တယ် ... "

"အင်း ... ပြောစမ်းပါဦး ... "

"ကလေးက ခုမှ ခုနစ်လ ရှစ်လပဲရှိပါသေးတယ် ... ငယ်ငယ်ကလေးရှိသေးတာပေါ့။ သခင်ကြီးတာစင်ကူက မှာကြားခဲ့တာရှိပါတယ် ... ဒီကလေးကို ဆရာကြီးချူယွန်လက်ထဲအရောက်ပို့ပေးပါတဲ့။ ဆရာကြီးတို့က ဒီကလေးကိုမွေးဖို့ ဆတ်လက်တာဝန်ယူပါတဲ့ ... "

ချူယွန်က ချက်ချင်းပင် ...

"ကလေးအတွက်ကတော့ စိတ်ချပါ ... ကျုပ်တို့တာဝန်ယူရမှာပေါ့။ ကလေးကြီးပြင်းတဲ့အထိ ကျုပ်တို့တာဝန်ယူပြီး ကျွေးမွေးစောင့်ရှောက်မှာပေါ့ ... သခင်ကြီး တာစင်ကူဟာ ကျုပ်ရဲ့ ကျေးဇူးရှင်ပဲ ... ကျေးဇူးရှင်ရဲ့ကလေးကို ဘယ်လိုလုပ်ပစ်ထားနိုင်မှာလဲ ... "

"ဟုတ်ကဲ့ ... ခုလိုကြားရတာ ဝမ်းသာလှပါတယ်။ ပြီးတော့ မှာလိုက်တာ ရှိပါသေးတယ် ... "

"ဘာလဲ ... ကျုပ်တို့က ကလေးကို သိုင်းပညာထူးထူး

ချွန်ချွန်တတ်မြောက်အောင် သင်ကြားပေးရမယ်၊ ပြီးတော့ တော တန်းနဂါးကျိုတောင်ကို လက်စားချေနိုင်အောင် နည်းပေးလမ်း ညွှန်ကြားပြသရမယ်၊ ဒါပဲမဟုတ်လား ... "

"မဟုတ်ပါဘူး ခင်ဗျာ ... "

"ဟေ ... ဒါဖြင့် ဘာတွေမှာကြားသွားသလဲ ... "

"ပြောရမှာတော့ ခက်ခက်ပါပဲ၊ ကျွန်တော်လည်း မစဉ်း စားတတ်တော့ပါဘူး ခင်ဗျာ ... "

"ပြောမှသာ ပြောစမ်းပါကွာ ... "

"သခင်ကြီးတာစင်ကူ မှာကြားခဲ့တာတွေက ဆရာကြီး ချူယွန်ပြောတာတွေနဲ့ တခြားစီဖြစ်နေပါတယ်။ ဆန့်ကျင်ဘက်ဖြစ် နေပါတယ်။ ဘာကြောင့် သခင်ကြီး ဒီလိုမှာကြားရတယ်ဆိုတာ ကျွန်တော်လည်း မစဉ်းစားတတ်အောင် ဖြစ်နေပါတယ် ခင်ဗျာ"

"ဆန့်ကျင်ဘက်ဟုတ်လား ... ပြောမှသာ ပြောစမ်း ကွာ ... "

"ပြောရမယ်ဆိုရင်တော့ ဒီကလေးကို သိုင်းပညာနဲ့ပ သက်လို့ လုံးဝစိတ်မဝင်စားပါစေနဲ့တဲ့ ... "

"ဟိုက် ... "

"သိုင်းလောကထဲကို ဒီကလေးလုံးဝမဝင်ပါစေနဲ့တဲ့ ... "

ဆရာကြီးချူယွန်မှာ တံတွေးကို မြိုချနေမိတော့သည်။



"ဆက်ပြောပါဦးကွာ ... "

"ပြီးတော့ သူ့ရဲ့ဘဝကို လုံးဝပြန်မပြောရဘူးတဲ့၊ သူ့ဘဝ ဟောင်းဟာ ... ဘယ်လို သခင်ကြီးတာစင်ကူရဲ့သားဖြစ်ကြောင်း ပါ ... ဆရာကြီးရဲ့လက်ထဲမှာ ဘဝသစ်တစ်ခုကို တည်ဆောက် ပေးရမယ်တဲ့ ... "

"ဟင် ... "

အံ့ဩလွန်းသည်။ အဘိုးအိုချူယွန် အံ့ဩလွန်းသည်။ သခင်ကြီးတာစင်ကူ မည်သို့ဖြစ်သွားလေသည်မသိ၊ မည်ကဲ့သို့ မှာ ကြားခဲ့လေသည်မသိ။ အဘိုးအိုချူယွန် အံ့ဩလွန်းသဖြင့် ဘာမျှ ပြန်မပြောတတ်တော့ပါ။ တာစင်ကူ မှာကြားခဲ့သည့်စကားရပ်များ ၏ အဓိပ္ပါယ်ကိုလည်း ချူယွန်မစဉ်းစားတတ်တော့ပါ။

အဘိုးအိုချူယွန်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"အင်းလေ ... တာဝန်ဟာ တာဝန်ပဲပေါ့ ... သခင်ကြီး ပေးအပ်လိုက်တဲ့တာဝန်ကို ထမ်းဆောင်ဖို့ကတော့ ကျုပ်တို့အလုပ်ပဲ ပေါ့ ... ဒီတာဝန်ကို စစ်ကြောမေးမြန်း ခွဲစိပ်နေဖို့အကြောင်းမရှိ ပါဘူး ... "

"ပြီးတော့ ထူးခြားတဲ့အချက် ရှိပါသေးတယ်၊ တကယ်ထူး ခြားတဲ့ အချက်ပါ ... "

ကျွန်းစီးမုံ၏အသံထွက်ပေါ်လာသည်။

"ဟုတ်လား ... ဆိုစမ်းပါဦး ... ဘယ်လိုထူးခြားခ
လဲ ... "

"သခင်ကြီးရဲ့ ရင်သွေးဟာ အင်မတန်ထူးခြားတဲ့က
ပါ ... "

"ဘယ်လိုထူးခြားတာလဲ ... ဗိုဗြင်ကလေးတွေနဲ့ ဘာမ
ထူးခြားလို့လဲ ... "

"ထူးခြားပါတယ် ... သူဟာ မွေးစကတည်းက တ
ကလေးတွေနဲ့ မတူပါဘူး၊ ငိုလည်း မငိုဘူး၊ အစားအစာလ
တပ်မက်မောလှတယ် မရှိဘူး၊ တော်ရုံတန်ရုံ ထိခိုက်ရုံနဲ့ ဒဏ်
မရဘူး၊ ဒါဟာ တခြားကလေးတွေထက် ထူးခြားတဲ့ သဘော

အဘိုးအိုချူယွန် ငြိမ်၍ နားထောင်နေသည်။ ဘာမျှ
ဖန်ချက် မပေးပေ။

ကျန်းစီးမုံက ဆက်၍ ပြောနေ၏။

"ကလေးသဘာဝ အမြင့်ကနေလိမ့်ကျတာတို့ သူ့အ
တစ်ခုခုလဲပြိုကျတာတို့ ကြုံခဲ့ဖူးပါတယ်။ ဒါပေမယ့် သူ ဘာမှမ
ဘူး။ တစ်ခါကြောင်ရိုင်းဝင်ကိုက်ဖူးသေးတယ်။ ဒီကြောင်ရိုင်းလ
ကြောက်ရွံ့ပြီး ပြေးထွက်သွားတာပဲ ... ကလေးမှာ ခြစ်ရာဆို
အစင်းကြောင်းကလေးတောင် မထင်ဘူး ... တခြားထူးခြားမ
တွေလည်း ရှိပါသေးတယ် ... ဆရာကြီး ... "



"တော်တော်ထူးခြားတဲ့ ကလေးပဲကိုး ... "

"တော်တော်ထူးခြားတဲ့ ကလေးပါပဲဗျာ ... အများနဲ့ကို
မတူဘူး ... တစ်မူထူးခြားတဲ့ကလေးပါ ... "

"ဒါပဲလား ... တခြား ဘာတွေထူးခြားသေးသလဲ"

"ဟာ ... ထူးခြားတာတော့ မပြောပါနဲ့တော့။ သူ့ရဲ့
ကျောပြင်မှာ မွေးရာပါ ထူးခြားတဲ့ အမှတ်အသားလက္ခဏာတွေပါ
သေးတယ်။ တကယ်ထူးခြားတာပါ ... မင်နဲ့ရေးထားတဲ့အတိုင်းပဲ"

အဘိုးအိုချူယွန်သည် အလွန်စိတ်ဝင်စားသွား၏။ မွေးရာ
ပါ လက္ခဏာများ ကျောပြင်ပေါ်၌ ပါသေးသည်တဲ့။

"ဘယ်လိုလက္ခဏာတွေလဲ ... "

ကျန်းစီးမုံသည် ခေတ္တမျှ ငြိမ်နေသည်၊ ပြီးမှဆက်ပြော
သည်၊

"အစင်းကြောင်းတွေ အစက်အပြောက်တွေပဲခင်ဗျ ...
ဘယ်လိုလက္ခဏာဆိုတာတော့ ကျွန်တော်လုံးဝမခန့်မှန်းတတ်ပါဘူး
သခင်ကြီးကတော့ သိပုံရတယ် ... ဒါပေမယ့် သခင်ကြီးက ဖွင့်
မပြောခဲ့ပါဘူး။ ကျွန်တော်တို့အနေနဲ့ကလည်း အစင်းကြောင်းနဲ့
အစက်ပြောက်တွေရဲ့ အဓိပ္ပါယ်ကို မသိပါဘူး ... ဒီလက္ခဏာတွေ
ဟာ သိုင်းပညာရဲ့ တစ်စွန်းတစ်စကို လှစ်ဟပြသနေတယ်ဆိုတာ
တော့ ကျွန်တော်သိတယ် ... သခင်ကြီးဖွင့်မပြောတော့ ကျွန်တော်

တို့လည်း ပြောရခက်နေတာပေါ့ ... "

"အင်း ... စိတ်ဝင်စားစရာ တကယ်ကောင်းတာပဲ၊ အခု ကလေးက ဘယ်မှာလဲ ... ကျုပ်တွေ့ချင်လှပြီ ... "

"လုံခြုံစိတ်ချရတဲ့ တစ်နေရာမှာ ထားခဲ့ပါတယ်။ မထားခဲ့လို့လည်း မရဘူး။ သူ့လုံခြုံရေးက စိတ်မချရဘူးလေ၊ အန္တရာယ်တွေက ဝိုင်းဝိုင်းလည်နေတယ် ... "

ကျွန်းစီးမုံသည် လေသံကို လျှော့ချလိုက်ပြီး ...

"ဆရာကြီးနဲ့ တွေ့မယ် မတွေ့မယ့်မှန်း မသေချာသေးတာ ... ကလေးကို ဘယ့်နှယ့်လုပ်ပြီး ခေါ်လာနိုင်မှာလဲ၊ ဆရာကြီးကိုတွေ့မှ ကတိရမှ ဆရာကြီးရဲ့လက်ထဲကို ကလေးအပ်နိုင်မှာမဟုတ်လား ... "

မှန်သည်။ ကျွန်းစီးမုံ မှန်သည်။ အဘိုးအိုချူယွန်ထံမှ ကတိမရမီ ကလေးကို လူမြင်သူမြင် မခေါ်ဝံ့ပေ။

အဘိုးအိုချူယွန်က ...

"ကောင်းပါတယ် ... ဒါစိတ်ချရတဲ့ အစီအစဉ်ပါပဲ၊ ကျုပ်ဆီက ကတိမရသေးခင် မင်းအနေနဲ့ ကလေးကို ပေါ်ပေါ်ထင်ထင် ဘယ်ယူဝံ့ပါ့မလဲလေ ... "

ကျွန်းစီးမုံ၏လေသံသည် တိုးသွား၏။

"ကလေးကို မွေးစားတဲ့အစီအစဉ်ကတော့ ရှိရမယ်၊ အဲဒါ



ဆရာကြီးတို့ဆီမှာ မရှိလို့မဖြစ်ဘူး ... "

"ဘယ်လိုအစီအစဉ်လဲ ... "

"ဆရာကြီးတို့ဆီကို ကလေးတစ်ယောက်ရောက်လာရင် ပတ်ဝန်းကျင်က စိတ်ဝင်စားမှာပေါ့၊ ဘယ်က ကလေးလဲလို့ စပ်စုကြမှာပေါ့၊ ဒီလိုဆိုရင် ဒီသတင်းဟာ ပွသွားမှာပေါ့၊ ကလေးရောက်လာတာနဲ့ ဆရာကြီးတို့ဟာ တခြားနေရာကို အသွင်တစ်မျိုးနဲ့ ပြောင်းသင့်တယ်။ ဆရာကြီးတို့ရဲ့ ခြေရာလက်ရာကို ဒီပတ်ဝန်းကျင်မှာ ဖျောက်ပစ်ရမယ် ... "

အဘိုးအိုချူယွန်သည် စဉ်းစားလိုက်သည်။

အတန်ကြာမှ ...

"အင်း ... ကျုပ် ဒါတွေကို မစဉ်းစားရသေးဘူး ... ကလေးတွေ့မှ စဉ်းစားမယ်လို့ စဉ်းစားထားတာ ... ဟုတ်တယ် မင်းပြောတဲ့အတိုင်းလုပ်မှ အဆင်ပြေမှာ ... "

"သခင်ကြီးက အမြော်အမြင်ကြီးပါတယ် ... ကလေးရဲ့ ဘဝတစ်လျှောက်လုံး ကျွေးမွေးဖို့ ငွေကြေးအထောက်အပံ့ လုံလုံလောက်လောက်ပေးခဲ့ပါတယ် ... တကယ်တမ်း ပြောရရင် ကလေးရဲ့တစ်သက် စားမကုန်နိုင်ပါဘူး ... အဲဒီလောက် ရွှေငွေရတနာ တွေထားခဲ့ပါတယ် ... ဒီရွှေငွေရတနာတွေကို ဆရာကြီးတို့အနေနဲ့ လုံးဝမငြင်းရဘူးလို့ သခင်ကြီးက မှာကြားလိုက်ပါတယ် ... "

ထိုအခါ နှစ်ယောက်စလုံး ဆက်ပြောစရာ စကားမရှိတေ
သည့်နှယ် နှုတ်ဆိတ်သွား၏။

မြင်ပတွင် စောစောက လေကြမ်းတိုက်ခတ်နေသည်။ ယ
တော့ လေကြမ်းငြိမ်စပြုပေပြီ။ လေကြမ်းငြိမ်သွားသဖြင့် လှိုင်းပု
သံများ ကြားစပြုလာရသည်။

အဘိုးအိုချူယွန်က ပြောလိုက်သည်။

"ကျုပ် ... သခင်ကြီးလုပ်ကြံခံရပုံကို နားထောင်ချင်တယ
ဒါဆိုရင်တော့ တောင်တန်းနဂါးကျိုတောင်လုပ်ကြံပုံကိုပါ သိရမ
မောင်ရင်ပြောပြနိုင်မလား ... "

ကျန်းစီးမုံသည် ဆွေးဆွေးမြည့်မြည့်ဖြစ်သွားသည်။

သခင်ကြီးတာစင်ကူ လုပ်ကြံခံရပုံကို ပြန်လည်မြင်ယော
လာသည်။

"ဟုတ် ... ဟုတ်ကဲ့ ကျွန်တော်ကတော့ သိပ်မပြောချ
ပါဘူးခင်ဗျာ၊ အပေါင်းက အသစ်ဖြစ်လွန်းလို့၊ ဒါပေမယ့် ဆရာကြ
သိချင်ရင်တော့ ကျွန်တော်ပြောပြရမှာပေါ့ ... နောက်ပြီး ...
အခုအဖြစ်က ဆရာကြီးကိုတော့ ပြောသင့်တယ်ဟုတ်လား ...

"အင်း ... ကျုပ်တို့ အမှောင်ထဲမှာ စကားပြောနေတ
ကိုး၊ မီးထွန်းလိုက်ရမလား၊ မီးထွန်းလို့ရတယ်၊ အပြင်ကလေလည်
ငြိမ်သွားပြီ ... "



"နေပါစေခင်ဗျာ ... စကားပြောဖို့က မီးရောင်လိုအပ်
တာမှ မဟုတ်တာ၊ အဖြစ်အပျက်တွေကတော့ ဒီလိုပါ ဆရာကြီး"

ကျန်းစီးမုံသည် အဖြစ်အပျက်များကို စတင်ပြောပြလေ
တော့သည်။

... ✻ ...

## မုန်တိုင်းကြားမှ ရန်သူ

အမှောင်ထုသည် ကြောက်မက်ဖွယ်ရာကောင်းလှအောင် သိပ်သည်းမည်းနက်နေသည်။ သိပ်သည်းမည်းနက်နေရုံဆိုရင်တော့ တော်သည်ပေါ့။ ယခုတော့ မိုးသက်လေပြင်းက ကျနေသည်။ လေမုန်တိုင်းက ဒေါသတကြီးတိုက်ခတ်နေသည်။

သစ်ပင်များ ကျိုးပြတ်လွင့်စဉ်ကုန်သည်။ မကျိုးပြတ်မလွင့်စဉ်သည့်သစ်ပင်များသည်လည်း ခါးညွတ်ယိမ်းထိုးနေသည်။ သစ်ပင်များသည် ယိမ်းတိုက်နေသည့်အလားပါပေ။

တစ်ချက်တစ်ချက်တွင် ဝင်းပြက်လိုက်သည့် လျှပ်စီးသက်ခြင်းနှင့်အတူ မိုးခြိမ်းသံကလည်း ကောင်းကင်တစ်ခုလုံး အက်ကွဲသွားမတတ် မြည်ဟည်းသွားခဲ့လေသည်။



ကျွမ်းမြို့တော်ကြီးသည် စိတ်ထင်တိုင်း သောင်းကျန်းနေသည့် ဘီလူးသရဲအလား မုန်တိုင်းဒဏ်အောက်တွင် ပြားပြားဝပ်နေသည်။ မုန်တိုင်းဒဏ်ကိုခံနေရသည်။ အချို့အိမ်သေးအိမ်မွှားလေးများမှာ အမိုးများ လွင့်စဉ်ထွက်ကုန်သည်။

မြို့တော်တစ်ခွင်လုံး တံခါးပိတ်တိတ်ဆိတ်နေကြသည်။ အားလုံးငြိမ်ကုပ်နေကြသည်။ သည်အချိန် သည်ကာလမျိုး၌ အဘယ်မှာလျှင် လမ်းများပေါ်၌ လူစည်ကားအံ့ပါနည်း။ မည်သူသည် လမ်းထွက်ချင်ပါအံ့နည်း။

သို့ရာတွင် ...

တစ်ခါတစ်ခါ ဝင်းပြက်လင်းလက်လာသော လျှပ်စီးရောင်အောက်၌ သတိထားကြည့်မည်ဆိုပါက မုန်တိုင်းကို အကာအကွယ်ယူလာသော တရွေ့ရွေ့လှုပ်ရှားနေသည့် မည်းမည်းသဏ္ဌာန်များကို တွေ့ရနိုင်ပါသည်။

မည်သူများဖြစ်သနည်း။

တိရစ္ဆာန်များလော။ မကောင်းဆိုးဝါး နာနာဘာဝများလော။ မဟုတ်ပါ။ တိရစ္ဆာန်များ မဟုတ်ပါ၊ မကောင်းဆိုးဝါး နာနာဘာဝများလည်း မဟုတ်ပါ။ သက်ရှိလူသားများသာတည်း။

တိတိကျကျပြောရမည်ဆိုပါက အနက်ရောင်ဝတ်စုံဝတ်လူကိုးယောက်ဖြစ်ပါသည်၊ လူကိုးယောက်တိတိဖြစ်ပါသည်။

သူတို့သည် မုန်တိုင်းကိုသတိမထားဘဲ ရှေ့သို့သာ တစိုက်

မတ်မတ်သွားနေကြသည်။ မုန်တိုင်းက သူတို့အားကောင်းစွာအကာအကွယ်ပေးထားပါသည်။ မည်သူတစ်ဦးတစ်ယောက်မှ ထွက်မကြည့်ကြပါ။

သူတို့သည် လူမြင်နိုင်သည့်နေရာ၌ အပြေးကလေးသွားကြသည်၊ လူမမြင်နိုင်သည့်နေရာ၌ ခပ်ဖြည်းဖြည်းသွားကြသည်။

ကျွမ်းမြို့တော်ကြီးရှိ လမ်းမကြီးပေါ်ဝယ် သက်ရှိဆို၍ ထိုလူကိုးယောက်မှလွဲ၍ အခြားသူမရှိပါချေ။ ထိုလူကိုးယောက်မည်သည့်နေရာသို့ ဦးတည်သွားနေပါသနည်း။ ထိုလူကိုးယောက် ဦးတည်သွားနေသည့်နေရာကား မြို့စွန်ပိုင်းနေရာကိုတည်း။

ထိုလူသားများသည် မည်သို့သောလူသားများဖြစ်ပါသနည်း။ ထိုလူသားများမှာ နှယ်နှယ်ရရလူသားများမဟုတ်ပါ။ ဓားများကို သိုင်းလွယ်ထားသည့်လူသားများဖြစ်ပါသည်။ အရေးအကြောင်းရှိလျှင် ဓားများနှင့်ဖြေရှင်းကြမည့်လူသားများဖြစ်ပါသည်။

သူတို့သည် လူကောင်းများမဖြစ်နိုင်ပါ။ မည်သည့်နည်းနှင့်မျှ လူကောင်းများမဖြစ်နိုင်ပါ။ ဤမျှဆိုးဝါးသော ရာသီဥတုကိုအကာအကွယ်ယူ၍ ပုန်းလျှိုးကွယ်လျှိုး သွားနေသူများမှာ လူကောင်းများမဖြစ်နိုင်ပါ။

ထို့ကြောင့် မင်းမှုထမ်းများ လုံးဝမဟုတ်နိုင်ပါ။

မိုးသက်မုန်တိုင်းလည်း တစ်စထက်တစ်စ ပြင်းထန်လာခဲ့



...လေသည် တဝိုးဝိုးမြည်လာခဲ့လေပြီ။

အချိန်အားဖြင့်လည်း ညဉ့်နက်သန်းခေါင်ကျော်ခဲ့ပြီ။ ထိုအချိန်မှာပင် ထိုသူတို့သည် မြို့စွန်ပိုင်းဆီသို့ ရောက်ရှိလာခဲ့ကြသည်။

ထိုမြို့စွန်ပိုင်းတွင် အဆောက်အအုံကြီးကြီးမားမားဆို၍ ...သာ ရှိသည်။ ထိုအဆောက်အအုံကြီးဆီသို့ ဦးတည်...ခဲ့ကြလေပြီတကား။

••• ❦ •••

သခင်ကြီး တာစင်ကူ ...

သခင်ကြီးတာစင်ကူသည် အသက်ခြောက်ဆယ်ခန့်ရှိပြီ။ ...လည်း ကျန်းမာဆဲ၊ သန်စွမ်းဆဲ၊ စိတ်ဓာတ်အရ မာကျောဆဲ ...ဖြစ်သည်။

လူအား သခင်ကြီးတာစင်ကူဟု အများကခေါ်ကြသည်။ ...လောက,က သိကြသည်မှာ သည်နာမည်မဟုတ်။ တောင်မင် ... တာစင်ကူဟု သိကြသည်။

...သည် နှယ်နှယ်ရရပုဂ္ဂိုလ်မဟုတ်။ သာမညပုဂ္ဂိုလ် ...၊ ဘုရင်မင်းမြတ်က ယုံကြည်စိတ်ချတော်မူရသော ပုဂ္ဂိုလ်

ဖြစ်သည်၊ စစ်ဘက်ဆိုင်ရာ အမတ်ချုပ်ကြီးတာဝန်ကို ထမ်းဆေ
နေရသော ပုဂ္ဂိုလ်ကြီးဖြစ်သည်။

ဘုရင်မင်းမြတ်၏ ယုံကြည်စိတ်ချတော်မူရသော ပု
ဖြစ်ရုံမျှမက စစ်ဘက်ဆိုင်ရာအမတ်ချုပ်ကြီး ဖြစ်နေရခြင်း၊
လောကတွင် ကျော်ကြားသောပုဂ္ဂိုလ်ဖြစ်နေရခြင်းတို့ကြောင့်
အား နန်းတွင်းတွင် ကြောက်ရွံ့ရိုသေကြရသည်။

တာစင်ကူသည် တည်ကြည်ဖြောင့်မတ်သောစိတ်သ
ထားရှိပေသည်။ တစ်ဖန် နူးညံ့ပျော့ပျောင်းသော စိတ်ထားလ
ရှိနေပြန်၏။ ထို့ကြောင့် နန်းတွင်းရှိလူအများမှာ တာစင်ကူ
ချစ်ကြောက်ရိုသေရှိနေကြခြင်းဖြစ်သည်။

သို့သော် သူ့အား ဤရာထူးတွင် မမြင်လိုသော သူ
ကလည်း ရှိနေပြန်၏။ ထိုသူများမှာ ... သူ၏ရာထူးအခေ
အယောင်များကို သူတို့သာ ရယူလိုကြသူများဖြစ်သည်။ ထိုသူ
အတွက် တာစင်ကူသည် ရှုံရှာစက်ဆုပ်ဖွယ်ရာဖြစ်နေပေ
သည်။ ထိုသူများအတွက် တာစင်ကူသည် အန္တရာယ်ကော
ဖြစ်နေ၏။

ထိုအခြေအနေကို ပါးနပ်လိမ္မာသည့် တာစင်ကူ
ကောင်းစွာသိရှိသည်။ သူသည် တည်ကြည်ဖြောင့်မတ်သူပီပီ
ကိုယ်သူ ယုံကြည်မှုအပြည့်အဝရှိနေသည်။ သူ့အား မလိုလာ



ရှိပေသော်လည်း ထိုသူများသည် သူ့အားလုပ်ကြံဝံ့မည်မဟုတ်ဟု
ယုံကြည်သည်။

သို့ရာတွင် ယခုနှစ်ပိုင်းအတွင်း၌မူ တာစင်ကူအဖို့ နောက်
ကြောင်းရာနှင့် ကြုံတွေ့နေရသည်။ အခြားမဟုတ်ပါ။ သူ့အလွန်
ချစ်မြတ်နိုးသည့် ရင်သွေးကလေးအတွက်ပင်တည်း။

တာစင်ကူသည် အသက်လေးဆယ်နားနီးလာသည့်တိုင်
ကလေးမရခဲ့ချေ။ လေးဆယ်ကျော်မှ ကံပေါ်မည့်အဖြစ်ကိုလည်း
မမျှော်မှန်းရဲခဲ့ချေ။ မျိုးဆက်သစ်ရင်သွေးလေးရမည်ဆိုပါက မိမိ၏
ဂုဏ်ဝတ္ထုရားများကို စွန့်ပစ်ဆိုပါက စွန့်ပစ်နိုင်ပါသည်။

ယခုနှစ်တွင်မူ လေးဆယ်ကျော်၌ ကံပေါ်ခဲ့လေပြီ။ သူ၏
ဆန္ဒပြည့်ဝခဲ့လေပြီ။

သူက ခြောက်ဆယ်ကျော်၊ သူ၏ဇနီးက လေးဆယ်ကျော်
အလွန်ချစ်စရာကောင်းသော သားယောကျ်ားလေးကို ရရှိခဲ့
သည်။

သားကလေးရလာပြန်တော့လည်း သားကလေးအတွက်
ကြည်နူးအားတက်ရသလို၊ သားလေး နောင်ရေးအတွက်လည်း စဉ်း
စားရပြန်သည်။ အတိတ်က ကလေးမရခဲ့သည်ကို အတိုးချ၍
ကလေးကို အရှုံးအမှုးချစ်ခဲ့ရပြန်သည်။

စန်ဖို့ယာ ...

သားကလေး၏အမည်ကို စန်ချိယာဟု ခေါ်ဝေါ်ခဲ့သည် စန်ချိယာသည် ရှားရှားပါးပါးရရှိသော သားကလေးဖြစ်သလို ထူ ခြားသည့် ကလေးငယ်တစ်ဦးလည်း ဖြစ်နေပြန်သည်။

အမြော်အမြင်ကြီးမားသော တာစင်ကူသည် ရင်ပူနေ သည်။ သားဖြစ်သူအတွက် ရင်ပူနေရသည်။

စန်ချိယာ၏ အများနှင့်မတူ တစ်မူထူးခြားနေသောအဖြ များသည် တစ်နေ့တွင် စန်ချိယာအား ဒုက္ခပေးနိုင်သည်ဟု တာစ ကူ ကြို၍သိမြင်နေသည်။ ထို့အတွက် ရင်ပူနေရသည်။ ဤသို့ဖြ ယခုနှစ်ပိုင်းအတွင်းတွင် သားကလေးအတွက် စိုးရိမ်ပူပန်မှုတို့ဖြ မအေးမချမ်းဖြစ်နေရတော့သည်။

ယခု တာစင်ကူ အိပ်၍မပျော်ပါချေ။ ကလေးအတွ စဉ်းစားရင်း အိပ်၍မပျော်နိုင်အောင် ဖြစ်နေရသည်။

မိုးသက်မုန်တိုင်းက ပြင်းထန်စွာ တိုက်ခတ်နေပါသည် တာစင်ကူသည် သားကလေး၏ရှေ့ရေးအတွက် စဉ်းစားရင်း ပြ စွန်ရှိ အိမ်ကြီးအတွင်းဝယ် လူးလားခေါက်တုံ့ လမ်းလျှောက်နေ သည်။

သူ၏ခေါင်းအတွင်းဝယ် သားကလေးရှေ့ရေးအတွက်သာ

"ဂျိမ်း ... ဂျလိမ်း ... ဂျလိမ်း ... "

ပြင်းထန်သော မိုးခြိမ်းသံက ကြောက်မက်ဖွယ်ရာပေ ထွက်လာသည်။ လူးလားခေါက်တုံ့ လျှောက်နေသော တာစင်



သည် မြေလှမ်းကို ရုတ်တရက် ရပ်တန့်လိုက်၏။ ရပ်တန့်လိုက်ခြင်း မှာ မည်သည့်ကြောင့်မျှ မဟုတ်ချေ။ အတွေးကြောင့် ရပ်တန့်လိုက်ခြင်း ဖြစ်ပါသည်။

ထိုစဉ် သူ၏အနီးသို့ ကျန်းစီးမုံရောက်ရှိလာ၏။ ကျန်းစီး မုံသည် မအိပ်သေးချေ။

"သခင်ကြီး မအိပ်သေးဘူးလား ခင်ဗျာ ... "

ကျန်းစီးမုံက အရိုအသေပေးရင်း မေးလိုက်သည်။

တာစင်ကူသည် ကျန်းစီးမုံ၏အမေးကို မဖြေဘဲ သူက ခေါ်လိုက်သည်။

"ကျန်းစီးမုံ ... "

"ဟုတ်ကဲ့ ... အမိန့်ရှိပါ သခင်ကြီး"

တာစင်ကူက ကျန်းစီးမုံအား စေ့စေ့ကြည့်ရင်း မေးလိုက် သည်။

"ဘာသတင်းထူးလာသေးသလဲ ... "

"သတင်းထူးတော့ မရပါဘူး ... "

"တော်ပါသေးရဲ့ ... "

"ဒါပေမယ့် ... "

"ဘာ ဒါပေမယ့်လဲ ... "

"သခင်ကြီးရဲ့သားရဲ့ ထူးဆန်းအံ့ဩဖွယ်ရာသတင်းတွေ ကတော့ မစဲသေးဘူး ... "

"ဒါတော့ မတတ်နိုင်ဘူးလေ ... ကလေးကိုက ထူး
ဆန်းဆန်းမွေးလာတာကိုး ... "

တာစင်ကူက ညည်းညည်းညူညူ ပြောလိုက်သည်။

"တစ်ခုခက်တာက ကလေးထူးဆန်းတာက တော်ရုံ
ပြောနေတာက ပိုကြီးနေတယ်၊ အဲဒီတော့ ကလေးမှာလာထိ
တာပေါ့ ... "

ကျွန်းစီးမုံသည် ငြိမ်နေ၏။ ထို့နောက် သခင်ကြီးတာ
ကူကို မော်ကြည့်ပြီးနောက် ...

"သခင်ကြီးတာစင်ကူ ... စန်ချီယာရဲ့မွေးရာပါထူး
တဲ့ လက္ခဏာတွေအရ ထူးချွန်တဲ့ထိပ်သီးသိုင်းပညာရှင်
ယောက်ဖြစ်လာမယ်ဆိုတာ သေချာနေပါတယ် ... ဒါကို
ပညာရှင်တိုင်းက ပြောကြတာပဲ ... "

"ငါ မမျှော်မှန်းပါဘူးကွယ် ... "

"ဗျာ ... သခင် ... သခင်ကြီး မမျှော်မှန်းဘူး
လား ... "

ကျွန်းစီးမုံမှာ အလွန်အံ့ဩလွန်းသဖြင့် စကားကို အ
ချောအောင် မပြောနိုင်ဘဲဖြစ်သွားသည်။

"ဟုတ်တယ် ကျွန်းစီးမုံ ... ငါ့ကိုကြည့်စမ်း၊ သိုင်း
က,က ငါ့ကို ဘယ်လိုနေရာပေးရတယ်ဆိုတာ မင်းသိတယ်
ငါဟာ သိုင်းလောကရဲ့ ထိပ်သီးတစ်ယောက်ပါ။ ဒါပေမယ့်



ဒါပေမယ့် ... ငါ့ရင်သွေးလေးကိုတော့ သိုင်းလောကထဲကလူ
ဖြစ်စေချင်ဘူး ... "

"ခင်ဗျာ ... "

ကျွန်းစီးမုံမှာ ထိုမျှသာ ပြောနိုင်ပါသည်၊ ဘာမျှနားမလည်
နိုင်တော့ပါ။ သခင်ကြီးတာစင်ကူပြောနေသည်ကို သူနားမလည်နိုင်
တော့ပါ။

သိုင်းလောကရှိ ထိပ်သီးများသည် မိမိတို့၏သိုင်းမျိုးဆက်
မပျက်စီး မတိမ်ကောစေရန် မိမိတို့၏ရင်သွေးများကို ပညာအမွေ
လွှဲပြောင်းပေးကြသည်မှာ ဓမ္မတာပင်ဖြစ်ပါသည်၊ ပေးရိုးပေးစဉ်
အစဉ်အလာလည်း ရှိကြပါသည်။

ယခုမူ ...

"တကယ်တော့ ... သိုင်းလောသားတွေဟာ ကြိုးတန်း
ပေါ်မှာ လမ်းလျှောက်နေရတဲ့လူတွေလိုပါပဲ၊ သိုင်းပညာကိုတော့
အပြစ်မပြောလိုပါဘူး ... ဒါပေမယ့် ... "

"ဂျိမ်း ... ဂျလိမ်း ... လိမ်း ... "

မိုးခြိမ်းသံက တစ်ချက်ကျယ်လောင်စူးရှစွာ ထွက်ပေါ်လာ
၏၊ အပြင်ဘက်၌ မိုးသက်မုန်တိုင်းက အားကောင်းနေဆဲပင်။

တာစင်ကူက ဆက်ပြောသည်။

"ကြိုးတန်းပေါ်မှာ လမ်းလျှောက်ရင်း လိုရာတစ်ဖက်ကမ်း
ကို ရောက်သွားတဲ့ လူတွေရှိသလို လမ်းခုလတ်မှာတင် ပြုတ်ကျ

ခဲ့ရတဲ့ သူတွေလည်း မနည်းတော့ဘူး။ ကံကြမ္မာအလှည့်မသင့် ငါလည်း ပါသွားနိုင်တယ် မဟုတ်လား ... မင်းလည်း ပါသွား တယ် မဟုတ်လား ... "

"သခင်ကြီးအနေနဲ့ကတော့ လိုရာကိုပေါက်မြောက် လို့ ထင်ပါတယ် ... "

"မင်းထင်လို့ပါကွာ ... တကယ်တော့ ပြီးပြည့်စုံတဲ့ အ ဆန္ဒဆိုတာ ရှိမှမရှိဘဲ ... "

ကျန်းစီးမုံသည် ငြိမ်၍နားထောင်နေလိုက်သည်။

ထိုစဉ် အခန်းထဲ၌ ထွန်းညှိထားသော မီးအိမ်သည် လည်းမတိုက်ပါဘဲလျက် ဟုတ်ခနဲ ငြိမ်းသက်သွားတော့သည်။

အခန်းတစ်ခုလုံး ပကတိမှောင်ကျသွားသည်။

သူတို့နှစ်ယောက်စလုံး အတွေ့အကြုံများသော သို သမားများပီပီ ထူးခြားသည့်အခြေအနေကို သတိပြုမိသဖြင့် မှော ထဲ၌ နားကိုအထူးစွင့်ကာ ငြိမ်သက်နေလိုက်ကြသည်။ သတိဝီရိ ဖြင့် တွေ့ရမည့်ရန်သူကို စောင့်နေလိုက်သည်။ စကားတစ်ခွန် မပြောကြတော့။

"ဝုန်း ... "

"ဒိုင်း ... "

"ဖြောင်း ... "

သေချာစွာပိတ်ထားသော တံခါးမကြီးသည် ရုတ်တရ



ကျိုးပျက်ပွင့်ထွက်သွားပါသည်။ အံ့ဩစရာပါ။ တံခါးမကြီးကို မည် မျှဖွင့်သနည်း။ ရိုရိုသေသေ လေးလေးစားစားဖွင့်ခြင်းမဟုတ်၍ ရန်သူများကလွဲ၍ မည်သူမျှမဖြစ်နိုင်ပါ။

လူရိပ်များသည် ရိပ်ခနဲ ရိပ်ခနဲ ခုန်ဝင်လာကြသည်။

"ဝှစ် ... "

"ဝှစ် ... "

"ဝှစ် ... "

မားရောင်များသည် လျှပ်ရောင်နှင့်ရောပြီး လင်းလက် ဖြာသွားပါသည်။

"သခင်ကြီး ... ရန်သူ ... "

ကျန်းစီးမုံက သတိပေးပြီးနောက် နံရံ၌ ချိတ်ဆွဲထားသည့် တစ်လက်ကို လှမ်းခုန်ဆွဲယူ ဖြုတ်လိုက်သည်။

ဓားကိုင်ရန်သူများသည် တာစင်ကူရှိနေသည့်နေရာကို မှားမှန်းနေရသဖြင့် အခန်းထဲသို့ဝင်ဝင်ချင်း တာစင်ကူကို တိုက်ခိုက် နိုင်သည် မဟုတ်ပါ။ မှောင်ထဲတွင်ဖြစ်၍ တာစင်ကူမည်သည့်နေရာ ရှိနေသည်ကိုလည်း သိနိုင်သည်မဟုတ်ပါ။ တာစင်ကူသည် ရန်သူ များကို အေးအေးဆေးဆေး အကဲခတ်လျက်ရှိပါသည်။

မှောင်ထဲတွင် ကျင့်သားရသွားသော ရန်သူများက တာစင် ကူရှိသည့်နေရာကို မကြာမီသိရှိသွားပါသည်။

"ဟိုမှာ ... ဟိုမှာ ... "

ခါးကိုင်ရန်သူများသည် ပြေးလွှားလာကြပါသည်။ တာစ
ကူအား ဝိုင်းဝန်းတိုက်ခိုက်ကြသည်။ သခင်ကြီးတာစင်ကူသည် ဓာ
မကိုင်ဘဲ လက်ချည်းသက်သက်သာ တိုက်ခိုက်သည်။ ရန်သူမျာ
သည် တာစင်ကူအား ထိခိုက်အောင် မတိုက်ခိုက်နိုင်ဘဲ သူတို့ချည်
သာ လွင့်စဉ်နေသည်။

"ဝိုး ... "

"အင်း ... "

"အား ... "

"ဝုန်း ... "

အိမ်တော်တစ်ခုလုံးမှာ တိုက်ခိုက်သံများ ဆူညံသွားသည်၊
မိုးသက်မုန်တိုင်းကျသဖြင့် တစ်အိမ်လုံးငြိမ်သက်နေသည်။ သို့သော်
လည်း အိမ်တော်စောင့်များမှာ အိပ်မပျော်ကြသေးပေ။ ဆူဆူညံညံ
အသံများ ဖုံးလွှမ်းနေသောအခါ အိမ်တော်စောင့်များ ထလာကြ
လေ၏။ လက်နက်ကိုယ်စီဖြင့် ရောက်ရှိလာကြလေသည်၊

သူတို့၏လက်ထဲတွင် မီးတုတ်များပါရှိလာသဖြင့် အခန်
ထဲ၌ အလင်းရောင် ပြန်လည်ရရှိလာသည်။

ထိုအခါ ကျန်းစီးမုံက ရန်သူများကို စူးစမ်းဆင်ခြင်လိုက်
သည်။ ရန်သူအားလုံးသည် အနက်ရောင်ဝတ်စုံများကို ဝတ်ဆင်



...ကြ၊ မျက်နှာဖုံးကိုယ်စီနှင့်ဖြစ်၏။ ထို့ကြောင့် ရန်သူသည် မည်
...မည်ပါဖြစ်သည်ဟု ကျန်းစီးမုံ မခန့်မှန်းနိုင်ပါ။

အိမ်တော်စောင့်များ ရောက်ရှိလာသောကြောင့် တိုက်
...ကိုမှုမှာ ပိုမိုပြင်းထန်ကြမ်းတမ်းလာသည်။ ရန်သူများကလည်း
...မတော တိုက်ခိုက်သည်။ ရန်သူများ၏ တိုက်ခိုက်မှုမှာ ပြင်း
...လှသဖြင့် အိမ်တော်စောင့်များ၏ ခုခံမှုမှာ အရာမထင်နိုင်
...အောင် ဖြစ်နေရသည်။

ထိုစဉ် တာစင်ကူသည် တိုက်ခိုက်နေသော ကျန်းစီးမုံ
... စကားတစ်ခွန်းလှမ်း၍ပြောလိုက်ပါသည်။

"ကျန်းစီးမုံ ... သူတို့ကို တိုက်ခိုက်မနေပါနဲ့ ... သူတို့
...ရှုကို တို့တာဝန်ထားပါ ... မင်းအနေနဲ့ စန်ချီယာတလေးကို
... လွတ်အောင်ကာကွယ်ပါ ... "

သူ မည်သို့ပြောလိုက်သနည်း။ သူ့စကားကို သူနှင့် ကျန်း
...မုံကလွဲ၍ မည်သူမျှနားမလည်နိုင်ကြပါ။ အဘယ်ကြောင့် နား
...လည်နိုင်ကြပါသနည်း။ ရန်သူများလည်း နားမလည်ကြပါ။
...ဘယ်ကြောင့်နည်း။ အဘယ်ကြောင့်ဆိုသော် တာစင်ကူပြော
...လိုက်သည့် စကားမှာ ကျန်းစီးမုံနှင့် သူသာနားလည်သည့် ဟန်တို
(...) ရှေးဟောင်း ဘာသာစကားတစ်မျိုးဖြစ်နေသောကြောင့်
...ည်။

တာစင်ကူက ဆက်၍ပြောသည်။

"စန်ချီယာကို လျှို့ဝှက်မြေတိုက်ခန်းထဲ ခေါ်သွားချေ ... ကမုတစ်ဆင့် လွတ်အောင်ရှောင်၊ သူတို့လာတိုက်နေတာကို မ... သိသလား၊ စန်ချီယာကိုလိုချင်လို့ လာတိုက်နေတာ၊ သိရဲ့လား"

ကျန်းစီးမုံမှာ သဘောမပေါက်နိုင်အောင် ဖြစ်သွား... သည်။ သူတို့က စန်ချီယာကို အဘယ်ကြောင့် လိုချင်ကြသနည်း ကျန်းစီးမုံ တွေဝေနေသည်။

ဤသို့ တွေဝေနေချိန်၌ တာစင်ကူမှာ သူ့ရန်သူကို အပြ... အထန် ခုခံလျက်ရှိသည်။

"ဟေ့ ... ပြောနေတာ ကြားတယ်မဟုတ်လား ... အချိန်မရှိတော့ဘူး ... စန်ချီယာလွတ်ဖို့က အရေးကြီးတယ် တဲ ... စန်ချီယာလွတ်ဖို့ ဘယ်လောက်အရေးကြီးတယ်ဆိုတာ သိပြီမဟုတ်လား ... သွား ... မြန်မြန်သွား မင်းငေးမနေနဲ့"

ရန်သူများမှာ တာစင်ကူအား မဲ၍ ဝိုင်းတိုက်နေသည်၊ တာစင်ကူကလည်း ပြန်လည်ခုခံနေသည်။ သူတို့သည် တာစင်ကူ အား တိုက်ခိုက်အနိုင်ယူနိုင်ပါမှ အတွင်းခန်းသို့ ဝင်ရောက်နိုင် မည်ဖြစ်ပါသည်၊

ကျန်းစီးမုံ မတွေဝေနိုင်အားတော့ အတွင်းခန်းသို့ ဝင်ပြေး ရန် ခြေလှမ်းစတင်လှမ်းလိုက်သည်၊



ထိုစဉ် ...

"ဝုန်း ... "

"ဟေး ... "

"ဝိုင်းကြဟေ့ ... မလွတ်စေနဲ့ ... "

"အပြတ်ရှင်းကြ ... "

"ဖြောင်း ... "

"ဝုန်း ... "

နောက်ထပ်ရန်သူများ ရောက်ရှိလာချေပြီ။ ရန်သူများ သည် ကျိုးပျက်နေသော တံခါးဝကို ကျော်လွှား၍ ဝင်ရောက်လာ ကြသည်။ တိုက်ခိုက်မှုမှာ ပို၍ပြင်းထန်လာသည်။ ဝင်ရောက်လာ သော ရန်သူများသည် တာစင်ကူကိုပင် ဝိုင်း၍တိုက်ခိုက်ကြသည်၊ အခြားအိမ်တော်စောင့်များကို မတတ်သာမှသာ တိုက်ခိုက်ကြ သည်။

"သွားတော့ ကျန်းစီးမုံ ... မင်းကြာနေရင် ငါ့သားလေး ...ကွဲဖြစ်လိမ့်မယ် ... "

တာစင်ကူသည် ရန်သူတစ်ယောက်အား ရှောင်တိမ်းရင်း ...ားကိုင်လက်ကို ဖမ်းလိမ်ချိုးလိုက်သည်။

"အား ... "

ထိုလူကို တိုင်မြှောက်ပြီး တိုင်ပေါက်လိုက်ရာ ထိုလူမှာ

တလိမ့်ခေါက်ကွေးကျသွားသည်။

"သွားတော့ ကျွန်းစီးမုံ ... သွားတော့ ... "

ရန်သူများသည် ဝထမပိုင်း၌ ရှုံခနဲဖြစ်သွားသော်လည်း နောက်ပိုင်း၌ ဝိုင်းဖုံလာကြသည်။ တာစင်ကူကိုပင် မဲ၍တိုက်ခိုက်ကြပြန်သည်။

ကျွန်းစီးမုံ မတတ်သာတော့ပါ။ ဘာမှမတတ်နိုင်တော့ပါ။ အကြိတ်အနယ်ယှဉ်ပြိုင်နေသည့်အခန်းကို ကျောခိုင်းရပါတော့သည်။ သခင်ကြီးတာစင်ကူအား ဝိုင်းတိုက်နေသူများအား လုံးဝ မတိုက်ခိုက်ရဘဲနှင့် ကျောခိုင်းလိုက်ရပါတော့သည်။

တကယ်တော့ သူသည် တာစင်ကူ၏လက်ရင်း လူယုံတော် တစ်ယောက်ဖြစ်ပါသည်။ သူသည် ရဲရင့်သည်နှင့်အမျှ သစ္စာရှိ သောလူတစ်ယောက်ဖြစ်ပါသည်။ ဒါကို တာစင်ကူ ကောင်းကောင်း ကြီးသိပါသည်။

တာစင်ကူသည် ကျွန်းစီးမုံ၏ ဆရာရင်းတစ်ယောက်ဖြစ် သလို ကျေးဇူးရှင်ကြီးလည်း ဖြစ်ပါသည်။ တာစင်ကူသည် ကျွန်းစီး မုံအရွယ်မရောက်ချိန်ကတည်းက ကျွေးမွေးစောင့်ရှောက်ခဲ့သူဖြစ် ပါသည်။ ကျွေးဖအေဖြစ်သလို၊ မွေးဖအေဟူ၍လည်း ခေါ်လိုက် လည်း ခေါ်နိုင်ပါသည်။ သူ့အား သိုင်းပညာလည်း စနစ်တကျ သင်ပေးခဲ့ပါသည်။



သူတို့ချင်း ဆက်ဆံရေးမှာ ဆရာတပည့်ဆက်ဆံရေးလို လည်းဖြစ်သည်။ မိဘနှင့် သားသမီးဆက်ဆံရေးလိုလည်းဖြစ်သည်။ ထို့ကြောင့် ကျွန်းစီးမုံမှာ စန်ချီယာကို ညီရင်းတစ်ယောက်လို အစဉ်တာထားနေရခြင်းဖြစ်သည်။

ထိုမျှသာမက တာစင်ကူသည် ရှေးဟောင်းဘာသာစကား ဖြစ်သည့် ဟန်ကျိဘာသာစကားကို ကျွန်းစီးမုံတစ်ယောက်တည်း ကိုသာ သင်ပေးသည်။ ထိုသို့ သင်ပေးခြင်းမှာ အချည်းအနှီးမဟုတ် ပေ။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် အသုံးဝင်လာအောင်ဖြစ်သည်။ ယနေ့ အသုံးဝင်နေပေပြီ။ ဟန်ကျိဘာသာစကားကို သူ့အတော် များများ ပြောခဲ့ရလေပြီ။

... ✣ ...

## သူ့မှာတမ်း

ကျွန်းစီးမှုံသည် ပုခက်ထဲ၌ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသည့် စန်ချိုယာကလေးကို ပွေ့ချီကာ လျှို့ဝှက်မြေအောက်ခန်းထဲသို့ ပြေးဝင်ခဲ့သည်။ ထိုမြေအောက်ခန်းကို သိသူဆို၍ တစ်လောကလုံးတွင် သုံးယောက်သာရှိသည်။

ထိုသုံးယောက်မှာ သခင်ကြီးတာစင်ကူ၊ သခင်မကြီးချူလင်းနှင့် ကျွန်းစီးမှုံတို့ပင်တည်း။ ဤလျှို့ဝှက်အကြောင်းအရာကို ကျွန်းစီးမှုံအား အသိပေးထားခြင်းဖြင့် ကျွန်းစီးမှုံအပေါ် သခင်ကြီးတာစင်ကူတို့က မည်မျှမည်မျှ ယုံကြည်သည်ကို သိရှိနိုင်သည်။



မြေတိုက်ခန်းထဲသို့ ကျွန်းစီးမှုံရောက်ရှိလာသောအခါ ...ပါ်ထပ်၌ တိုက်ခိုက်မှုပြင်းထန်ခြင်းတို့ကြောင့် တုန်ခါနေသည်။ ...ချိုယာကလေးကတော့ ဘာကိုမျှမသိဘဲ နှစ်နှစ်ခြိုက်ခြိုက်အိပ်...ပျော်နေသည်။

ကျွန်းစီးမှုံ ဘာလုပ်ရမည်နည်း။ ကျွန်းစီးမှုံ အပြေးအလွှား ...တွေးနေသည်။

စန်ချိုယာကလေးကိုခေါ်လျက် လွတ်ရာသို့ ရှောင်တိမ်း...ရမည်လား။ သို့မဟုတ် စန်ချိုယာကလေးကိုထားခဲ့လျက် အပေါ်...သို့ ပြန်တက်ကာ သခင်ကြီးတာစင်ကူအား ကူညီရမည်လား။ သူ...သည် သခင်ကြီးတာစင်ကူကို မိမိ၏အရှင်သခင် အမိအဖ၊ ကိုးကွယ်...ရာ ...စ်မှတ်သဖြင့် သခင်ကြီးတာစင်ကူအတွက် အသက်စွန့်လွှတ်...ရန် ...ဝန်မလေးပေ။

သို့ရာတွင် ကျွန်းစီးမှုံက အချက်တစ်ချက်ကို စဉ်းစားမိ...သည်။ စန်ချိုယာကလေးကို ထားခဲ့လျက် ရန်သူများကို သွားရောက်...တိုက်ခိုက်ပါက အခြေအနေအမျိုးမျိုးပေါ်ပေါက်နိုင်ပေသည်။

မိမိတို့ဘက်မှ အနိုင်ရလျှင် ...

မိမိတို့ဘက်မှ ဆုံးရှုံးလျှင် ...

အနိုင်ရလျှင်တော့ အကြောင်းမဟုတ်၊ ဆုံးရှုံးသွားလျှင် ...မြေတိုက်ခန်းထဲ၌ ကျန်ရစ်ခဲ့သော စန်ချိုယာကလေးသည် ကိုယ်

ကျိုးနည်းနိုင်သည်။

"ဟင်း ... "

သူသည် သက်ပြင်းရှည်ကြီးကို ချလိုက်သည်။ ရင်ခွင် ၌ ပွေ့ပိုက်ထားသော ကလေးငယ်ကို ငုံ့ကြည့်သည်။ ထွန်းညို သည့် မီးတိုင်အောက်တွင် စန်ချိုယာကလေး၏ချစ်စဖွယ်ရာ မျ နှာကလေးကို အကြာကြီးစိုက်ကြည့်နေမိသည်။

ကလေးငယ်သည် လက်ဝါးတစ်ဖက်ကို ဖြန့်လျက် က လက်တစ်ဖက်ကို လက်သီးဆုပ်လျက် အိပ်စက်နေ၏။

"ဟာ ... "

ကျန်းစီးမုံ အံ့အားသင့်သွားသည်။ နှုတ်မှပင် အာမေဋ္ဍိ သံထွက်သွားသည်။ သူဘယ်တုန်းကမျှ သတိမထားမိခဲ့သော ထူ ခြားချက်ကို သတိထားမိလိုက်သောကြောင့်တည်း။ သူသတိမထ မိခဲ့သည်မှာ အမှန်ပင်။

စန်ချိုယာကလေး၏ လက်အနေထားသည် တောင် လယ်သိုင်းကွက်ဆယ့်ကိုးကွက်၏ နောက်ဆုံးအဆင့်သိုင်းကွက် လ အနေအထားပင်တည်း။ ပင်လယ်ခုနစ်စင်း လှိုင်းကွက်ခင်းဟူသ သိုင်းကွက်၏ လက်အနေအထားပင်ဖြစ်သည်။

ကျန်းစီးမုံသည် သေသေချာချာကြည့်မိသည်။ က ငယ်အား ယခင်က ကြည့်ခဲ့ဖူးပါ၏။ သို့သော် ယခုတစ်ကြိမ်လော သေသေချာချာမကြည့်ဖူးခဲ့ချေ။



ကလေးငယ်၏ လက်ချောင်းကလေးများနှင့် လက်ဆစ် ကလေးများပေါ်မှ ထူးခြားသည့် အရေးအကြောင်း အမှတ်အသား များကိုလည်း ပြက်ပြက်ထင်ထင်တွေ့မြင်လိုက်ရသည်။ ထို့ကြောင့် ပင် ကျန်းစီးမုံ ဟာခနဲ အံ့ဩသွားရခြင်းဖြစ်ပါသည်။

ဤအရေးအကြောင်းများသည် အလင်းရောင်ကောင်းစွာ ရရှိနေသည့်အချိန်အခါ၌လည်းကောင်း၊ နေ့အလင်းရောင်၊ မီး အလင်းရောင်အောက်တွင်လည်းကောင်း မည်သို့မျှကြည့်၍ မမြင် ရှုနိုင်ချေ။ ထိုအရေးအကြောင်းများသည် မပေါ်လွင်ဘူးပေ။ သာမန် မှုန်တိမှုန်ဝါးသာ ပေါ်လွင်ခဲ့သည်။

ယခုမြေတိုက်ခန်းထဲ၌ အလင်းရောင်မှုန်တိမှုန်ဝါးအောက် မှာ အရေးအကြောင်း အမှတ်အသားများ ထင်ထင်ရှားရှားဖြစ်နေ ခြင်းမှာ အမှန်ပင်ထူးဆန်း အံ့ဩဖွယ်ရာပင်တည်း။ ထို့ကြောင့် လည်း၊ သူ့ခမျာ အံ့ဩမကုန်အောင်ဖြစ်ခဲ့ရပါတော့သည်။

"ဩ ... ရှေးဟောင်းဒဏ္ဍာရီတွေထဲမှာ တွေ့ရတဲ့ ကမ္ဘာဦး ဟောင်းမီးသိုင်းကွက်ရဲ့ လက္ခဏာတွေပဲဖြစ်ရမယ်၊ ဒီအကြောင်းတွေ ကို သခင်ကြီးပြောဖူးတယ်၊ ရှေးဟောင်းကျမ်းတွေမှာ အရိပ်အမြွက် လောက်ပဲ ဖော်ပြခဲ့ဖူးတယ် ... "

သူသည် လက်ရှိဘဝကို မေ့သွားကာ တစ်ဦးတည်း တွေး ကာ ရေရွတ်နေတော့သည်။ သူသည် သိုင်းကွက်လက္ခဏာများကို ဆက်စပ်၍ မကြည့်တတ်ချေ။

"ဒီကလေးရဲ့ တစ်ကိုယ်လုံးမှာ သိုင်းပညာရဲ့အမြင့်ဆုံး

စက်လက္ခဏာတွေ အပြည့်ပါလာတာကိုး၊ ဒါပေမယ့် ... ဒီသို ကွက်တွေကို ဆက်စပ်တွဲဖက်မကြည့်တတ်တာကတော့ ခက်တ ဘာပဲပြောပြော ဒီကလေးဟာ သိုင်းလောကရဲ့မကိုဋ်ဦးသျှောင်ဖြ မယ့် ကလေးပဲ ... ဒီကလေးကို ဘယ်သူမှမီမှာမဟုတ်ဘူး ...

သို့ရာတွင် သခင်ကြီးတာစင်ကူက သူ၏ရင်သွေးငယ် သိုင်းလောကသို့ လုံးဝအရောက်မခံဟုဆိုသည်။ သခင်ကြီး တ စင်ကူ၌ မည်သည့်အတွေးအခေါ် မြော်မြင်မှုတွေ ရှိနေပါသနည်း

မမြင်ရသော စက်လက္ခဏာများကို ငေးမောကြည့်ရှု သော ကျန်းစီးမုံသည် တစ်ဒင်္ဂအတွင်း ပစ္စုပ္ပန်လောကသို့ ပြန်လည် ရောက်ရှိသွားလေ၏။ အပေါ်ထပ်တွင် အသံဗလံများလည်း တိတ် ဆိတ်ငြိမ်သက်ခဲ့ပြီ။ မြေတိုက်ခန်းတစ်ခုလုံးလည်း တိတ်ဆိတ်ငြိ သက်နေချေပြီ။

မီးတိုင်မှ မီးရောင်လည်း တဖြည်းဖြည်း မှိန်လာချေပြီ စန်ချီယာကလေးကတော့ ကလေးတို့သဘာဝ အပူအပင်ကင်းမဲ့ စွာ အိပ်ပျော်နေဆဲပင်။

ကျန်းစီးမုံသည် ချီတုံချတုံဖြစ်နေဆဲပင်။ **နောက်ဆုံးမြ** ချင်ရာဖြစ်စေတော့ဟု ဆုံးဖြတ်ကာ မြေတိုက်ခန်း၏ကျောက်လှေ ကားထစ်များကို တစ်ထစ်ချင်း နင်းတက်လာခဲ့လေတော့၏။

⋄⋄⋄ ⋄⋄⋄



"ဒီလိုနဲ့ ကျွန်တော်အပေါ်ပြန်ရောက်တော့ ဂေဟာကြီး တစ်ခုလုံးဟာ ပျက်စီးနေပါပြီ၊ ကျွန်တော်တို့ဆီမှာရှိသမျှ ပစ္စည်း တွေကို ဒီကောင်တွေက ဖျက်ဆီးသွားတယ်၊ ကျွန်တော်တို့ အိမ် တော်စောင့်အားလုံးလည်း သေကုန်ကြတယ် ... "

ကျန်းစီးမုံသည် ပြောရင်း ရှိုက်လာသည်၊ အသံသည် တိမ် ဝင်သွားသည်။

"သခင်ကြီးနဲ့ သခင်မကြီးဟာလည်း ... "

အဘိုးအိုချူယွန် သက်ပြင်းချလိုက်လေပြီ။ ဇာတ်သိမ်း မည်လိုပဲဖြစ်မည်ကိုတော့ ခန့်မှန်းမိသည်၊ တကယ်တမ်းဖြစ်လာ မည်ကိုတော့ စိတ်ထဲတွင် နှမြောနေမိသည်၊

ကျန်းစီးမုံက ဆက်ပြောသည်၊

"သခင်ကြီးဟာ စိတ်တင်းထားပုံပဲ ... သူကတော့ မသေ သေးဘူး၊ အသက်ငွေ့ငွေ့လေး ကျန်နေသေးတယ်၊ သခင်ကြီး အသက်ပြင်းတာကတော့ အမှန်ပါပဲ ... သူက ကျွန်တော့်ကို မှာ စရာရှိနေတာတွေ မှာသွားနိုင်ပါတယ် ... ဒါကြောင့် ကျွန်တော် ဆရာကြီးဆီကို ရောက်လာခဲ့ရတာပေါ့ ... "

တကယ်တော့ ချူယွန်သည် တောင်ပင်လယ်တာစင်ကူ၏ အယုံကြည်ရဆုံး၊ အားအထားရဆုံး၊ အခင်မင်ရဆုံးလက်ရင်းလူယုံ တပည့်ယောက်ပင်ဖြစ်သည်။ သခင်ကြီးတာစင်ကူ၌ အားကိုးရ ခင်မင် ရဆုံးဟူ၍ ချူယွန်နှင့် ကျန်းစီးမုံတို့သာ ရှိသည်။

နေပြည်တော်၌ တောင်ပင်လယ်တာစင်ကူ ကျော်ကြား ထင်ရှားနေချိန်တွင် ချူယွန်သည် တာစင်ကူ၏ သွေးသောက်ရဲဘော်တစ်ယောက်ဖြစ်ခဲ့ဖူးသည် မဟုတ်ပါလား။

ထို့ပြင် ဂိုဏ်းတူညီအစ်ကိုနှစ်ယောက်လည်း ဖြစ်ခဲ့ဖူးသည် မဟုတ်ပါလား။

ချူယွန်က သူမသေမချာဖြစ်နေသည့်အချက်ကို မေးလိုက်သည်။

"နေစမ်းပါဦး ... သခင်ကြီးတာစင်ကူကို လုပ်ကြံတဲ့သူဟာ တောင်တန်းနဂါးကျိုတောင်ရယ်လို့ ဘာကြောင့်အတပ်စွပ်စွဲနိုင်ရတာလဲ ... "

ချူယွန်၏ လေသံတွင် မမျှော်မှန်းနိုင်သည့် အရာများကို လှမ်းဆုပ်ဖမ်းကိုင်နေရသည့် သဘောပါနေလေသည်။

"အချက်နှစ်ချက်ရှိပါတယ်၊ ပထမအချက်ကတော့ ... အစဉ်အဆက် သခင်ကြီးရဲ့နေရာကိုလုဖို့ ကြိုးစားနေခဲ့ဖူးပါတယ်၊ သူ့လူတွေကလည်း နေရာတကာ ပျံ့နှံ့နေတာပဲ ... သူ့ဂိုဏ်းသားတွေဟာ စုစုစည်းစည်းနဲ့ သခင်ကြီးရဲ့လုပ်ရပ်တွေကို အနှောင့်အယှက်ပေးကြတယ်၊ နောက်ဆုံး ဘုရင်မင်းမြတ်ကိုတောင် ကုန်းချောခဲ့ဖူးတယ် ... "

ကျန်းစီးမုံက ပြောပြလေ၏။



ထိုအခါ ချူယွန်က ...

"အင်း ... စိတ်ဝင်စားစရာတော့ ကောင်းလာရပါပြီ။ ဆိုစမ်းပါဦး၊ ဒီကောင် ဘယ်လိုနှောင့်ယှက်တယ်ဆိုတာကို ... "

"ဒုတိယအချက်ကတော့ သခင်ကြီးရဲ့သား စန်ချီယာနဲ့ ပတ်သက်နေတယ်လို့ ကျွန်တော်တွက်မိပါတယ်၊ သူဟာ အင်မတန်အကြံကြီးတဲ့လူပါ ... "

"ဘယ်လို အကြံကြီးတာလဲ ... "

"သိုင်းလောကတစ်ခုလုံးကို လွှမ်းမိုးချင်တဲ့ စိတ်ဆန္ဒပါ၊ ဒါတော့ ... စန်ချီယာကလေးကို တစ်နည်းတစ်ဖုံ အသုံးချလိမ့်မယ်လို့ တွက်ယူရတယ် ... "

"မှန်တယ် ... သူဟာ စန်ချီယာကိုတော့ တစ်နည်းတစ်ဖုံ အသုံးချဖို့ အကြံအစည်ရှိမှာတော့ သေချာတယ် ... "

ပွမ်ဟိုမြစ်ထဲမှ လှိုင်းပုတ်သံများ ကြားနေရသည်၊ အပြင်မှ လေကြမ်းများ အတိုက်ရပ်သွားပြီဖြစ်၍ လှိုင်းပုတ်သံများကို ကြားနေရခြင်းဖြစ်သည်။

သို့သော်လည်း ပြင်ပကမ္ဘာမှာ မည်းမှောင်နေသည်။ လရောင်မရှိသဖြင့် အမှောင်သာကြီးစိုးနေသည်။

ကျန်းစီးမုံက အံကြိတ်၍ပြောလိုက်သည်။

"ဒါပေမယ့် ... အံ့ဩစရာကောင်းတဲ့အချက်တစ်ချက်ကတော့ ရှိခဲ့ပါတယ် ဆရာကြီး ... "

"ဟုတ်လား ... ဘာများလဲ ကျွန်းစီးမုံ ... "

"အဟင်း ... "

ကျွန်းစီးမုံသည် နာကြည်းစွာဖြင့် တစ်ချက်ရယ်လိုက်သည်။ သူ့လေသံကို ချူယွန်နားလည်သဘောပေါက်ပါသည်။

"နောက်တစ်နေ့ကျတော့ သခင်ကြီးကို လုပ်ကြံခဲ့တဲ့ လူတွေကို အကုန်လုံးဖမ်းမိခဲ့ပါတယ် ... "

"ဘာ ... ဘယ်လို ... ဘယ်လို ... "

ချူယွန်က အရေးတကြီး မေးမိသည်။

ကျွန်းစီးမုံက ပြောသည်။

"ဓားပြဂိုဏ်းတစ်ဂိုဏ်းပါ ဆရာကြီးချူယွန် ... ထိုင်ယင်းဂိုဏ်းတဲ့၊ ထိုင်ယင်းဂိုဏ်းသားတွေကလည်း သူတို့လက်ချက်ပါလို့ ဝန်ခံခဲ့တယ် ... "

"အားလုံး ဘယ်နှစ်ယောက်လဲ ... ဘယ်နှစ်ယောက်သလဲ ... "

"ဆယ့်တစ်ယောက်ပါ ဆရာကြီး ... သူတို့အားလုံး ဆယ်ရှိသတဲ့ ... ကိုးယောက်က သခင်ကြီးရဲ့ဂေဟာကို တိုက်ခိုက်ရင်း ကျဆုံးကုန်သတဲ့၊ အဲဒီတုန်းက သခင်ကြီးတာစင်ကူကလည်း မီးကုန်ယမ်းကုန် ခုခံပါသတဲ့ ... "

ကျွန်းစီးမုံလေသံက ရှတ်တရက်မာကျောသွားပြီး ...



"ဇာတ်ဖို့ကောင်းတဲ့တစ်ချက်က အဲဒီထိုင်ယင်းဂိုဏ်းသားတွေကို ဖမ်းပေးတာ တောင်တန်းနဂါးကျိုးတောင်တဲ့ ... ကဲ ကောင်းရော ... ဆရာကြီးရယ် ... "

"ဟေ ... "

အဘိုးအိုချူယွန် အံ့ဩသွားရလေပြီ။

"ဒီကိစ္စဟာ တော်ရုံတန်ရုံကိစ္စမှ မဟုတ်တာဘဲ ဆရာကြီးရယ်၊ သူဟာ ဒီကိစ္စကြောင့် နာမည်ကောင်းရသွားပြီး ချောင်ပိုနယ်ဓားကြီးရာထူးကို တိုးမြှင့်ခံလိုက်ရတယ်၊ ဘုရင်မင်းမြတ်ကလည်း သူ့ကို ယုံကြည်မှုရှိသွားတော့ မြင်းကို ချီတပ်ပေးလိုက်သလိုဖြစ်သွားတာပေါ့ ... "

"ဒုက္ခပါပဲလား ... "

သူတို့စကားပြောမဖြစ်ကြဘဲ အတန်ကြာ ငြိမ်သက်သွားကြသည်။

အတန်ကြာမှ ချူယွန်က စပြောသည်။

"မင်းတို့က ဘုရင်မင်းမြတ်ကို အဖြစ်မှန်ကို မတင်ပြဘူးလား၊ ဘုရင်မင်းမြတ်က အဖြစ်မှန်ကို သိမှာပေါ့ ... "

"ကျွန်တော်တို့က ဘယ်လိုတင်ပြရမှာလဲ ... ဘယ်မှာလဲ သက်သေအထောက်အထား၊ သူတို့ဆီမှာက သက်သေတွေတစ်ပုံကြီး။ မိထားတဲ့ဓားပြတွေ ကိုယ်တိုင်က သူတို့သတ်ပါတယ်လို့ ဝန်ခံထားကြတာ ... "

"အင်း ... ဒါလည်း ဟုတ်တာပဲ ... "

"အမှန်တော့ ထိုင်ယင်းဂိုဏ်းသားတွေဟာ သူ့လူတွေ ပါဝဲတမင် ထိုးကျွေးတာ၊ သူ့လူတွေကို တမင်ထိုးကျွေးတာ၊ ကျွန်တော် အင်မတန် ပါးနပ်တယ်ဆိုတာကို ပြောရဦးမယ် ... "

"ဆိုစမ်းပါဦး ... "

"ထိုင်ယင်းဂိုဏ်းရဲ့ အခြေခံစခန်းဟာ ချောင်ပိုနယ်မှာ ဖြစ်တယ်၊ ဒါကြောင့် ဓားပြတွေကို စစ်ဆေးတဲ့အခါမှာ ချောင်ပိုနယ်ကိုခေါ်ပြီး စစ်ဆေးတယ်၊ တရားသူကြီးက အားလုံးကို သေဒဏ်ချလိုက်တယ် ... "

"တရားသူကြီးက ဘယ်သူလဲ ... "

"ဆရာကြီးမှတ်မိမှာပါ၊ ငွေရောင်မျက်လုံး ဆုတာဆိုတဲ့ ပုဂ္ဂိုလ်ကြီးပါ ... "

"မှတ်မိပါတယ် ... ဆုတာဟာ အင်မတန်ဖြောင့်မတ်မှန်ကန်တဲ့ ပုဂ္ဂိုလ်ပဲ ... "

"ဟုတ်တယ် ... ဒါပေမယ့် စီရင်ချက်ချတဲ့နေ့မှာပဲ ဆုတာဟာ တောက်ကာငင်ကာ သေသွားတယ် ... "

"ဟေ ... "

အဘိုးအိုချူယွန်မှာ အာမေဋိတ်သံ ထွက်သွားရပြန်သည်၊ သူသည် ဤအဖြစ်အပျက်ကို နားထောင်နေစဉ်ကာလအတွင်း အာမေဋိတ်သံများသာ ပြုနေခဲ့ရသည်။



"ဘယ်လိုဖြစ်သွားတာလဲကွာ ... "

"အိမ်မှာထမင်းစားရင်း မူးတယ်၊ မူးတယ်ပြောပြီး လဲကျသွားရာက အသက်ပျောက်သွားတာပဲ ... "

ကျန်းစီးမုံက ပြောသည်၊

"နောက်တစ်နေ့မှာ တောင်တန်းနဂါးကျွန်တော်ဟာ ချောင်ပိုနယ်စားကြီးဖြစ်တာပဲ၊ ဘုရင်မင်းမြတ်က ချီးမြှောက်လိုက်တာပေါ့၊ ဟာ ... ဘာပြောကောင်းမလဲ၊ နယ်စားကြီးအသစ်ပြောင်းတဲ့ပွဲဟာ အကြီးအကျယ်ပေါ့ ... "

"ဘယ်လိုကြီးကျယ်တာလဲ ... "

"လုပ်လိုက်တဲ့ ပျော်ပွဲရွှင်ပွဲတွေ၊ သခင်ကြီးတာစင်ကူသေတဲ့ကိစ္စကို မေ့သွားတဲ့အထိ လုပ်ပစ်လိုက်တာပဲ၊ ပြစ်ဒဏ်ခံရတဲ့ အကျဉ်းသားတွေကိုလည်း လွတ်ငြိမ်းချမ်းသာခွင့်ပေးတယ် ... "

"ထိုင်ယင်းဂိုဏ်းသားတွေ လွတ်ကုန်တာပေါ့ ... ဟုတ်လား"

"မှန်တာပေါ့ ခင်ဗျာ ... ထိုင်ယင်းဂိုဏ်းသားတွေလည်း အကျဉ်းသားတွေပဲ ... သူတို့လည်း လွတ်ငြိမ်းချမ်းသာခွင့်ရှိတာပေါ့ ... မဟုတ်ဘူးလား ကျွန်တော်ရဲ့လုပ်ရပ်ကတော့ တကယ့်ကို ပီပြင်ပါပေတယ် ... "

အဘိုးအိုချူယွန်၏ တက်ခေါက်သံသည် ကျယ်လောင်စွာ

ထွက်ပေါ်လာ၏။ အဘိုးအိုချူယွန်သည် လွန်စွာမခံချိ မခံသာဖြစ်သွားရှာသည်။

"ဟင်း ... ကြားရတာ မခံချင်စရာကြီးပါလား၊ ဒါပေမယ့် ... သခင်ကြီးဟာ သူ့သားကို ဒီဖြစ်ရပ်မှန်တွေကို အသိမပေးချင်ရတာလဲ၊ ဘာဖြစ်လို့ ဒီဖြစ်ရပ်မှန်တွေကို ဖုံးကွယ်ချင်ရတာလဲ၊ ဒါကို ကျုပ်တော့ မစဉ်းစားတတ်အောင် ဖြစ်နေရတာပဲ ... "

"ကျွန်တော်လည်း လုံးဝမစဉ်းစားတတ်အောင် ဖြစ်နေရတာပါ ဆရာကြီးရယ် ... "

"သခင်ကြီးတာစင်ကူမှာ ဘာမျှော်မှန်းချက်တွေရှိသလဲတော့ မသိဘူး၊ ဒီဖြစ်ရပ်မှန်တွေကို ဖုံးကွယ်လို့ကတော့ ဘာမျှော်မှန်းချက်မှ မရှိနိုင်ဘူး ... "

အဘိုးအိုချူယွန်က ပြောလိုက်သည်။

ကျန်းစီးမုံက ...

"ဒီဖြစ်ရပ်မှန်တွေကို ဖုံးကွယ်လိုက်တော့ ဘာမျှော်မှန်းချက်မှ မရှိနိုင်ပါဘူး ဆရာကြီးရယ် ... "

"တဲပါလေ ... ဘာပဲဖြစ်ဖြစ် သခင်ကြီးမသေခင်တမှာခဲ့တဲ့ စကားကို တစ်သဝေမတိမ်းလိုက်နာဖို့ပဲရှိပါတယ်၊ ဒါမှ သူ့ကိုသစ္စာစောင့်သိရာ ရောက်မယ်၊ ကျန်တဲ့အပိုင်းတွေကတော့ မလိုပါဘူး ... "



ချူယွန်သည် ထိုအကြောင်းများကို ဆက်လက်ကြားလိုဟန်မတူတော့သည့်ဟန်ဖြင့် ...

"တဲ ... တဲ ... သူငယ်လည်း ခရီးပြင်းနှင်ခဲ့ရတာ ပင်ပန်းလှရောပေါ့၊ အနားယူလိုက်ပေဦး၊ လူငယ်ဆိုတော့ ပင်ပန်းလည်း မထောင်းသာဘူးပေါ့ ... ကျုပ်တို့ လူအိုကြီးတွေအတွက် အနားယူဖို့ဆိုတာ လိုအပ်တယ်၊ တဲ ... ဒီဂူထဲမှာ ကျုပ်တို့နှစ်ယောက် အိပ်ကြတာပေါ့ ... "

"ဟာ ... နေပါစေ၊ ကျွန်တော် အပြင်မှာအိပ်ပါ့မယ်၊ ဆရာကြီးရဲ့မြေးမလေးကိုသာ ခေါ်သိပ်ပါ၊ သူက မိန်းမသား မဟုတ်လား ... "

"ကျင်အီမေကို ပြောတာလား ... "

"ဟုတ်တယ် ... ဆရာကြီးရဲ့မြေးမလေးလေ ... "

"ဩော် ... သူက ကိစ္စမရှိပါဘူး၊ တိုဘက်လိုက်ဂူမှာ သူ့အဖော်တွေနဲ့ သွားအိပ်နေကျပါ၊ လိစွန်းတို့ညီအစ်မနဲ့ အိပ်နေကျပဲ ... "

ငြင်းမရသည့်အဆုံး ကျန်းစီးမုံသည် ဂူထဲ၌အိပ်ရန် သဘောတူလိုက်ရပေတော့သည်။ အဘိုးအိုချူယွန်က မြက်ခြောက်များကို ခင်းပေးသည်။ ထိုမြက်ခြောက်များပေါ်၌ တုံးလုံးလှဲချလိုက်သည်။

အဘိုးအိုချူယွန်က ပြောခဲ့သည်၊ လူငယ်ဆိုတော့ ပင်ပန်း

ခံနိုင်သည်တဲ့။ မဟုတ်ပါ၊ တကယ်မဟုတ်ပါ။ လူငယ်သည်လည်း လူသားပေပဲ၊ သူ့အတိုင်းအတာအထိသာ ခံနိုင်ရည်ရှိပေသည်။ ယခု ကျွန်းစီးမုံလာခဲ့သည့် ခရီးတာမှာ ရှည်လျားလှသည်။ သူပင်ပန်းလှပြီ။ လှဲအိပ်ချလိုက်သည့်ခဏအတွင်းမှာပင် သူအိပ်ပျော်သွားလေတော့သည်။

... ...



## တိုင်ပင်ကြခြင်း

အလင်းတန်းသည် မျက်စိထဲသို့ ထိုးကျနေသည်။ ထိုအခါ ကျွန်းစီးမုံနိုးလာခဲ့သည်။

သူ မည်မျှအိပ်ပျော်ခဲ့သည် မသိ။

နေအတော်မြင့်မှ အိပ်ရာက နိုးသည်။

ကျွန်းစီးမုံသည် အိပ်ရာထဲမှ လူးလဲထလိုက်ပြီး အပြင်သို့ ထွက်လာခဲ့သည်။

ကျွန်းစီးမုံ ပတ်ဝန်းကျင်တစ်ခုလုံးကို ကြည့်ရှုသည်။ ဟွမ်ဂိုမြစ်ကြီး ရေလွှမ်းခံရာဒေသကြီးတစ်ခုလုံးကို ကြည့်မြင်ရသည်။ ကျောက်အစီးများကား ရှင်းရှင်းလင်းလင်းကြီးတွေ့နေရသည်။ မြစ်

ရေပြန်အကျတွင် တင်ကျန်ခဲ့သော နုန်းမြေများကလည်း ဒူးဆစ်မြုပ်သည်။

ဟိုးအဝေးဆီတွင် လှုပ်လှုပ်ရွရွနှင့် လှုပ်ရှားနေသော လူများကို ကြည့်သည်။ သူတို့သည်ကား သဘာဝဘေးရန်က ဖျက်ဆီးသွားသမျှကို လူသားတို့အားမာန်ဖြင့် အသစ်ပြန်လည်တည်ဆောက်ရန် တာစူနေကြသော လူများတည်း။ ဤလူများကား လူသစ်များ မဟုတ်၊ လူဟောင်းများပေတည်း။ မည်သို့ဟောင်းသနည်းဟူမူ လွန်ခဲ့သည့်နှစ်အစိတ် ငါးဆယ်ခန့်က ဤသို့ရေလွှမ်းမိုးမှုကို ခံရဖူးသူများဖြစ်သတည်း။

ထို့ကြောင့် အပျက်အစီးများကို မည်သို့ဖယ်ရှားရမည်၊ တိုးသစ်အိမ်သစ်ကိုမည်သို့ထူထောင်ရမည်ကို အတွေ့အကြုံကောင်းစွာ ရှိကြပေသည်။ သူတို့၏အတွေ့အကြုံသည် သူတို့အား အပြီတမ်းအားပေးနေသည်။ အပျက်အစီးများဖြစ်ပွားတိုင်း ပြန်လည်ထူထောင်ရန် အသင့်ရှိနေကြသည်။

ကျွန်းစီးမုံသည် ဟွမ်ဟိုမြစ်ကြီးဘက်သို့ ကြည့်လိုက်၏။

ဟွမ်ဟိုမြစ်ကြီးကတော့ ပြည့်လျှမ်းနေသည် ရေအလျှံတသွင်သွင်ဖြင့် စီးဆင်းနေဆဲပါတည်း။ မိုးလေကင်းခဲ့ပြီဖြစ်၍ လှိုင်းတံပိုးတို့ မတက်ကြွတော့၊ ဒေါသမာန်တို့မရှိကြတော့။ ငြိမ်းအေးနေပေပြီ။ လှိုင်းကြက်ခွပ်ကလေးများသာ တဖျပ်ဖျပ်ခုန်လျက်ရှိသည်။



ကောင်းကင်ကြီးလည်း ကြည်လင်ပြာလဲ့နေသည်။ စောစောက အပျက်အစီးကြီးမားခဲ့သော ရေကြီးမှုကြီးသည်ပင် မဖြစ်ပွားခဲ့သယောင်ပင်။

ကျွန်းစီးမုံသည် မြစ်ကမ်းဆီသို့ လျှောက်လာခဲ့၏။ မြစ်ရေက သူ့အား လက်ယပ်ခေါ်နေသယောင်ယောင်။ သူသည် ဟွမ်ဟိုမြစ်ကြီးကို ကြည့်လိုက်၏။ မြစ်ကြီးက အေးချမ်းငြိမ်သက်နေ၏။

သူသည် မြစ်အတွင်းသို့ ခုန်ဆင်းလိုက်၏။ ရေကို တစ်ဝကြီး ကူးပစ်လိုက်သည်။ ထိုအခါမှ လူလည်း လန်းဆန်းသွားသည်။ လူရေမချိုးခဲ့ရသည်မှာ ကာလအတန်ကြာခဲ့ပြီ မဟုတ်ပါလား။

ထို့နောက် လိုဏ်ဂူထဲသို့ပြန်လာပြီးနောက် အဝတ်အစားများကို လဲလိုက်သည်။

ထိုအချိန်ထိ အဘိုးတိုချူယွန်တို့မြေးအဘိုးကို မတွေ့သေးချေ။ သူသည် ဝမ်းတကျုတ်ကျုတ်ဖြစ်လာပေပြီ။ ဝမ်းထဲက ဆာလောင်လာကြောင်း အချက်ပေးလေပြီ။ သူသည် မနေ့က ညစာစားရသေးပါကလား။

ထိုအချိန်မှာပင် ပူးနွေးမွှေးပျံ့သည့် ဆန်ပြုတ်နံ့က သူ့နှာညှော်ကို ချူလာလေ၏။ သူက နောက်သို့ဖျတ်ခနဲလှည့် ကြည့်လိုက်မိသည်။

အဖြူရောင်ဝတ်စုံနှင့် မိန်းမပျိုလေးတစ်ယောက်၊ အပေါ်အဖြူ အောက်အဖြူဝတ်ဆင်ထားသည်။

တောက်ပသော နေရောင်ခြည်က မိန်းကလေးပေါ်သို့ ထိုးကျနေသည်။ ထို့ကြောင့် မိန်းကလေးမှာ ဝင်းလက်လင်းပြက်လို့ နေသည်။

ကျွန်းစီးမုံသည် မိန်းမပျိုကလေးအား ကြက်သေသေလျက် ငေးကြည့်မိ၏။ တမေ့တမော ငေးကြည့်မိ၏။

ငေးစရာပင်၊ မိန်းမပျိုလေး၏ အလှသည် ကျွန်းစီးမုံအား ဖမ်းစားသွား၏။ အဖိုးတန်အဝတ်အစားများ ဝတ်စားဆင်ယင်ခြင်း မရှိပါဘဲလျက် ရိုးရိုးစင်းကလေး ဝတ်စားဆင်ယင်ထားသော လှပသည့် မိန်းမပျိုမျိုးကို နေပြည်တော်၌ပင် တွေ့ခဲ့ဖူးသည်မဟုတ်ပါ။

မိန်းမပျိုကလေးက သမင်ပျိုမျက်လုံးနှယ် ရွှန်းလက် ဝင်းစိုသော မျက်လုံးကလေးနှင့် သူ့အား ရဲရဲတင်းတင်းပင် အကဲခတ်နေသည်။ သူမ၏လက်ထဲ၌ အငွေ့တထောင်းထောင်းထနေသည့် ဆန်ပြုတ်ပန်းကန်။

"ကျွန်းစီးမုံဆိုတာ ရှင်လား ... "

မိန်းမပျိုလေးက မေးလိုက်သည်။ အသံကလေးကလည်း ရှပ်ရည်နှင့်လိုက်အောင် ချိုနွဲ့လှသည်။

"ကျွန်းစီးမုံဆိုတာ ရှင်လားရှင် ... "

မိန်းမပျိုကလေးက ဒုတိယအကြိမ်ထပ်မံမေးလိုက်သော အခါမှ ငေးမောနေမိသည့် သူ့အဖြစ်ကို သတိရသွားပြီး သတိပြုဝင်ကာ အရှက်ရမိလေသည်။



ကျွန်းစီးမုံသည် ရှက်ကိုးရှက်တန်းဖြင့် ...

"ဩော် ... ဟုတ်ပါတယ် ... ဟုတ်ပါတယ် ... ညီမက ဘာကိစ္စရှိလို့လဲ ... "

"ကျင်အိမေက မှာထားလို့ပါ၊ ရှင်နိုးလာရင် ဆန်ပြုတ် သွားပေးလိုက်ပါဆိုလို့ ... "

သူမက ဆန်ပြုတ်ပန်းကန်ကို လှမ်းပေးသည်။

ကျွန်းစီးမုံသည် ဆန်ပြုတ်ပန်းကန်ကို လှမ်းယူလိုက်ပြီး

"ကျေးဇူးတင်ပါတယ်ဗျာ ... အခု ကျင်အိမေတို့က ဘယ်မှာလဲ ... "

"မြေးအဘိုးနှစ်ယောက်စလုံး အပျက်အစီးတွေကို သွားရှင်းနေကြပါတယ်၊ ရေဖြန်ကျသွားတာက မကြာသေးတော့ အပျက်အစီးတွေက ရှင်းလို့ကို မကုန်နိုင်အောင် ဖြစ်နေရတယ်၊ ရှင်းလို့ကို မကုန်နိုင်ဘူး ... "

"ဒါထက် ... ညီမက ဘယ်သူလဲ ... "

"ကျွန်မက သူ့ရဲ့သူငယ်ချင်းပါ ... လိစွန်းလို့ ခေါ်ပါတယ်၊ ရှင့်အနေနဲ့ကလည်း လိစွန်းလို့ပဲ ခေါ်နိုင်ပါတယ် ... "

ညက အဘိုးအိုချုယွန်ကပြောခဲ့သည်ကို ပြန်လည်သတိရလိုက်၏။ လိစွန်းတို့ညီအစ်မနဲ့တူတူ သွားအိပ်မည်ပေါ့တဲ့။ ဤသူငယ်မကား လိစွန်းတည်း။

"ဩော် ... ဟိုဘက်ဝူမှာနေတယ်ဆိုတာလား ..."

"ဟုတ်ပါတယ် ... ကျင်အိမေနဲ့ ကျွန်မတို့က ဟိုးတုန်းက လည်း အိမ်နီးနားချင်း ... အခုလည်း ဝူနီးနားချင်း ... ဟင်း ဟင်း ... တစ်ဦးနဲ့ တစ်ဦး ကူညီလို့ကို မဆုံးနိုင်တော့ပါဘူး"

လိစွန်းကပြောရင်း ...

"ဆန်ပြုတ်သောက်လိုက်ဦး ... အေးကုန်လိမ့်မယ်"

ကျန်းစီးမုံ ဆာနေသည်။ ဝမ်းဟာဟာနှင့်မို့ လိစွန်းရှေ့မှာ ပင် မရှက်မကြောက် အဆက်မပြတ် သောက်ချပစ်လိုက်သည်။

"ဝရဲ့လား ... ယူဦးမလား ..."

"တော်ပါပြီ ... အပျက်အစီးတွေကြားထဲက ဒီလောက် ဆန်ပြုတ်ဖြစ်အောင် လုပ်နိုင်တာပဲ အတော် တော်လှပါပြီ။ ဆန် ပြုတ်က တကယ်လည်း ကောင်းပါတယ် ..."

"ရှင်ကသာ တကယ်ကောင်းနေတာ၊ ဘာအသားမှပါတ မဟုတ်ဘူး ... ဆန်ချည်း ပြုတ်ထားတာ၊ ရှင်ဆာနေလို့ အရသာ တယ် ထင်နေတာပါ ..."

လိစွန်းသည် ကျောက်စွန်းတစ်ခုပေါ် ခုန်တက်လိုက်၏

"လူတွေအားလုံးလိုလို ဒုက္ခရောက်နေကြတော့ ရိက္ခာ ပါ ပြတ်ကုန်တာပေါ့၊ ခုလို ဆန်ပြုတ်သောက်ရတာ ရှင်ကံကော လွန်းလို့ အောက်မေ့ပါရှင်၊ တချို့လူတွေဆိုရင် သစ်ဥသစ်ဖု



တူးပြီးစားနေရတယ် ... သစ်ဥသစ်ဖုတွေ တူးရတာလည်း လွယ် တာမဟုတ်ဘူး၊ ရေလွှမ်းထားတော့ သစ်ဥသစ်ဖုတွေကို တူးရတာ အင်မတန်ခက်ခဲတယ် ..."

လိစွန်း၏စကားကြောင့် ကျန်းစီးမုံမှာ စိတ်ထိခိုက်သွားမိ သည်။ လိစွန်းပြောသည်မှာ စကားကုန်ပင်။ ထို့ထက်ပို၍ ပြောစရာ မရှိတော့။

"နယ်စားကြီးဆီကရော အကူအညီမရဘူးလား ..."

ထိုဒေသတွင် ကျွမ်းနယ်စားကြီးအုပ်ချုပ်နေသည်ကို ကျန်း စီးမုံသိသည်။ ကျွမ်းနယ်စားကြီးက စားရေးသောက်ရေးများကို တာ ဝန်ယူပါသလော၊ တကယ်တော့ ကျွမ်းနယ်စားကြီး၏ တာဝန်သာ ဖြစ်သည်။

"ကူညီတော့ ကူညီပါတယ် ... ဒါပေမယ့် ဒုက္ခသည်တွေ က မြင်တဲ့အတိုင်းပဲ၊ ဟွမ်ဟိုမြစ်ဝှမ်းကြီးက အကျယ်ကြီးပဲ၊ အဲဒီ လောက်လူတွေကရှိနေတယ်။ သူ့အကူအညီက ဆင့်ပါးစပ် နှမ်းပက် သလို ရှိနေတာပေါ့ ..."

လိစွန်းက ပြောသည်။

ကျန်းစီးမုံက ...

"အင်း ... ကျွန်တော်လည်း တတ်နိုင်သလောက် ကူညီ ပါဦးမယ်။ လောလောဆယ်တော့ ကျွန်တော်ကိုယ်တိုင်က အဝတ်

တစ်ထည် ကိုယ်တစ်ခုနဲ့ပဲ ... ဒါပေမယ့် ကျွန်တော် နယ်ပြန်ရောက်ရင် ... "

"ရှင်က မင်းမှူထမ်းလား ... "

"မဟုတ်ရပါဘူး ... ဒါပေမယ့် သက်ဆိုင်ရာအကြီးအကဲတွေကို ကျွန်တော် တော်တော်သိပါတယ်၊ နောက်ဆုံး ဘုရင်မင်းမြတ်ဆီတောင် ဝင်လို့ရပါတယ်၊ ကျွန်တော်ပြောမယ်ဆိုရင် ... အားလုံးသိသွားပြီး အကူအညီရနိုင်ပါတယ် ... "

ကျွန်းစီးမုံ၏ စိတ်ကူးမှာ မိမိလျှို့ဝှက်သယ်ဆောင်လာသော ငွေကြေးဖြင့် ရိက္ခာဝယ်၍ ထောက်ပံ့ရန်ဖြစ်သည်။

"ဒါထက် ... ညီမလိစွန်းနဲ့ ကျင်အိမေတို့လည်း တော်တော် ခင်မင်ကြတယ်နဲ့တူတယ် ... "

"ဟုတ်ပါတယ် ... ခင်မင်ပါတယ်၊ ညီမအရင်းတွေလိုပါပဲ ... "

"ကျင်အိမေက သိုင်းပညာတော်တော်ထက်တယ်နဲ့တူတယ်၊ ညကတောင် ကျွန်တော့်ကို အရိပ်အမြွက်ပြောခဲ့သေးတယ်၊ တော်ရုံတန်ရုံနဲ့ ဒီစကားမျိုးကို မပြောပါဘူး ... "

ကျွန်းစီးမုံက ကျင်အိမေ၏ အနေအထားကို သိလိုသဖြင့် စကားအောက်လိုက်၏။

"ဟုတ်တယ် ... သူကတော့ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်းပဲ၊ ယောက်ျားလေးတစ်ယောက်လိုပါပဲ ... ပြီးတော့ ... "



လိစွန်းမှာ ပြောသင့်မပြောသင့် ခေတ္တမျှ ဆိုင်းငံ့လိုက်၏။ ထို့နောက် ဆတ်ခနဲ ပြုံးလိုက်ပြီး ဆက်ပြောသည်။

"သူက ရုပ်ကလည်း ခပ်ဆိုးဆိုးဆိုတော့ ... လူတွေက သူ့ကို စိတ်မဝင်စားကြဘူးလေ ... ဒီတော့ သူ့မှာက အထီးကျန်ဖြစ်ဖို့ အကြောင်းက များတယ်။ ဒါကြောင့် ... သိုင်းပညာကို သူသိပ်စိတ်ဝင်စားတယ်၊ သိုင်းပညာကို သိပ်လိုက်စားတော့ တခြားအာရုံတွေ မဝင်စားတော့ဘူးပေါ့ ... "

"သူက ဒီလောက်တောင် အရုပ်ဆိုးလို့လား ... "

"ဟင်း ... ဒီလောက်တောင် အရုပ်ဆိုးလို့လားတဲ့၊ ရှင်ကိုယ်တိုင် တွေ့ရပါလိမ့်မယ် ... "

လိစွန်းက ပြောရင်း သတိရဟန်ဖြင့် ...

"ရှင် သူ့ကိုမမြင်ဖူးသေးဘူးပေါ့ ဟုတ်လား၊ ရှင်နဲ့ မနေ့က တွေ့တယ်ဆို ... "

"မတွေ့ပါဘူးဗျာ၊ သူနဲ့ ကျွန်တော်နဲ့ အမှောင်ထဲမှာပဲ စကားပြောကြတာ ... အမှောင်ထဲမှာပဲ လမ်းလျှောက်ထွက်ခဲ့ကြတာ ... ဒီတော့ သူ့ကိုဘယ်မြင်ဖူးပါ့မလဲ ... "

"ရှင်က သူ့ညှိသည်ဆို ... "

"ဟုတ်ပါတယ် ... "

"လူချင်းမတွေ့ဖူးဘဲနဲ့ ဘယ်လိုညှိသည်ဖြစ်ရတာတုန်း"

"ဒီလိုပါ ... သူ့အဘိုးနဲ့ ကျုပ်မိဘတွေက မိတ်ဟောင်း ဆွေဟောင်းတွေပါ၊ သူတို့က ပြောပြထားလို့ သူတို့မြေးအဘိုးကို သိနေတာပါ ... ဒါကြောင့်လည်း ဒီဒေသကို ဝင်လာနိုင်ခဲ့တာပါ"

"ရှင်က မြင်းတစ်စီးနဲ့ ဘာလျှောက်လုပ်နေတာလဲ ... "

လိစ္စန်းသည် စပ်စုလွန်းသည်၊ ထို့ကြောင့် ကျန်းစီးမုံက လည်း အဆင်ပြေအောင် ပြောနေရသည်။ ပထမ၌ကုန်သည်ပြော မည်ဟုကြံပြီးမှ ကုန်သည်ရုပ်မပေါက်သည်ကို သတိထားမိသဖြင့် ပြောမိပြောရာ ပြောချလိုက်ရသည်။

"ကျုပ်က နယ်လှည့်မျက်လှည့်ဆရာပါ ... "

"မျက်လှည့်ဆရာ ဟုတ်လား ... "

"ဟုတ်ပါတယ် ... ဒီလိုပဲ တစ်နယ်ဝင် တစ်နယ်ထွက်နဲ့ မြင်းတစ်စီးနဲ့ လျှောက်လှည့်ပြီး မျက်လှည့်ပြနေရတာပါ ... "

လိစ္စန်းသည် ကျန်းစီးမုံကို အသေအချာကြည့်လိုက်၏၊

"ဪ ... ရှင်က နယ်လှည့်မျက်လှည့်ဆရာကိုး ... "

"မင်းက မယုံလို့လား ... "

"ယုံပါတယ် ... "

လိစ္စန်းသည် ကျန်းစီးမုံကို ကြည့်နေရာမှ ခပ်လှမ်းလှမ်း သို့ လှမ်းကြည့်လိုက်သည်၊

"ဟော ... ဟိုမှာ အဘိုးအိုရှုပေနဲ့ ကျင်အိမေတို့တော ပြန်လာကြပြီ ... "



လိစ္စန်းက ပြောလိုက်သဖြင့် ကျန်းစီးမုံလှမ်းကြည့်လိုက် ရသည်၊

ရှေ့မှလျှောက်လာသူကား အဘိုးအိုရှုပေဟု အမည် ပြောင်းထားသည့် အဘိုးအိုချူယွန်ဖြစ်ရမည်။ သူကိုယ်သူ အဘိုးအို ကြီးဖြစ်နေပြီဟု ပြောသော်လည်း ချူယွန်သည် ကြံ့ခိုင်တောင့်တင်း ဆဲဖြစ်သည်၊ လူ့ဘဝသက်တမ်းကို အတော်ကြီးလျှောက်လှမ်းနိုင် မည်မှန်း မြင်ရုံနှင့် သိသာသည်။ သူ့ခြေလှမ်းများက ပေါ့ပါးလှ သည်၊ လူငယ်တစ်ယောက်အလား ပေါ့ပါး၍နေပေသည်၊

နောက်မှလိုက်လာသူမှာ ကျင်အိမေမှလွဲ၍ တခြားသူ မဖြစ်နိုင်ပါချေ။ လိစ္စန်းက ...

"ဟော ... ဟိုမှာ အဘိုးအိုရှုပေနဲ့ ကျင်အိမေတို့တောင် ပြန်လာကြပြီ ... "

ဟု ပြောခဲ့သည်မဟုတ်ပါလား။ လိစ္စန်းပြောသည်မှာ မှန် သည်၊ ကျင်အိမေ၏ဟန်ပန်သည် ယောကျ်ားတစ်ယောက်နှယ်ဖြစ် နေသည်။

ရုပ်ရည်ကလည်း အကျည်းတန်လှပါသည်။ လူက ပုကွကွ ခြေကလည်း အနည်းငယ်ခွင်နေသေးသည်၊ မျက်နှာကလည်း ကျောက်ပေါက်မာအပြည့်နှင့်၊ နဖူးမောက်မောက်၊ နှာရောင် ကောက်ကောက်၊ နှုတ်ခမ်းတွဲတွဲနှင့် ရုပ်ဆိုးလှသည်။

"တဲ ... ရှင်နဲ့ အဘိုးရွှေပေ ပြောစရာရှိတာ ပြောကြဦး၊ ကျွန်မက ကျင်အိမေကိုခေါ်ပြီး စားဖို့သောက်ဖို့ ပြင်ဆင်လိုက်ဦးမယ်၊ ကျင်အိမေက ကျွန်မတို့လိုက်ဂူထဲမှာနေဖော ... "

လီစွန်းသည် ဆန်ပြုတ်ပန်းကန်ကို လှမ်းယူလိုက်သည်၊ လှမ်းယူပြီး ထွက်ခွာသွားတော့သည်။ ကျင်အိမေရှိရာသို့ ...

သည်တော့မှ ကျန်းစီးမုံမှာလည်း အဘိုးတိုချူယွန်နှင့် အသေးစိတ် အချက်အလက်များကို တိုင်ပင်ဆွေးနွေးရမည်ကို သတိရလိုက်တော့သည်။ သူသည် အဘိုးတိုချူယွန်ကို စောင့်ကြည့်လိုက်တော့သည်။

... ❦ ...



## သူ့အစီအစဉ်

အဘိုးတိုချူယွန်နှင့် ကျန်းစီးမုံတို့သည် စန်ချီယာကလေးအား ခေါ်ယူမွေးစားရေးအတွက် ခေါင်းချင်းရိုက်တိုင်ပင်ကြသည်။

တိုင်ပင်သည့်နေရာမှာ အဘိုးတိုချူယွန်၏လိုက်ဂူတွင်ပင် ဖြစ်ပါသည်။

တိုင်ပင်ရာတွင် အခြားသူများအား လုံးဝအသိပေးရန် မဖြစ်နိုင်သဖြင့် နှစ်ကိုယ်ကြားတိုင်ပင်ကြရသည်။ နှစ်နားကြားသာ တိုင်ပင်ကြရသည်။

လျှို့ဝှက်သောကိစ္စဖြစ်သဖြင့် အထူးလျှို့ဝှက်ကြရသည်။ ဘယ်သူမှ ရှိမနေနိုင်ပါဘူး ဟူသောအသိကို ဘေးဖယ်ထားပြီး လူရှိနေသည်ဟူသော အနေအထားမျိုးဖြင့် တိုင်ပင်ကြရသည်။

ထိုကိစ္စသည် သူတို့၏ အသက်မက အရေးကြီးသောကိစ္စဖြစ်ပါသည်။

လုံးဝပေါက်ကြား၍ မဖြစ်ပါ။

ပေါက်ကြားသည်နှင့် စန်ချီယာတလေး ဘေးအန္တရာယ်ကျရောက်မည်ဖြစ်ပါသည်။

မမြင်ရသောရန်သူများသည် ယခု၌ပင် သူတို့ပတ်လည်၌ရောက်နေခဲ့ပြီ မဟုတ်ပါလား။

အမြော်အမြင်ကြီးလှသော တာစင်ကူသည် စန်ချီယာတလေးအား ရန်သူအား ခြေရာမကောက်မိစေရန် ဤမျှဝေးလံသော နေရာဒေသသို့ ခြေရာဖျောက်စေသည်တကား။

ယခုအချိန်တွင် အဘိုးအိုချူယွန်၏သတင်းသည် လုံးဝတိမ်မြုပ်နေပေပြီ။

အဘိုးအိုချူယွန်ဟူ၍ လူသူမသိတော့ပေ။ နေပြည်တော်နှင့် သိုင်းလောကတစ်ခုလုံးသည် အဘိုးအိုချူယွန်အား မေ့ပျောက်သွားကြပြီဖြစ်ပါသည်။

အဘိုးအိုချူယွန်အစား အဘိုးအိုရှူပေသည်သာ ပေါက်ရောက်ခဲ့ပြီဖြစ်ပါသည်။

အဘိုးအိုချူယွန်ကို လူမသိကြတော့။ အဘိုးအိုရှူပေကိုသာ လူသိကြပေပြီ။



ဟွမ်ပဲ့မြစ်ကမ်းပါး၌နေထိုင်သော အဘိုးအိုရှူပေဟူ၍သာ လူသူသိကြပေပြီ။

ထို့ကြောင့် မည်သူကမျှ အဘိုးအိုချူယွန်နှင့် စန်ချီယာကလေးအား ဆက်စပ်တွေးတောကြမည် မဟုတ်ပါ။

ဤဒေသတွင် ချူယွန်အမည်ကြားဖူးသူ တစ်ယောက်မျှမရှိသဖြင့် အလွန့်အလွန် ဟန်ကျနေပါသည်။

ကျန်းစီးမုံက တီးတိုးပြောသည်။

"အခု ... ကျွန်တော်တို့အနေနဲ့ အရင်ကထက်ပိုပြီး သိုသိုသိပ်သိပ်နေဖို့လိုလာပြီ ... ပိုပြီးခြေရာဖျောက်ဖို့ လိုလာပြီ"

ကျန်းစီးမုံ၏အသံက ပို၍တိုးသွားသည်။

"စန်ချီယာတလေးရောက်လာတာနဲ့ ပတ်ဝန်းကျင်က ဆရာကြီးတို့ကို ပိုပြီးအာရုံစိုက်လာကြတော့မယ်၊ ပိုပြီးစပ်စုလာကြတော့မယ်၊ ဒီတော့ နောက်တစ်နေရာကို ထပ်ပြီးပြောင်းရွှေ့ဖို့ လိုလာပြီလို့ ကျွန်တော်ထင်ပါတယ် ... "

အဘိုးအိုချူယွန်က ...

"ဟုတ်တယ် ... ကျုပ်လည်း အဲဒါကိုစဉ်းစားနေတာပဲ ပြောင်းရွှေ့ဖို့လိုလာပြီလို့ ယူဆထားတယ် ... "

ကျန်းစီးမုံက သေချာပေါက်ပြောသဖြင့် ချူယွန်အုံ့အားသင့်သွားသည်။

"ဆရာကြီးတို့ပြောင်းရွှေ့ဖို့ နေရာကိုလည်း ... ကျွန်တော် စီစဉ်ထားပြီးပါပြီ ... "

"ဟင် ... ဟုတ်လား၊ ဘယ်ကိုပြောင်းရမှာလဲ၊ မင်းအစီအစဉ်က တယ်မြန်လိုက်ပါလား ... "

"ဆရာကြီးဟွားနယ်ကို ရောက်ဖူးပါသလား ... "

"ဟင့်အင်း ... မရောက်ဖူးဘူး ... ကြားတော့ ကြားဖူးတယ်၊ ဒီမြစ်ကြီးရဲ့ ဟိုဘက်ကမ်းမှာ မဟုတ်လား ... "

"ဟုတ်ပါတယ် ... ဒီမြစ်ကြီးရဲ့ဟိုဘက်ကမ်းမှာပါ၊အဲဒီမှာ အင်မတန်ချောင်ကျတဲ့ရွာကလေးတစ်ရွာ ရှိပါတယ်၊ ပေယူးရွာတဲ့ ... "

"အဲဒီရွာကို ပြောင်းရမှာလား ... "

"မှန်ပါတယ် ... အဲဒီ ပေယူးရွာက ချောင်ကျပါတယ်၊ ဒါပေမယ့် စားရေရိက္ခာပေါပါတယ်၊ လူသန့်တယ်၊ ရိုးသားဖြူစင်ကြတယ်၊ ကိုယ့်ကိစ္စမဟုတ်ရင် မစပ်စုကြဘူး။ အဓိကအချက်ကတော့ ... အဲဒါပါပဲ။ ကိုယ့်ကိစ္စမဟုတ်ရင် မစပ်စုကြတဲ့နေရာကို ရှာရတာပါပဲ ... စန်းချိုယာကလေးအတွက်က စပ်စုမယ့်လူမျိုး မလိုဘူး မဟုတ်လား ... "

"ကောင်းတယ် ... ဒါဆိုရင် အဲဒီရွာကိုပဲ ပြောင်းကြတာပေါ့ ... ဘယ်တော့ ပြောင်းရမလဲ ... "



ချူယွန်သည် သစ္စာတရားကို ဦးထိပ်ထားသူဖြစ်သည်။ နေထိုင်ရာအရပ်ကို သံသယဇဥ်မထားပေ။ သံသယဇဥ်ရှိလျှင်လည်း ထိုသံသယဇဥ်ကို ဖြတ်တောက်ပစ်ရပေမည်။ ထို့ကြောင့် စန်းချိုယာကလေးအတွက် နေရာပြောင်းရမည်ဆိုသောအခါ၌ ဝန်မလေးခြင်းဖြစ်သည်။ အချိန်မရွေး နေရာပြောင်းရန်အဆင်သင့်ဖြစ်နေပေသည်။

ကျွန်းစီးမုံသည် ခေတ္တမျှ စဉ်းစားလိုက်ပြီး ...

"ဒီလိုလုပ် ... နက်ဖြန် ကျွန်တော်ပြန်မယ်၊ ကျွန်တော်ရောက်လာတာဟာ ဆရာကြီးတို့အတွက် ဘာမှမထူးဘူးဆိုတဲ့အနေနဲ့ ဆယ့်လေးငါးရက်လောက် ဒီမှာပဲ ဣန္ဒြေရရ ဆက်နေပါ။ နောက်မှ ဒီမှာအဖျက်အစီးတွေများပြားလို့ ရေကြည်ရာ မြက်နုရာဒေသသစ်ရှာမယ်ဆိုပြီး ထွက်ခဲ့ပါ ... အဲဒါဆိုရင် ဒီကလူတွေက ဆရာကြီးတို့ကို သတိပြုမိမှာ မဟုတ်ဘူး ... "

"ဒီကလူတွေက သူတို့အလုပ်နဲ့သူတို့ ရှုပ်နေကြတာ ... ဘယ်သူ့ကိုမှ ဂရုမစိုက်နိုင်ဘူး။ ကျုပ်တို့ပြောင်းသွားလည်း အတိုးကိုရှုပေတော့ ပြောင်းသွားပြီဆိုတာလောက်ပဲ သတိပြုမိကြမယ်၊ ဒါပေမယ့် ... မင်းပြောတဲ့အတိုင်း ဆက်နေလိုက်ပါ့မယ်၊ ပိုကောင်းတာပေါ့ ... "

"ဒီထက်ပိုကောင်းတာက ဆရာကြီးပြောင်းတဲ့အခါမှာ ..."

ကွန်ရှန်နယ်ဘက်ကို ပြောင်းတယ်လို့ သတင်းလွှင့်လိုက်ပေါ့ ... ကွန်ရှန်နယ်ဘက်ဆိုတော့ ခြေရာလုံးဝပျောက်သွားတာပေါ့"

"ဟား ... ဟား ... ဟား ... မောင်ရင်ကောင်းတယ်ထင်သလိုသာ ပြောပါ ... ကျုပ်တို့ လိုက်လုပ်ပါ့မယ်၊ ဒီကလူတွေကတော့ ယားလို့တောင် မကုပ်အားပါဘူး ... ကွန်ရှန်နယ်ဘက်ပြောင်းတယ်ဆိုရင်လည်း သူတို့စိတ်ဝင်စားကြမှာ မဟုတ်ပါဘူး"

"ဘာပဲဖြစ်ဖြစ် ... ကြိုတင်ကာကွယ်မှုဟာ မှားတယ်မရှိနိုင်ပါဘူး ... "

"ဟုတ်တယ် ... မှားတယ် မရှိနိုင်ပါဘူး၊ ကွန်ရှန်နယ်ဆိုတာ မြစ်ညှာပိုင်းက နယ်ပေါ့ ... "

"ဟုတ်တယ် ... ဆရာကြီးတို့ ခရီးထွက်တဲ့အခါမှာ တကယ့်ကွန်ရှန်နယ်ဘက်ကို ခရီးထွက်ခဲ့ကြတာပေါ့ ... ဒါပေမယ့် နယ်စပ်လမ်းခွဲရောက်တဲ့အခါကျတော့မှ ဘယ်ဘက်ကိုချိုးပြီး လမ်းပြောင်းပါ ... ပေယူးနယ်ဘက်ကို ဆက်ထွက်ခဲ့ပါ ... "

"ကျုပ်သဘောပေါက်ပါပြီ ... ကြိုတင်ကာကွယ်ရေးပေါ့ ဟုတ်လား၊ အဲဒီမှာ မြစ်တစ်ဖက်ကမ်းကိုကူးပြီး ဟွားနယ်ထဲကို ဝင်ရမယ်ပေါ့ ဟုတ်လား ... "

"မှန်ပါတယ် ဆရာကြီး ... "

ချူယွန်သည် အသက်ငယ်သော်လည်း လွန်စွာသေချာ



စေ့စပ်သည့် ကျန်းစီးမုံကိုကြိုက်၍ ချီးကျူးမိသည်။ ယခုလုပ်ရပ်မှာ အပိုဖြစ်သည်ဟု ထင်ရသော်လည်း တကယ်တော့ အပိုမဟုတ်ချေ။ စန်ချီယာကလေးကိုတကယ်လိုက်ပြီဆိုလျှင် ထိုလမ်းကြောင်းအတိုင်း လိုက်မည်ဖြစ်ရာ ယခုကတည်းက ကြိုတင်ခြေရာဖျောက်ထားမှ တော်ကာကျပေလိမ့်မည်။ ကျန်းစီးမုံသည် အလွန်သေချာစေ့စပ်သည်။

ကျန်းစီးမုံက သူ့အစီအစဉ်များကို ဆက်၍ပြောလေ၏။

"အခု ခြောက်လပိုင်းမဟုတ်လား ... ဆရာကြီးတို့ ပေယူးရွာမှာ တစ်လလောက်တော့ ခိုနေရမယ်၊ ရှစ်လပိုင်း ဆယ်ရက်နေ့မှာ ဆရာကြီးတို့ဆီကို ကျွန်တော်အရောက်လာခဲ့မယ် ... "

"စန်ချီယာကလေးကိုပါ အပါခေါ်လာခဲ့မယ်ပေါ့ ... "

"ဟုတ်ကဲ့ ... စန်ချီယာကလေးပါလာမယ်၊ သူပါလာတဲ့အခါကျတော့မှ တစ်နေရာကို ထပ်ရွှေ့ကြတာပေါ့ ... "

"ဟုတ်ပြီ ... ကျုပ်နားလည်ပါပြီ ... "

"ပေယူးရွာမှာ ထိုက်သင့်သလောက်နေပြီးရင် ရွာတွေမှာ မနေတော့ဘူး၊ မြို့ကိုတက်ရလိမ့်မယ် ... ဒါမှလည်း သခင်ကြီးမှာထားတဲ့ဆန္ဒ ပြည့်ဝလိမ့်မယ် ... "

ကျန်းစီးမုံသည် ကလေးအတွက် သေသေချာချာ အစီအစဉ် ရေးဆွဲထားပုံရသည်။ မြို့တက်မည့် အစီအစဉ်ကိုတော့ အဘိုးအိုချူယွန် မသိရသေးပေ။

ထို့ကြောင့် ချူလွန်က မျက်ခုံးပင့်၍ ကြည့်လိုက်၏။

ကျွန်းစီးမုံက သိနားလည်စွာ ဆက်လက်ရှင်းပြသည်။

"သခင်ကြီးက သူ့သားကို စာပေပညာရှင်တစ်ယောက်ဖြစ်စေချင်တယ် ... "

"ဪ ... ဒါကြောင့် မြို့တက်မယ်လို့ ပြောတာကိုး"

"ဟုတ်ပါတယ် ... စာပေအနုပညာကို မြို့တက်ပြီး လိုက်စားနိုင်းရမယ်၊ မြို့မှာမှ အဆင်ပြေမှာမဟုတ်လား ... စာပေအနုပညာထဲ နစ်မြုပ်သွားရင် သိုင်းလောကကို စိတ်ဝင်စားတော့မှာမဟုတ်တော့ပါဘူး ... "

"သခင်ကြီးဆန္ဒပြည့်ဝအောင် ကျုပ်တို့ဆောင်ရွက်ပေးရမှာပေါ့ ... သခင်ကြီးဟာ ကျုပ်ရဲ့ဂိုဏ်းတူအစ်ကိုကြီးလည်း ဖြစ်ပါတယ် ... အသက်ထက်ဆုံး သူ့ဆန္ဒပြည့်ဝအောင် ဆောင်ရွက်ပေးဖို့ ကျုပ်သန္နိဋ္ဌာန်ချထားပါတယ် ... ဒါဆိုရင် ဘယ်မြို့မှာနေမလဲ ... "

ကျွန်းစီးမုံက စဉ်းစဉ်းစားစားပြော၏။

"သိပ်ကြီးကျယ်တဲ့မြို့မှာလဲ နေလို့မဖြစ်ဘူး ... "

"ဘာဖြစ်လို့လဲ ... "

"ရန်သူတွေ ခြေချင်းလိမ်နေမယ် ... "

"ဒါတော့ ဟုတ်တယ် ... "



"ဒီတော့ ပညာရေးကို ဖြည့်ဆည်းပေးနိုင်တဲ့ ပါချင်နယ်ထဲက စန်ဂျင်မြို့ကလေးကို ရွေးချယ်တာ ကောင်းတယ် ... "

"ကောင်းတယ် ... အဲဒီမှာ ကျောင်းတွေအများကြီးရှိတယ် ... ပညာသင်ကြားရေးကို ဂရုစိုက်တဲ့ မြို့ကလေးဆိုတော့ သိုင်းလောကသားတွေလည်း အဝင်အထွက်သိပ်မရှိဘူး၊ ရန်သူ့တက်တော်သားတွေလည်း မျက်စိမှောက်နေနိုင်တယ် ... စာပေပညာရှင်တွေပေါတာက သိုင်းလောကနဲ့ ကင်းဝေးအောင် တမင်လမ်းဖျောက်ထားသလိုဖြစ်နေတယ် ... ကွန်မြူးရှပ်စ်စာသင်ကျောင်းလည်း ရှိတယ် ... စန်ဂျင်မြို့ဟာ ကောင်းပါတယ်၊ ကျုပ်သဘောကျတယ် ... "

ထိုခေတ်အခါက စန်ဂျင်မြို့သားဟုဆိုသည်နှင့် ပညာတတ်ဟု သိထားကြသည်။

သိုင်းလောကနှင့် လုံးဝမအပ်စပ်သည့်မြို့ဖြစ်ပေသည်။

"ကဲ ... ကျွန်တော့်အစီအစဉ်ကတော့ ဒီလောက်ပါပဲ၊ ဆရာကြီး ဘယ်လိုသဘောရပါသလဲ ... ပြုပြင်စရာရှိရင်လည်း ပြောပါ ... "

"အို ... အစီအစဉ်က ရေပက်မဝင်အောင် ကောင်းနေတာပဲ ... ဟာကွက်ရှိတယ်လို့ ကျုပ်မထင်ဘူး၊ အစစအရာရာကြိုတင်ကာကွယ်ထားတာပဲ၊ ကောင်းတယ် ... အစီအစဉ်က

ကောင်းပါတယ်၊ ကျုပ် ဘာမှပြင်ဆင်စရာမရှိပါဘူး ... "

"ဒါဆိုရင် ... နက်ဖြန် ကျွန်တော်ပြန်မယ်၊ ကလေး အတွက် ကျောက်သံပတ္တမြားတွေကတော့ အထုပ်အထည်နဲ့ ရှိပါ တယ် ... အဲဒါကိုလည်း ဆရာကြီးတို့ပဲ ထိန်းသိမ်းထားရမှာပဲ"

"ဒါပေါ့ ... ထိန်းသိမ်းရမှာပေါ့ ... "

"ဒါဆို ... ပြောစရာမရှိတော့ဘူး ... ပြီးပြီ"

"ကောင်းပါပြီ ... ကျုပ်တို့လည်း ပြင်ဆင်စရာရှိတာ ပြင်ဆင်ထားရမှာပေါ့ ... အင်း ... ဒါပေမယ့် ... "

အဘိုးအိုချူယွန်သည် ပြောစကားကို ရပ်လိုက်သည်၊

"ဘာလဲ ဆရာကြီး ... "

ချူယွန်က တော်တော်နှင့် မဖြေပါ။

သူ့မျက်လုံးများကတော့ အဝေးတစ်နေရာကို မျှော်မှန်းနေ သည့်အလား။

အတန်ကြာတော့မှ ခေါင်းကို ဖြည်းညင်းစွာ ယမ်း၍ သက် ပြင်းချလိုက်သည်။

ထို့နောက် လေးကန်စွာ ပြောလိုက်လေ၏။

"အင်း ... သခင်ကြီး ... သခင်ကြီး ... ဘာအမိပ္ပါယ် များ စန်ချိယာကလေးကို စာပေပညာရှင်ဖြစ်စေချင်ရတာလဲ မ ဘူး ... အင်မတန် နှမြောစရာကောင်းလိုက်တာ ... စန်ချိယ



ကလေးဟာ သိုင်းပညာသင်မယ်ဆိုရင် အနှစ်တစ်ထောင်ကြာ လို့ တစ်ယောက်မပေါ်ပေါက်နိုင်ပါဘူး ... အင်း သူဟာ ပါရမီ ရှင်တစ်ယောက် ဖြစ်လာမှာပါပဲ ... "

ချူယွန်သည် ခေါင်းတယမ်းယမ်းနှင့် ပြောကြားနေလေ တော့၏။

### ဝေးပေါ့ ဝေးပေါ့

နေရောင်ခြည်သည် တစ်လောကလုံးအား နိုးထစေခဲ့လေ ပြီ။

နံနက်ခင်း၏ လေညင်းလေပြည်ကလေးများသည် လန် ဆန်းနုပျိုစေပေသည်။

ဟွမ်ဟိုမြစ်ဝှမ်းရှိ လူအပေါင်းအား တအားသစ်စေရ လေညင်းလေပြည်များက အားပေးလျက်ရှိနေသည်။

ကျန်းစီးမုံကား မြင်းတစ်စီးဖြင့် ခရီးတစ်ကျော့ ပြန်ရ တော့သည်။

သူသည် အဘိုးအိုချူယွန်အား နှုတ်ဆက်ပြီးသည်နှင့် ဟွ ဟိုမြစ်ကြောင်းတစ်လျှောက် မြင်းကိုနှင်ခဲ့သည်။



ဟွမ်ဟိုမြစ်ဝှမ်းသားတို့၏ ဒုက္ခအတိုင်း ရိုက္ခာရှာထွက်နေသော ကျင်အိမေအား မတွေ့ခဲ့သဖြင့် နှုတ်မဆက်ခဲ့ရချေ။

ထို့အတူ တစ်မနက်ခင်းမျှသာ တွေ့ဆုံခဲ့ရသော အလှဖုရားမလေး လိစွန်းကိုလည်း နှုတ်ဆက်ချင်လျက် မတွေ့ရသဖြင့် နှုတ်မဆက်ခဲ့ရချေ။ လိစွန်းကား သူမျက်စိထဲမှ မထွက်ချေ။ လိစွန်း၏ အလှသည် သူ့ရင်ထဲ အသည်းထဲစွဲမြဲနေပေပြီ။

သူ့တစ်သက်တာတွင် မည်သည့်မိန်းကလေးကိုမျှ တရင်းတနှီး ဆက်ဆံခဲ့ဖူးသည်မဟုတ်၊ ချောပါသည်၊ လှပါသည်ဆိုသော မြို့ကြီးသူအချောအလှများသည်လည်း သန်မာထွားကျိုင်းပြီး ယောကျ်ားပီသလှသော ကျန်းစီးမုံအား တုန်လှုပ်စေခဲ့သည် မဟုတ်ပါ။

လိစွန်းနှင့်ကျတော့ ကျန်းစီးမုံ ရင်ခုန်တတ်ခဲ့ချေပြီ။

လိစွန်းသည် သူ့အသည်းနှလုံးအား အနိုင်ယူသွားပြီဖြစ်ကြောင်း ကျန်းစီးမုံ သိလိုက်လေပြီ။

မြင်းက ကျောက်ဆောင်များ ထူထပ်သည့်ဘက်သို့ ကပ်သွားသည်။ ဟိုမှာဘက်တွင် ရွှံ့နွံများရှိ၍ ကျောက်ဆောင်များရှိရာမှ ကပ်သွားသည်ဟု ယူဆရသည်။ ထိုနေရာသည် နယ်စပ်ဒေသလည်း ဖြစ်သည်။

ကျန်းစီးမုံသည် မြင်းကို တုံ့ခနဲ ရပ်လိုက်သည်၊ သူက

နောက်ကြောင်းသို့ လှည့်ကြည့်လိုက်သည်။ ဪ ... လိစွန်းနှင့် တွေ့ဆုံခဲ့ရသည့် နေရာကလေး၊ ဝေးပေါ့ ... ဝေးပေါ့ဟု ရင်ထဲမှာ မြည်တမ်းမိသည်။

ပျက်စီးယိုယွင်းလျက်ရှိသော လိစွန်းတို့၏ ဒေသသည်တား အပျက်အစီး ကြီးမားလှသည်။ ကြည့်ရင်း စိတ်ထိခိုက်လာရသည်။ မဖွယ်မရာသောအချိန်၌ လိစွန်းနှင့် လာရောက်တွေ့ဆုံရလေခြင်း ဟု မြည်တမ်းမိသည်။ ထိုအချိန်၌ တွေ့ဆုံရခြင်းကိုလည်း ရင်ထု မနာဖြစ်မိသည်။

ဒုက္ခဖြစ်နေချိန်မှာမှ တွေ့ရလေခြင်း လိစွန်းရယ်၊ ယခုမှ တော့ ဘာမျှမတတ်နိုင်တော့၊ မိမိမှာလည်း ကြီးလေးသော တာဝန် ကြီးရှိသည်။

"တင်း ... "

ကျွန်းစီးမုံ သက်ပြင်းချလိုက်သည်။ မြင်းဇက်ကို ပြန်လှည့် လိုက်သည်။

ကျောက်ဆောင်များအကြားမှ လူရိပ်တစ်ခုကို တွေ့လိုက် ရသောအခါ ကျွန်းစီးမုံ ထိတ်သွားသည်။ မိမိနောက်သို့ တစ်စုံတစ် ယောက် နောက်ယောင်ခံလိုက်နေပြီလား၊ ဤသို့ဆိုလျှင် မိမိ၏လုပ် ရပ်အားလုံး သဲထဲရေသွန်ဖြစ်တော့မည်။ သူသည် လက်တစ်ဖက် ကို အတွင်းအင်္ကျီအိတ်ထဲသို့ နှိုက်လိုက်၏။ ဓားကို အသင့်ဆွဲထုတ် နိုင်ရန် အသင့်ပြင်လိုက်ခြင်းဖြစ်သည်။



သို့သော် သူ့လက်သည် အတွင်းမှဓားကို ဆွဲမထုတ်လိုက်ရ ချေ။

"ဟင် ... လိစွန်း ... "

အံ့ဩလွန်းသဖြင့် သူ့အသံပင် မထွက်ချင်။

မှန်ပါသည်။ ကျောက်ဆောင်အကွယ်မှထွက်လာသူလေး မှာ သူတမ်းတနေသော လိစွန်းပင်။

"လိစွန်း ... ဒီမှာ ဘာလာလုပ်နေတာလဲဟင် ... "

သူမ၏မျက်နှာသည်လည်း ခပ်ညှိုးညှိုးပင်။

"ကျွန်မ သစ်ဥသစ်ဖုတွေကို လိုက်ရှာရင်းနဲ့ ဒီကိုရောက် လာတာ ... အစ်ကို့ကို တွေ့ရလို့ ... "

လိစွန်းက စကားကို တစ်ပိုင်းတစ်လက်စနှင့် ရပ်ဆိုင်းပစ် လိုက်သည်။ သူမပြောပုံဆိုပုံများသည် မနေ့ကနှင့်မတူ၊ ပို၍နူးညံ့ သိမ်မွေ့နေသည်။

"အစ်ကို ပြန်တော့မလားဟင် ... "

ကျွန်းစီးမုံသည် ဝမ်းသာရမလား၊ ဝမ်းနည်းရမလားမသိ တော့ချေ။

"ဟုတ်တယ် ... အစ်ကိုပြန်တော့မလို့၊ ညီမကို ကြည့် သေးတယ် ... နှုတ်ဆက်မလို့၊ မတွေ့တာနဲ့ နှုတ်မဆက်လိုက်ရ တော့ဘူး ... "

မျက်လုံးနှစ်စုံသည် စူးစိုက်ကြည့်မိကြသည်။ ရင်တွင်းအသည်းတွင်းသို့ ဖောက်ထွင်းမြင်မိကြမတတ်ပင်။

"အစ်ကို ... နောက် ဘယ်တော့ပြန်လာဦးမှာလဲဟင်"

ကျွန်းစီးမုံ အဖြေရခက်သွားပါသည်။ သူ မည်သို့ဖြေရပါမည်နည်း။ အမှန်အတိုင်း မဖြေနိုင်ပါ။ သူတို့၏လျှို့ဝှက်ချက်ကို ထုတ်ဖော်မပြောနိုင်ပါ။

မြင်းပေါ်တွင် တွေတွေကြီးထိုင်လျက် အတန်ကြာနေမိသည်။

"အစ်ကိုက ခြေသလုံးအိမ်တိုင်သမားပဲလေ ... ဘယ်မှာ တိတိကျကျပြောနိုင်မှာလဲ ... ကံဆုံတဲ့တစ်နေ့ ပြန်တွေ့ကြမယ်လို့ မှတ်ထားရတော့မှာပဲ ... "

သည်ထက်ပိုပြီး ဘာများပြောနိုင်ပါမည်လဲ။ ပြောလို့လည်း မဖြစ်ပါ။

လိစွန်းကလည်း မျက်နှာမကောင်းပါ။

"အစ်ကို ခရီးကြုံရင် ညီမတို့ဆီ ဝင်ခဲ့ပါနော် ... "

"စိတ်ချပါ ညီမရယ် ... လာနိုင်အောင် ကြိုးစားပါ့မယ်"

လိစွန်း၏မျက်နှာကလေးမှာ ပြုံးယောင်သမ်းလာပါသည်။

"ဟင်း ... မျက်လှည့်ဆရာကြီးကတော့ ရောက်လေရာမှာ မျက်လှည့်ပြနေမှာပဲနော် ... ညီမက မျက်လှည့်ဆရာကြီးရဲ့ မျက်လှည့်ကို ကြည့်ချင်လိုက်တာ ... "



ကျွန်းစီးမုံ ပြုံးလိုက်ရပါသည်။ မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီး ...

"ညီမနဲ့ မခွဲခင် ... အမှတ်တရ မျက်လှည့်ပြခဲ့ပါဦးမယ် ... "

သူသည် ပြောပြောဆိုဆို မြေပြင်ပေါ်တွင် ပြန့်ကျဲနေသော ကျောက်ခဲကလေးများကို ရွေးကောက်လိုက်သည်။ တစ်လုံး၊ နှစ်လုံး၊ သုံးလုံး။

လိစွန်းက သူ့ပြုမူလှုပ်ရှားပုံတို့ကို လိုက်ကြည့်နေသည်။

"တဲ ... ဟောဒီမှာ ကြည့် ... "

ကျွန်းစီးမုံက လက်ဝါးဖြန့်ပြလိုက်သည်။ သူ့လက်ထဲတွင် နို့ဥအရွယ်၊ အရွယ်တူ ကျောက်တုံးကလေးများ ရှိနေသည်။ သူက ကျောက်တုံးကလေးများကို ကစားပြနေသည်၊ လေထဲတွင် မြှောက်ကာ မြှောက်ကာ ကစားပြနေသည်။

"သေသေချာချာကြည့်ထားနော် ... "

စကားဆုံးသည်နှင့် ကျောက်တုံးကလေးများကို ပါးစပ်ထဲသို့ တစ်လုံးချင်းပစ်ထည့်ကာ တဂွတ်ဂွတ်ဝါးစားပြသည်။ သူစားနေသည်မှာ အားပါးတရရှိလှသည်။

"အို ... အစ်ကို ... အစ်ကို ... "

လိစွန်းက မစားရန် ဖျာဖျာသလဲ လှမ်းတားသည်။ လှမ်း

တားသော်လည်း ကျန်းစီးမုံက အပြုံးမပျက်ပါ။ အစားမပျက်ပါ။ ပြီးသော် သူဝါးသည့် ကျောက်တုံးကလေးများကို မျိုချပစ်လိုက်သည်။

"ကဲ … ကျောက်တုံးတွေ ကုန်သွားပြီ … "

သူကပြောပြီး ပါးစပ်ကို ဟပြလိုက်သည်။ တကယ်ပင် ကျောက်တုံးအကြွေအမွှများသည် ပါးစပ်ထဲ၌ ရှိမနေပါချေ။

လီစွန်းမှာ မျက်လုံးကလေးအဝိုင်းသားဖြစ်သွား၏။ သူ့ရှေ့တွင်ပင် ကျောက်တုံးများကို ကျန်းစီးမုံ စားပစ်လိုက်သည် မဟုတ်ပါလား။

"မပြီးသေးဘူး ညီမ … ကြည့်ပါဦး … "

ကျန်းစီးမုံက မျိုချသလို လုပ်ပြပြီးမှ ပါးစပ်ရှေ့၌ လက်ဝါးကို ခံလိုက်သည်။ ကျောက်တုံးများ တစ်လုံးပြီးတစ်လုံး ပြန်ထွက်လာသည်။ လက်ဝါးပြန်ဖြန့်လိုက်သောအခါ စောစောက နို့ဥအရွယ် ကျောက်တုံးများ အပြည့်ပင်။

"တွေ့တယ်နော် … အားလုံးဆယ်လုံးတိတိပဲ … "

လီစွန်းမှာ အံ့ဩလွန်းသဖြင့် မှင်တက်နေမိသည်။ စကားပင် မပြောနိုင်။ ခေါင်းတညိတ်ညိတ်သာ လုပ်နေရသည်။

ကျန်းစီးမုံက ပြုံးလိုက်သည်။

"ကဲ … သွားကြတော့၊ ဒီကျောက်တုံးတွေ … "



ကျန်းစီးမုံက လွှဲပစ်လိုက်သည်။

"ဝိုး … "

"ဝှစ် … "

"ဝှစ် … "

ကျောက်တုံးအားလုံး ပိတုန်းပျံသံ အသံပေးလျက် ပြေးထွက်သွားကြ၏။ ပြေးသွားပုံက မယုံနိုင်စရာပင်။ အားလုံးသည် မြားတံများ ထွက်သွားသည့်အလား တစ်တန်းတည်းထွက်သွားသည်။

လီစွန်းက မျက်စိတစ်ဆုံး လိုက်ကြည့်သည်။ တော်တော်အလှမ်းကွာသည်နှင့် ကျန်းစီးမုံ၏ခြေတစ်ချက်ဆောင့်ပြီး အော်လိုက်သည်။

"ဟိတ် … "

သူ့အော်သံကြောင့် တစ်ပြိုင်တည်းပြေးသွားသော ကျောက်တုံးကလေးများ အောက်သို့ ပြုတ်ကျသွားကြသည်။

"ဖုတ် … ဖုတ် … ဖုတ် … "

"ကဲ … ဘယ့်နှယ့်လဲ၊ သဘောကျရဲ့လား၊ ညီမသဘောကျဖို့ အရေးကြီးတယ် … အစ်ကိုပြနေရတာက ညီမတစ်ယောက်တည်းကို မဟုတ်လား … "

လီစွန်း၏မျက်နှာ ကြည်လင်ဝင်းပနေ၏။ သူ့မျက်နှာသည် အလိုဆန္ဒပြည့်ဝသော ကလေးတစ်ယောက်၏ မျက်နှာအလားပင်၊

လိစ္စနီး၏မျက်နှာကလေးကိုကြည့်လျက် ကျန်းစီးမုံ ကြည်နူးသွားမိပါသည်။ ဩော် ... တတ်နိုင်သမျှ သူပြသခဲ့ရပြီးပြီ။

"ညီမကို အစ်ကို အမှတ်တရလက်ဆောင်ပေးခဲ့ရဦးမယ်ဒါမှ ... ညီမက အစ်ကို့ကို အမြဲအမှတ်ရမှာ ... "

ကျန်းစီးမုံက အသည်းထဲမှ လှိုက်လှဲသောအသံဖြင့် ပြောလိုက်သည်။

"ဘာများလဲ ... အစ်ကို"

ကျန်းစီးမုံက ရယ်လိုက်သည်။

"သိပ်တော့ မဆန်းပါဘူး ... ဒီလက်ထဲမှာ ဘာရှိသလဲ ညီမကြည့်စမ်း ... "

သူက လိစ္စနီးအား လက်နှစ်ဖက်ကို ဖြန့်ပြလိုက်သည်။

"ဟင့်အင်း ... ဘာမှမရှိဘူး ... "

"ကောင်းပြီ ... ကြည့်နေနော် ... "

သူက လက်နှစ်ဖက်ကို မြှောက်ပြီး လက်ခုပ်တီးလိုက်သည်။

"မြှောက် ... မြှောက် ... မြှောက် ... "

"တဲ ... ဒီမှာကြည့် ... "

ပြောပြီးသည်နှင့် လက်နှစ်ဖက်ကို ဖြန့်ပြလိုက်သည်။

"ဟင် ... အစ်ကို ... "



လိစ္စနီး အထူးအံ့ဩသွားပါသည်။

အံ့ဩရမည်ပေါ့။ ကျန်းစီးမုံ၏လက်ထဲတွင် ပိုးကြိုးအနီကလေးဖြင့် သီထားသည့် ကျောက်စိမ်းလိပ်ရုပ်ကလေး၊ ဘာမျှမရှိသော လက်ထဲတွင်ရောက်ရှိလာသည့် ကျောက်စိမ်းလိပ်ရုပ်ကလေး။

"လှလိုက်တာ အစ်ကိုရယ် ... အံ့ဩဖို့လည်းသိပ်ကောင်းတာပဲနော် ... ဘာမှမရှိတဲ့လက်ထဲကို ရောက်လာတဲ့ဥစ္စာ ... "

ကျန်းစီးမုံသည် ကျောက်စိမ်းလိပ်ရုပ်ကလေးကို လိစ္စနီးဆီသို့ ထိုးပေးလိုက်သည်။

"ဒီလည်ဆွဲကလေးကို ညီမကိုပေးပါတယ် ... ညီမအမှတ်တရ ဆွဲထားနိုင်အောင်လို့ပါ ... အစ်ကိုတတ်နိုင်တာကိုပေးတာပါ ... ယူပါနော် ညီမ ... "

လိစ္စနီးကား မငြင်းပါ။ ဝမ်းသာအားရပင် လှမ်းယူပါသည်။ ဝမ်းသာအားရပင် လည်ပင်း၌ ဆွဲပါသည်။

"တော်ကြာ ... အစ်ကို့ရဲ့မျက်လှည့်အတတ်နဲ့ လုပ်လိုက်လို့ ... ညီမလည်ပင်းပေါ်ကနေ ဒီလည်ဆွဲလေး ပျောက်သွားပါဦးမယ် ... "

လိစ္စနီးက မျက်လုံးကလေး စောင့်ကပ်ကာ ပြောလိုက်သည်။

"မပျောက်ပါဘူး ... ဒီကျောက်စိမ်းလိပ်ရုပ် လည်ဆွဲကလေးက အစစ်ပါ ... ညီမ မပျောက်အောင် ဆွဲထားသရွေ့ အမြဲတမ်းတည်ရှိနေမှာပါ ... "

"ညီမ အမြဲတမ်းဆွဲထားပါ့မယ် အစ်ကိုရယ် ... "

"တဲ ... အချိန်မရှိတော့ဘူး ညီမင်ရေ ... အစ်ကိုသွားတော့မယ်နော် ... ဒီအရုပ်ကလေးကို အမြဲဆွဲထားနော် ... "

ကြာကြာနေလျှင် သံယောဇဉ်ပိုတွယ်မည်စိုးသဖြင့် ကျန်းစီးမုံသည် မြင်းပေါ် ခပ်မြန်မြန်တက်လိုက်သည်။ နှုတ်ဆက်ပြီးသည်နှင့် မြင်းကို ခပ်သွက်သွက်စီးလာသည်။ အမြန်ဆုံး ခရီးနှင်ရပါပြီ၊ သို့မှသာ လိစွန်းနှင့် မြန်မြန်ဝေးမည်မဟုတ်ပါလား။

လိစွန်းကတော့ နေရောင်ခြည်ထိုးကျနေသည့် ကျောက်ဆောင်စွန်းကလေးပေါ် တက်လျက် လက်ကလေးကို ဝှေ့ယမ်းကျန်ရစ်သည်။ သူမ၏ အဖြူရောင်ဝတ်စုံကလေးသည် နေရောင်ခြည်အောက်၌ တောက်ပလျက်။

ကျန်းစီးမုံကတော့ မြင်းကိုအပြင်းနှင်သွားချေပြီ။

ဝေးပေတော့ ... သခင်မလေးရေ။

ကံဆုံရင်တော့ ပြန်ကြုံတန်ကောင်းပါရဲ့။

"ကိုယ့်မှာကြီးလေးတဲ့ တာဝန်ကြီးတစ်ရပ်ရှိပါတယ်၊ ဒီတာဝန်ကြီးကြောင့် မင်းကိုထားရစ်ခဲ့တာ ရင်မှာမချည့်လှပါဘူးကွယ် ... ဒီတာဝန်ကြီးကို ပြောပြလို့လည်း မဖြစ်ပါဘူးကွယ်၊ ဒါကြောင့်မို့ နေရစ်ခဲ့ပေတော့ လိစွန်းရေ ... နေရစ်ခဲ့ပေတော့"



••• •••

## တောင်တန်းနဂါး ကျိုတောင်

ပါမောက္ခချုလီကွမ်း၏ မှတ်ချက်များ။

ဘောက်နုတ်ချက် ၁(က)

ဤနေရာတွင် မှတ်တမ်းတင်ထားသည့် ပိုးစားနေသည့် ပိုးသားအလွှာချပ်မှာ ဖတ်၍မရအောင် ပျက်စီးနေသည်ကို တွေ့ရ သည်။ ထိုပိုးစားထားသော ပိုးသားလွှာကို ကြာရှည်ခံအောင် ဆေး စီရင်ရာတွင် ချွတ်ယွင်းချက်ရှိခဲ့၍ ဖြစ်မည်။

ထိုပျက်စီးနေသော ပိုးစားသည့် ပိုးသားလွှာသည် နှစ်ချပ် တိတိရှိသဖြင့် နှစ်ချပ်မှာ ဇာတ်လမ်းပြတ်တောက်သွားခဲ့ရသည်၊

သို့ဖြစ်ရာ ...



(၁) ကျန်းစီးမုံသည် စန်ချီယာကလေး မည်သည့်နေ ရာတွင် မည်သို့လျှို့ဝှက်စွာ ထားခဲ့သည်ကိုလည်း ကောင်း၊

(၂) စန်ချီယာကလေးအား မည်သူ့လက်မှ ပြန်လည်ခေါ် ဆောင်လာခဲ့သည်ကိုလည်းကောင်း၊

(၃) ချူယွန်တို့ မြေးအတိုးသည် နေရင်းဒေသမှ ပေယူး ရွာသို့ ထွက်ခဲ့သည်ကိုလည်းကောင်း ...

စသည့် အချက်အလက်များကို ကျွန်ုပ်တို့သိခွင့်မရခဲ့ပါ။

ကောက်နုတ်ချက် ၁(ခ)

သို့ရာတွင် ပျက်စီးနေသည့် ပိုးသားအလွှာချပ်များတွင် အပိုင်းအစအချို့ ကျန်ရစ်ခဲ့ပါသည်။ ထိုအပိုင်းအစများပေါ်တွင် အောက်ပါစာလုံးများကို ထင်ထင်ရှားရှားတွေ့ရှိကြရသည်။

(၁) သန်းခေါင်ချိန်၌

(၂) ဖောင်ပျက်စီး၍

(၃) သားရဲတိရစ္ဆာန်

(၄) ကံကောင်းထောက်မ

(၅) လှိုက်လှဲပျူငှာစွာ

ထိုစာလုံးများကို ခြေရာကောက်လျှင် အောက်ပါအတိုင်း တွေ့ရှိရမည်ဖြစ်ပါသည်။

(၁) ချူယွန်တို့ထွက်ခွာလာသောအချိန်မှာ သန်းခေါင်ယံအချိန်ဖြစ်မည် ဖြစ်ကြောင်း။

(၂) သူတို့သည် ဟွမ်ဟိုမြစ်ကြီးကို ဖောင်ဖြင့်ကူးခဲ့ကြသည်။ သို့ရာတွင် လမ်းခရီးတွင် ဖောင်ပျက်စီးသည် ဖြစ်ကြောင်း။

(၃) မြစ်တစ်ဖက်ကမ်းအရောက်တွင် သားရဲတိရစ္ဆာန်များနှင့် တွေ့ဆုံခဲ့ရကြောင်း။

(၄) ထိုသားရဲတိရစ္ဆာန်များ၏ အန္တရာယ်မှ ကံကောင်းထောက်မစွာ လွတ်မြောက်လာခဲ့ကြောင်း။

(၅) ပေထူးရွာသားများသည် သူတို့အား ပျူပျူငှာငှာ လက်ခံကြိုဆိုခဲ့ကြကြောင်း။

စသည်တို့ကို ခန့်မှန်းကောက်ချက်ချနိုင်ပါသည်။ ထိုအရာများမှာ အနုမာန မှန်းဆချက်များသာဖြစ်ပါသည်။ သေချာတိကျသည့် အကြောင်းအရာများမဟုတ်ပါ။

မှတ်တမ်းကု [illegible]



ကြီးခားကျယ်ဝန်းသော ခန်းမကျယ်ကြီးတစ်ခုထဲရှိ ကျောက်ဆစ်ကုလားထိုင်ကြီးပေါ်တွင် အနီရောင်ဖဲဝတ်စုံကို လွှမ်းခြုံထားသည့် လူကြီးတစ်ဦးထိုင်လျက်ရှိပါသည်။ သူသည် အသက်ငါးဆယ်ကျော်ခန့်ရှိနေပါသည်။

ထိုသူကား မည်သူနည်း။

ထိုသူ၏မျက်နှာတား တစ်ခါမြင်ရုံနှင့် ကြောက်ဒူးတုန်ရလောက်အောင် တင်းမာခက်ထန်လှပေသည်။ သူ၏ခန္ဓာကိုယ်ကြီးမှာလည်း ထူးထူးခြားခြားပင် ထွားကျိုင်းလှပါသည်။

သူထိုင်နေသည့် အခန်းကြီးကိုလည်း ကြည့်ပါဦး၊ အနီရောင်များ ကာရံထားပြီး နံရံများပေါ်တွင် ဓား၊ လှံ၊ လေးမြားများ လက်နက်မျိုးစုံကို အစီအရီ တပ်ဆင်ထားရှိပါသည်။

သူရှိနေသည့်နေရာ၊ သူထိုင်နေသည့်ကုလားထိုင်နှင့် သူ့ကိုယ်ပေါ်မှ အဝတ်တန်ဆာများကိုကြည့်၍ သူသည် သာမန်ပုဂ္ဂိုလ် [illegible] သိရှိနိုင်သည်။

ထိုသူကား မည်သူနည်း။

သူကားအခြားသူမဟုတ်ပါ။ လူတကာနှုတ်ဖျားတွင် တစ်ပြောတည်းပြောနေကြသော ချောင်ပိုနယ်စားကြီး တောင်တန်းနဂါးကျိုတောင်ပင်ဖြစ်ပါသည်။

တောင်တန်းနဂါးကျိုတောင်သည် ကနဦးတွင် နဂါးကိုး

ကောင်ဂိုဏ်း၏ ဂိုဏ်းချုပ်တစ်ဦးအဖြစ် ပါဝင်ခဲ့သည်။ နဂါးကို ကောင်ဂိုဏ်း၏ထူးခြားချက်မှာ အခြားဂိုဏ်းတဲ့သို့ ဂိုဏ်းချုပ်ကြီး ရာထူးကို တစ်ဦးတည်း တစ်ယောက်တည်းက ချုပ်ကိုင်မထားဘဲ ဂိုဏ်းချုပ်ကိုးယောက်ဖြင့် ခွဲဝေတုပ်ချုပ်ထားခြင်းဖြစ်သည်။ ဂိုဏ်း ချုပ်ကိုးယောက်ဖြင့် ခွဲဝေတုပ်ချုပ်ထားသည်ဆိုတော့ ဂိုဏ်းကို အဝဝကို တစ်ဦးတည်းသတောဖြင့် လုပ်၍မရဘဲရှိနေသည်၊ ကို ယောက်စုံညီအမိန့်ချမှသာ ကိစ္စတစ်ခုပြီးပြတ်သည်၊ အာဏာကို တမင်ခွဲဝေထားခြင်းဖြစ်သည်။

သို့ရာတွင် ငါးနှစ်တာကာလအတွင်း၌ ကျန်ဂိုဏ်းချုပ်ရှစ် ယောက်သည် အကြောင်းအမျိုးမျိုးဖြင့် သိုင်းလောကကို စွန့်ခွာ သွားခဲ့ရသည်၊ အသက်ဆုံးရှုံးခဲ့ကြရသည်။

သိုင်းလောကမှ စွန့်ခွာသွားရပုံမှာ အမျိုးမျိုးဖြစ်သည်၊ အချို့မှာလည်း လတ်တလော ရောဂါစွဲကပ်လာပြီး ဖြုန်းခနဲ သေ ဆုံးသွားရသည်။ အချို့မှာ ရှောင်တစ်ခင် ဝင်ရောက်တိုက်ခိုက်မှု ကို ခံရကာ သေဆုံးရသည်။ အချို့မှာ မည်သည့်အကြောင်းမှ မရှိ မရဘဲ စုတ်စမြုပ်စ ပျောက်ကွယ်သွားကြရသည်။

ဤတွင် တစ်ဦးတည်းသာ ကျန်ရစ်ခဲ့သော ကျိုတော သည် နဂါးကိုးကောင်ဂိုဏ်း၏တစ်ဦးတည်းသော ဂိုဏ်းချုပ်ကြီးဖြစ် လာခဲ့ရပေသည်။



ကျိုတောင် မည်သို့သော လူစားပေနည်း။

ကျိုတောင် မည်သို့သောလူစားဖြစ်သည်ကို ရုပ်ရည်ဖြင့် မှနှင့် သိရှိနိုင်ပါသည်။

ကျိုတောင်သည် အလွန်ခက်ထန်သည်။ အလွန်ဒေါသ ကြီးသည်။ အလွန်ရက်စက်ကြမ်းကြုတ်သည်။ ထို့နောက်လောဘ ရမ္မက်လည်း အလွန်ကြီးပေသည်။

ထို့ပြင် ကျိုတောင်သည် အလွန်ထင်ပေါ်ကျော်ကြားလို သူလည်းဖြစ်ပါသည်။

ယခုအချိန်တွင် ကျိုတောင်သည် အလွန်မြင့်မားသော အခြေအနေသို့ ရောက်ရှိနေပေပြီ။ ယခု သူသည် နဂါးကိုးကောင် ၏ ဂိုဏ်းချုပ်ကြီးဖြစ်ရုံမက ချောင်ပိုနယ်ကို အပိုင်စားရသော နယ် စားကြီးလည်း ဖြစ်နေပေသည်။

သို့ရာတွင် လူ့လောကကား အဆုံးသတ်သည်မရှိ၊ ထို့နည်း တူ ကျိုတောင်၏လောဘရမ္မက်လည်း အဆုံးမသတ်ချေ။

ကျိုတောင်တွင် မျှော်လင့်အတောင့်တရဆုံး ပန်းတိုင်ကြီး နှစ်ခုရှိသည်၊ ဤရည်မှန်းချက်ကြီးများကို မည်သည့်နည်းနှင့်မဆို အောင်မြင်ရန် ရည်မှန်းထားသည်။ သန္နိဋ္ဌာန်ချထားသည်။ တောင် ကန်းနဂါးကျိုတောင်၏ကြီးမားလှသော ရည်မှန်းချက်နှစ်ခုကား အဘယ်နည်း။

ပထမရည်မှန်းချက်မှာ သိုင်းလောကတွင် အတုမရှိပညာရှင်ဖြစ်လိုချင်သည်။ သိုင်းလောကတွင် မကိုင်ရှိုးသျှောင်ဖြစ်လိုသည်၊ သိုင်းပညာတွင် အထူးချွန်ဆုံးပညာရှင်ဖြစ်လိုသည်။

ထိုမျှသာလော၊ မဟုတ်သေးပေ။ သူသည် ချောင်ပိုနယ်စားကြီးဘဝကို သာမန်ခြေနင်းသဲမှုန်အဆင့်သာ သဘောထားသည်၊ သူသည် သိုင်းလောက၌ မကိုင်ရှိုးသျှောင်ဖြစ်သောအခါ လူ့လောက၏ မကိုင်ရှိုးသျှောင်ဖြစ်ရေးကိုပါ တစ်ပါတည်း မျှော်မှန်းခဲ့သည်၊ ထို့ကြောင့် ဘုရင်မင်းမြတ်ဖြစ်ရေးဟူသည်မှာ ဒုတိယရည်ရွယ်ချက်ဖြစ်၏။ အချက်နှစ်ချက်စလုံး ကြီးမားလွန်းလှပါ၏။

ယခု သူ့ရည်ရွယ်ချက်ပေါက်မြောက်ရန် ပထမအဆင့် ချောင်ပိုနယ်စားကြီးဖြစ်ခဲ့ရပေပြီ။ ဒုတိယအဆင့် သိုင်းလောက၏ မကိုင်ရှိုးသျှောင်ဖြစ်ရေးနှင့် တတိယအဆင့် ဘုရင်မင်းမြတ်ဖြစ်ရေးအတွက် နီးစပ်လာလေပြီ။

တကယ့်တကယ်တွင် သိုင်းလောက၏ မကိုင်ရှိုးသျှောင်ဖြစ်ရေးဟူသည်မှာ တကယ့်တကယ်တွင် ခက်ခဲလှပေသည်။ ထို့နည်းတူ ဘုရင်မင်းမြတ်ဖြစ်ရေးမှာလည်း ခက်ခဲလှပါသည်။

ထိုခက်ခဲသော အရာနှစ်ခုတွင် သိုင်းလောကမကိုင်ရှိုးသျှောင်ဖြစ်ရေးမှာ လွန်စွာခက်ခဲလှသော အရာဖြစ်၍၊ ဘုရင်မင်းမြတ်ဖြစ်ရေးကသာ ရေးတေးတေး ရှိပေသေးသည်။



(သိုင်းပညာဟူသည်မှာ ကျယ်ပြောသော ပညာရပ်ဖြစ်သည့်နှင့်အညီ ဆုံးခန်းတိုင်သည်ဟူ၍ မရှိပေ။ သိုင်းလောကတွင် ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့သော သိုင်းပညာရှင်ကြီးများ ရှိခဲ့ဖူး၏။ တစ်ခါတစ်ရံတွင် တစ်ယောက်မက ပေါ်ထွန်းခဲ့၏။ ထိုပုဂ္ဂိုလ်များသည်ပင် သိုင်းပညာကို အကြွင်းမဲ့တတ်မြောက်သည်ဟု ဝန်မခံမိချေ။ သူတို့မှာလည်း အားနည်းချက်၊ ပျော့ကွက်၊ ဟာကွက်များ ရှိကြပေသည်။ သိုင်းပညာကို ဆုံးခန်းတိုင် တတ်မြောက်ဖို့ဆိုသည်မှာ လွယ်သည့်ကိစ္စမဟုတ်ပါ။ မည်သည့်ပညာမျှ အဆုံးရှိသည် မဟုတ်ဟု ဆိုကြသည်မဟုတ်ပါလား။)

ပညာအဆုံးအစရှိသည်ဆိုပါစို့၊ ထိုပညာကိုတတ်မြောက်အောင် နှစ်ပေါင်းရာထောင်ချီ၍ သင်ကြားရမည်ဖြစ်ပါသည်။ လူ့သက်တမ်းနှင့်ဆိုလျှင် မည်သို့မျှမဖြစ်နိုင်ပါ။

ဤအချက်များကို တောင်တန်းနဂါးကျိုတောင်မသိမဟုတ်ပါ၊ သိပါသည်။ မသိသူကျော်သွား၊ သိသူဖော်စားဆိုသကဲ့သို့ သိုင်းလောက၏လျှို့ဝှက်ချက်များကို သိရှိထားသူအတွက်မူကား မျှော်လင့်ချက်များစွာရှိပေသည်။

မည်သို့သော လျှို့ဝှက်ချက်ကို ကျိုတောင်သိရှိထားပါသနည်း။

"ဒူ ... ဒူ ... ဒူ ..."

အခန်းဝမှ မောင်းသံသုံးချက် ပေါ်လာသည်။ အတန်ကြာသောအခါ အနီရောင်ဝတ်စုံဝတ် သုံးယောက်ပေါ်လာသည်။ ထိုသူတို့သည် ကြမ်းပြင်ကိုထိလုမတတ် ညွှတ်ဝပ်ကာ ကျိုးတောင်ရှေ့မှောက်သို့ ဖြည်းဖြည်းချင်း ဝင်လာ၏။

ကျိုးတောင်သည် သူတို့ကို သေချာစွာကြည့်လျက် ခေါင်းတစ်ချက်ဆင့်လိုက်သည်။

အနီရောင်ဝတ်စုံဝတ်လူသုံးယောက်တို့သည် မျက်လုံးကို ကြမ်းပြင်သို့သာ စိုက်ကြည့်လျက်ရှိသည်။ မည်သူကမျှ ကျိုးတောင်ကို မော်မကြည့်ဝံ့ကြချေ။

ကျိုးတောင်ကား သူတို့အား စူးစူးစိုက်စိုက်ကြည့်နေဆဲ

လူသုံးယောက်မှာ ကျိုးတောင်ရှေ့သို့ ရောက်သည့်နှင့် နဖူးနှင့် ကြမ်းပြင်ကိုထိကပ်ကာ အရိုအသေပြုနေကြဆဲ ...

ထို့ကြောင့် ခန်းမကြီးတစ်ခုလုံး အသံဗလံများကင်းရှင်းကာ လုံးဝငြိမ်သက်လျက်ရှိနေသည်။

ကျိုးတောင်သည် လူသုံးယောက်ကို တစ်ယောက်ချင်း အကဲခတ်နေသည်မှာ အတန်ကြာပြီ ...

"ဘာထူးသလဲဟေ့ ... နံပါတ်တစ် ... "

သူ့အသံက တိုးညင်းသည်။ သို့သော် အသံကြဲခဲအပြည့် အဝပါသည်။



လူသုံးယောက်ထဲမှ ဝဲဘက်အစွန်ဆုံးလူက ခေါင်းမထောင်ထလာသည်။ သို့သော် မျက်နှာကိုတော့ မော်မကြည့်ဝံ့ချေ။

"ကျွန်တော် အရှေ့ဖျားတစ်ခွင်ကို နေရာမလပ် စုံစမ်းခဲ့ပါတယ် နယ်စားကြီး ... ကျွန်တော့်ငယ်သားတွေကို အကုန်သုံးပြီး ရှာဖွေခဲ့ပါတယ် ... နေ့ညမပြတ် ကြိုးစားရှာဖွေခဲ့တာပါ ... "

"အဲဒီတော့ ဘာထူးသလဲ ... "

ကျိုးတောင်က ခပ်ဆတ်ဆတ်မေးလိုက်သည်။

နံပါတ်တစ်ဆိုသူက အထစ်ထစ်အငေါ့ငေါ့ဖြင့် ပြောသည်။

"စုံစမ်းလို့ မရပါဘူးခင်ဗျာ ... "

ကျိုးတောင်က မျက်နှာကို မဲ့လိုက်၏။

"မင်းအစွမ်းအကုန်ပဲလား ... "

"ဒါ ... ဒါ ... ဒီလိုရှိပါတယ် ... ကျွန်တော် စုံစမ်းတာက မပြီးပြတ်သေးပါဘူး ... ဆက်လက်ပြီး ... "

"တော် ... "

ကျိုးတောင်က စကားကိုလက်မခံပေ။

"ပေးလိုက်တဲ့တာဝန်ကို အောင်မြင်အောင်မလုပ်နိုင်ဘူးဆိုတာကို မင်းဝန်မခံဘူးလား ... "

"မငြင်းဝံ့ပါဘူး နယ်စားကြီး ... "

"ကောင်းပြီ ... မင်းအပြစ် မင်းသိတယ်နော် ... "

နံပါတ်တစ် တုန်လှုပ်သွားရပြီ ...

"ဟုတ်ကဲ့ ... သိ ... သိပါတယ် နယ်စားကြီး ... "

တောင်တန်းနဂါးကျိုတောင်၏အသံမှာ ဟိန်းထွက်လာသည်။

"မင်းအဖြစ်ကို မင်းပဲစီရင်မလား၊ ငါပဲစီရင်ရမလား"

သူ့အသံက ခက်ထန်မာကျောနေ၏။

နံပါတ်တစ်ခမျာမှာတော့ မျက်နှာအဖျက်ကြီးဖျက်ကာနေသည်။ တစ်ကိုယ်လုံးလည်း တုန်ယင်နေသည်။ ပြီးမှ မနည်းအားယူ၍ ပြောလိုက်ရသည်။

"ကျွန်တော့်ဘာသာ စီရင်ပါ့မယ် ... "

"ကောင်းပြီ ... ဒါဆိုရင် ... ငါ ဘာမှလုပ်စရာမလိုတော့ဘူး ... မင်းသွားတော့ ... "

စကားဆုံးသည်နှင့် နံပါတ်တစ်သည် နောက်ဆုတ် နောက်ဆုတ်နှင့် ထွက်သွားသည်။ သူ့ခမျာ နောက်ဆုတ်သာ သွားရသည်။ မျက်နှာတစ်ခုလုံး သွေးဆုတ်ဖြူရော်လျက်ရှိနေလေပြီ။

သူသည် ခန်းမကြီး၏ အပြင်သို့ရောက်သည်နှင့် အခန်းအပြင်ဘက်၌ လှည့်လည်ကြည့်ရှုလိုက်သည်။ လှံတို၊ လှံရှည်များ ထောင်ထားရာ လှံတိုတစ်ချောင်းကို ဆတ်ခနဲကောက်ယူလိုက်သည်။ ထို့နောက် အံကိုတင်းတင်းကြိတ်ကာ မိမိဝမ်းဗိုက်ထဲသို့



ထိုးသွင်းလိုက်ပါသည်။ နီရဲသောသွေးများသည် အခန်းအပြင်၌ ရဲခနဲဖြစ်သွားသည်။

"အွတ် ... "

အသံမတိုးမကျယ်ထွက်လာသည်။ ဤနေရာ၌ပင် လဲကျကာ အသက်သေဆုံးသွားသည်။

ဤကား ကျိုတောင်၏စီရင်နည်းပင်ဖြစ်၏။ ကျိုတောင်သည် ရက်စက်ကြမ်းကြုတ်သူဖြစ်၍၊ သူပေးသောတာဝန်အောင်မြင်လျှင် အသက်ရှင်သန်ခွင့်ရ၍ မအောင်မြင်လျှင် သေဆုံးရသည်သာတည်း။ ထို့ကြောင့် လက်အောက်ငယ်သားများသည် သူ့အား ဖိန့်ဖိန့်တုန်အောင် ကြောက်ကြရသည်။

သူ့အခွင့်အရေးပေးလျှင်လည်း ကြောက်စရာကောင်းလောက်အောင် အခွင့်အရေးပေးသည်။ ရက်ရောစွာ အခွင့်အရေးပေးသည်။ အပြစ်ပေးလျှင်လည်း 'အသေ'သာ အပြစ်ပေးသည်။

"ကဲ ... နံပါတ်နှစ် ... "

ကျိုတောင်က နောက်တစ်ယောက်ကို ခေါ်လိုက်ပြန်၏။

"မှန်ပါ သခင်ကြီး ... အသင့်ရှိပါတယ် ... "

နံပါတ်နှစ် အသံဖြင့် ထူးလိုက်သည်။ အလွန်ရိုကျိုးစွာဖြင့် အရိုအသေပေးသည်။ ဦးခေါင်းကို အနည်းငယ်မော့လိုက်ပြီး ...

"ကျွန်တော်က တာစင်ကူရဲ့မွေးရပ်ဇာတိနယ်မြေကို

တောင် ရောက်အောင် သွားခဲ့ပါတယ် ... တချို့ကိစ္စဆိုရင် အတော်ကလေး ပင်ပန်းဆင်းရဲခံပြီး သတင်းရအောင် ကြိုးစားရပါတယ်၊ အဲဒါကြောင့် သဲလွန်စအချို့ကို ရရှိခဲ့ပါတယ် ... "

သူက အားတက်သရောလေသံဖြင့် ပြောသည်။ နံပါတ်တစ်၏အဖြစ်အပျက်ကို သိပြီးဖြစ်၍ သူ့အလှည့်ကျရောက်မည်ကို သူစိုးရိမ်သည်။ သူ့အလှည့် မကျရောက်စေလိုပါ။ ထို့အတွက် အားတက်သရော ပြောနေရခြင်းဖြစ်ပါသည်။

သူ့လေသံကို ကျိုတောင်မကြိုက်နှစ်သက်ပေ။ နှုတ်ခမ်းကို မဲ့လိုက်သည်။ သို့သော် ဆက်နားထောင်နေသည်၊

"တာစင်ကူရဲ့ဆွေမျိုးတွေ မိတ်ဆွေအပေါင်းအသင်းတွေနဲ့ တပည့်တပန်းတွေပါမကျန် စုံစမ်းထောက်လှမ်းကြည့်ပါတယ်၊ သူတို့ ဘာမှ သိကြဟန်မတူပါဘူး ... ထူးထူးခြားခြား ဘာမှမပြောနိုင်ပါဘူး ... "

"စန်ချိယာရော ... "

"စန်ချိယာနဲ့ ပတ်သက်လို့ကတော့ စန်ချိယာကလေးဟာ အဲဒီညမှာပဲ သေဆုံးသွားတယ်လို့ ယုံကြည်ရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ... စန်ချိယာရဲ့သတင်းဟာ လုံးဝတိမ်မြုပ်သွားလို့ပါပဲ"

ကျိုတောင် ခေါသထွက်လာလေပြီ။ မျက်နှာကြီး ရဲတက်လာသည်၊ သူဒေါသထွက်လျှင် ကြောက်ရသည်။



"ဒါတော့ မင်းပြောမှလားကွ ... ဒါဖြင့်ရင် စန်ချိယာရဲ့ အလောင်းကို ဘာဖြစ်လို့ မတွေ့ရသလဲ ... စန်ချိယာက လမ်းလျှောက်နိုင်တဲ့အရွယ် မဟုတ်ဘူး ... သူ့အလောင်းကို တွေ့ကိုတွေ့ရမယ် ... အခုတော့ အလောင်းကို ဘယ်မှာမှ ရှာမရဘူး၊ တစ်အိမ်လုံးလည်း နှံ့နေပြီ၊ ဒီကောင်တွေ ငှက်ဖြစ်လို့ အတောင်ပေါက်ပြီး ပျံထွက်ပြေးနိုင်မှာလား ... "

ကျိုတောင်က ဒေါသဖြစ်ဖြစ်နှင့် စွပ်အော်နေသည်။

"ကျွန်တော့်ယူဆချက်ကတော့ စန်ချိယာကလေးကို သူ့ဖခင်ကိုယ်တိုင် ရှင်းလင်းပစ်ခဲ့တယ်လို့ ယူဆပါတယ် ... "

"ဘယ်လို ... စန်ချိယာကို သူ့အဖေက ရှင်းလင်းပစ်နိုင်မှာလဲ ... သတ်ခဲ့တဲ့ ဓားပြတွေကို အသေအချာမေးပြီးပြီ၊ သူ့အဖေဟာ ဓားပြတွေကို ခုခံရတာပဲ လက်မလည်နိုင်အောင်ဖြစ်နေရတာပဲ ... သူဟာ ဓားပြတွေရဲ့လက်ချက်နဲ့ သေသွားရတာပဲ"

"ကျွန်တော် ... ကျွန်တော့်အထင်တော့ ... "

"တော် ... တော် ... တော် ... "

ကျိုတောင် ဒေါသူပုန်ထလေပြီ။ လွန်စွာ ဒေါသထွက်နေလေပြီ။

"မင်းရဲ့ ညံ့ဖျင်းချက်တွေကို ဖုံးကွယ်တဲ့အနေနဲ့ ဘာမှ ဆင်ခြေဆင်လက်တွေ တတ်မနေနဲ့တော့ ... မင်း ဘာမှမသိခဲ့ဘူး သွား ... မင်းလည်း နံပါတ်တစ်နောက်ကို လိုက်သွား ... "

နံပါတ်နှစ်မှာ မိုးကြိုးအပစ်ခံလိုက်ရသူလိုဖြစ်သွားသည်၊ သူသည် ဒယီးဒယိုင် နောက်ဆုတ်သွားသည်။ အခန်းအပြင်ဘက်သို့ နောက်ဆုတ်နောက်ဆုတ်ဖြင့် ရောက်သွားသည်။

ထိုအခါ လှံတိုတစ်ချောင်းယူ၍ သူ့ဝမ်းဗိုက်သို့ ထိုးစိုက်ပစ်လိုက်သည်။

"အွတ် ... "

သူ့အသံ အနည်းငယ်ကျယ်လောင်သည်။ သွေးများနီရဲစွာ ပန်းထွက်လာသည်။ သူလဲကျသေဆုံးသွားသည်။ အစောင့်များက သူ့အလောင်းကို လာရောက်ဆွဲထုတ်သွားသည်။

ကျိုတောင်ရှေ့တွင် နံပါတ်သုံးတစ်ယောက်သာ ကျန်တော့သည်။ သူ့အခြေအနေမှာ မကောင်းတော့၊ သူ့ရှေ့မှ နှစ်ယောက်သည်ပင် မရဏနယ်မြေသို့ ရောက်သွားခဲ့ပြီ မဟုတ်ပါလား။

"တော့ ... မင်းလည်း သတင်းထူး ပေးစရာမရှိဘူးဆိုရင် ဟိုကောင်တွေနောက်ကို မင်းလိုက်သွားချေ ... ငါအချိန်တုန်မခံနိုင်ဘူး ... ဘာမှလဲ သတင်းထူးမရဘဲနဲ့ ... "

နံပါတ်သုံးက မမဲ့ပါ၊ ကြောက်ရွံ့မနေပါ၊ သူက ပြုံးလိုက်ပါသည်၊

"သခင်ကြီးအတွက် အကျိုးရှိမယ့် သတင်းထူးပါလာပါတယ် ... တကယ့် သတင်းထူးပါ ခင်ဗျာ ... "



ကျိုတောင် မျက်မှောင်ကြုတ်သွားသည်။

"ဆိုစမ်း ... "

"ကျွန်တော်စုံစမ်းရတဲ့ အချက်အလက်တွေအပေါ် အခြေရှာကြည့်ရသလောက်တော့ စန်ချီယာကလေးဟာ အဲဒီညက အသက်မသေဘဲ လွတ်မြောက်သွားခဲ့ရပါတယ် ... ဒါကြောင့်မို့ ကလေးရဲ့အလောင်းကို မတွေ့ရတာပေါ့ ... သူ့ကို လူတစ်ယောက်က ခေါ်ထုတ်သွားတယ်လို့ ယူဆပါတယ် ... "

ကျိုတောင်မျက်နှာ တည်နေ၏။ သူသည် မလှုပ်မယှက်နားထောင်နေသည်။

နံပါတ်သုံးက ဆက်ပြော၏။

"တာစင်ကူရဲ့ လက်ရုံးဖြစ်တဲ့ ကျန်းစီးမုံပျောက်နေတယ်၊ ကျန်းစီးမုံရဲ့အလောင်းကို လုံးဝမတွေ့ရဘူး၊ အသက်ထင်ရှားရှိနေတဲ့ ကျန်းစီးမုံကိုလည်း မတွေ့ရဘူး ... ဒီတော့ ကျန်းစီးမုံဟာ စန်ချီယာကလေးကို ခေါ်ပြီးထွက်ပြေးသွားတယ်ဆိုတာ ထင်ရှားနေပါတယ် ... "

ကျိုတောင် စိတ်ဝင်စားလာသည်။ သူ့ကိုယ်သည် ရှေ့သို့ ကိုင်းလာသည်။ နံပါတ်သုံးတင်ပြချက်မှာ ခြေခြေမြစ်မြစ်ရှိပြီး ဖြစ်တန်ရာချေသည်၊ ထို့ကြောင့် ကျိုတောင် ခေါင်းထောင်၍ မေးလိုက်သည်၊

"တဲ … ဆက်ပြောစမ်း … "

"တာစင်ကူဟာ လူပြောက်ပြားစွာကို ခုခံကာကွယ်နေ တယ် … ထိုင်ယင်းဓားပြဂိုဏ်းဟာ လူနည်းတာမှ မဟုတ်ဘဲ … လူတွေများလွန်းလို့ အခြေအနေက မကောင်းတော့ဘူး၊ သူ့ရဲ့လူ ဖြစ်တဲ့ ကျွန်းစီးမုံလက်ထဲကို စန်ချီယာကလေးကို ထည့်ပေးလိုက် တယ်၊ ပြီးတော့ … အရှောင်ခိုင်းလိုက်တယ် … ဒါပဲဖြစ်နိုင် တယ် … "

သူသည် ပြောနေရင်းမှ ကျိုတောင်၏မျက်နှာကို မ မသာခိုးကြည့်လိုက်သည်။ ကျိုတောင်၏စိတ်ဝင်စားမှုကို မြင် သောအခါ အလွန်အားတက်သွားသည်။ ပါးစပ်ထဲမှ စကားလုံးမျ စီတန်းထွက်လာသည်။

"ဒါမှမဟုတ် … တိုက်ခိုက်နေတုန်းမှာ ကျွန်းစီးမုံ ကလေးကို ခေါ်ထုတ်သွားတာ ဖြစ်နိုင်တယ် … လက်ရာခြေ တွေကတော့ နောက်ဆုံး ကျွန်းစီးမုံကိုပဲ ညွှန်ပြနေတယ် … "

ကျိုတောင် ခေါင်းတစ်ချက်ညိတ်မိသည်။ အလိုအလျော ညိတ်မိခြင်းဖြစ်သည်။ နံပါတ်သုံး၏'ဖြစ်နိုင်ချေ'သဘောတရား လက်ခံသည့်သဘောပင်ဖြစ်သည်။

နံပါတ်သုံးမှာ အားတက်သရောဖြစ်လာသည်။

"ဘာပဲဖြစ်ဖြစ် … ကျွန်တော်တို့အနေနဲ့ ကျွန်းစီးမုံ ခြေရာခံဖို့ပဲ ရှိတော့တယ်၊ သူ့ကို ခြေရာခံမိပြီဆိုရင် စန်ချီ



ကလေးကို တွေ့ရမှာပဲ … အဓိကခြေရာဟာ ကျွန်းစီးမုံပဲ၊ ဒီတာ ဝန်ကိုလည်း ကျွန်တော်ပဲဆက်လက်ပြီး တာဝန်ယူပါရစေလို့ တောင်းပန်ပါတယ် … "

နံပါတ်သုံးက မျက်နှာလိုမျက်နှာရ ပြောလိုက်သည်။ သူ သည် ကျိုတောင်၏စိတ်ဝင်စားသော မျက်နှာကို တွေ့မြင်ပြီးသဖြင့် သူ့အသက်တော့ လွတ်ပြီဟု သိလိုက်လေပြီ။ ထို့ကြောင့် ကျွန်းစီးမုံ ကိစ္စကို ဆက်လက်တာဝန်ယူရန် ပြောလိုက်ခြင်းဖြစ်သည်။

ကျိုတောင်က အပြုံးတစ်မျိုးဖြင့် ပြုံးလိုက်သည်။

"ကောင်းပြီ … ဒါထက် မင်းအနေနဲ့ ကျွန်းစီးမုံကို ဘယ် လိုခြေရာခံမလဲ … ခြေရာခံဖို့ အချက်အလက်တွေတော့ ရှိရမှာ ပေါ့ … "

နံပါတ်သုံးကလည်း ပြုံးလိုက်ပါသည်။ သူ့အပြုံးမှာ သေ ဘေးက လွတ်ပြီဟူသော အပြုံးမျိုးဖြစ်ပါသည်။

"ကျွန်းစီးမုံဟာ စီးနယ်ကပါ … စီးနယ်ဇာတိပါ၊ ဒီလိုဖြစ် တဲ့အခါ ဘယ်သူမဆို ကိုယ့်ဇာတိနယ်ကိုပဲ ပြန်ခိုမယ်လို့ ယူဆရပါ တယ် … ဒါကြောင့် စီးနယ်ဘက်ကို သွားပြီးစုံစမ်းရပါလိမ့်မယ်"

စီးနယ်သည် ပါချင်နယ်နှင့် နယ်ချင်းထိစပ်သော နေရာ ဖြစ်သည်၊ စီးနယ်သို့ သွားရန်မှာ အလွန်လွယ်ကူသည်။ တစ်ဖက် ကို ဖြတ်ကျော်ရုံဖြင့် စီးနယ်သို့ရောက်သည်။

"တောင်းပြီလေ ... ဒီတာဝန်ကို မင်းပဲယူပေတော့ ... တဲ သွားတော့ ... သွားနိုင်ပြီ ... "

ကျိုတောင် ပြုံးပါလေပြီ။ ဤအပြုံးမျိုးဖြင့် လျှို့ဝှက်ကောက်ကျစ်မှုတို့ဖြင့် အတိုပြီးသည်။ ထိုအပြုံးမျိုး၏အဓိပ္ပါယ်ကို နံ့ပါတ်သုံး ကောင်းစွာ နားမလည်ခဲ့ပါချေ။ သူက ကျိုတောင်ကျေနပ်အားရ ပြီး ပြုံးသည်ဟုသာ ထင်သည်။

ကျိုတောင်၏လက်သည် မသိမသာ မြောက်တက်လာသည်။ ထို့နောက် လက်ချောင်းကလေးများသည် ဖျတ်ခနဲ လှုပ်ရှားသွားသည်။ သူ့လက် လှုပ်ရှားသွားလေပြီ။

"ဝှစ် ... "

"ဗိုး ... "

ပြောင်လက်တောက်ပသော အလင်းတန်းတစ်ခုပြေးသွားသည်။ ထိုအလင်းတန်းကလေးသည် နံ့ပါတ်သုံးရှိရာသို့ ပြေးဝင်သွားသည်။

"ဖောက် ... "

"အင့် ... "

နံ့ပါတ်သုံး၏ နဖူးတည့်တည့်တွင် အပေါက်ကလေးတစ်ပေါက် ဖြစ်ပေါ်လာသည်။ သွေးများယိုစီးကျလာသည်။

နံ့ပါတ်သုံးသည် မယုံကြည်နိုင်သောမျက်နှာဖြင့် ကျိုတောင်



ကို ငေးကြည့်နေသည်။ သူနောက်ကျသွားပြီကိုလည်း သိရှိလိုက်သည်။ ကျိုတောင်၏ အဆိပ်လက်နက်ပုန်းသည် သူ၏ဇီဝိန်ကို ခြွေသွားပေပြီ။

နံ့ပါတ်သုံးသည် တဖြည်းဖြည်း တစ်ကိုယ်လုံးပြာနှမ်းလာပြီး လဲကျသွားသည်။ သေဆုံးသွားရပေပြီ။

ကျိုတောင်သည် စောစောက အပြုံးမျိုး ထပ်မံပြုံးလိုက်ပြန်သည်။

"ဟား ... ဟား ... ဟား ... "

ကျိုတောင်သည် တဟားဟား အော်ဟစ်ရယ်မောနေ၏။ အတန်ကြာမှ ...

"ငါ့ကိစ္စကို အောင်မြင်ဖို့အတွက် ဘယ်လိုလုပ် လူတစ်ယောက်ကို အစအဆုံး တာဝန်ပေးစေခိုင်းပါ့မလဲ ... ဒီလိုတာဝန်ပေးစေခိုင်းလိုက်ရင် ... ငါ့ထက်မိုက်တဲ့လူ ရှိပါဦးမလား ... ပြဿနာအစဆုံးကို သိသွားရင် မခက်ပါလား ... ဒီတော့ မင်းကို သတ်ဖြတ်ရတော့တာပေါ့ ... မင်းကိုတော့ သနားပါတယ်၊ မင်းဟာ ဟိုနှစ်ယောက်ထက်တော့ တော်ပါတယ် ... ဒါပေမယ့် သနားပေမယ့် ချမ်းသာရာတော့ မပေးနိုင်ဘူး ... "

သူသည် တဟားဟားရယ်ရင်းမှ စကားများကို အဆက်မပြတ် ပြောနေသည်။

"အင်း ... သွားတော့ သွားတော့ ... မင်းလည်း တို့ရဲ့ ယောက်နောက်ကို လိုက်ပေတော့ ... "

ကျိုတောင်သည် ရယ်မောရင်းမှ တဖြည်းဖြည်းအရယ် ရပ်သွားပြီး မျက်နှာထားတင်းမာလာသည်။

"ငါ့လက်အောက်ကလူတွေကို လိုအပ်တဲ့အတိုင်းအတာ အထိသုံးပြီး ... မလိုအပ်တဲ့အတိုင်းအတာအထိ မသုံးဖို့ ငါအမြဲ သတိရှိတယ် ... လိုအပ်သလောက်သုံးပြီးရင် အဲဒီလူကို နှုတ်ပိတ် ပစ်ရမယ် ... ငါလုပ်နေတဲ့အလုပ်ကို မင်းတို့သဘောပေါက်ကြ မဖြစ်ဘူး ... "

ကျိုထောင်သည် တင်းမာသောမျက်နှာဖြင့် အဝေးတစ် နေရာသို့ ငေးမျှော်ကြည့်နေ၏။

"ကျွန်းစီးမုံ ... ကျွန်းစီးမုံ ... မင်းဟာ ငါ့ရဲ့နံပါတ်တစ် ရန်သူဖြစ်လာပြီကွ ... စန်ချိုယာကို မင်းယူသွားတာ ငါသိတယ် ဟေ့ ... မင်းကို အလွတ်ခံလို့ ဘယ်ဖြစ်မလဲကွာ ... မင်းကိုမိရင် စန်ချိုယာကို မိတာပေါ့ ... ကမ္ဘာကုန်ကျယ်သရွေ့ မင်းကို ရှာမယ် ကွ ... မင်းကို မြေလှန်ပြီးရှာမယ် ... ဟင်း ... မင်းဘယ်လောက် ပြေးနိုင်မလဲ ပြေးစမ်း ... မင်းကို မိအောင်ရှာမယ် ... မိအောင် ဖမ်းမယ်ကွ ... "

သူသည် စိတ်ထဲမှ ကြိမ်းဝါးနေသည်၊



"စန်ချိုယာကလေး ငါ့လက်ထဲရောက်တာနဲ့ ငါဟာ သိုင်း လောကရဲ့ မကိုင်နိုင်ဦးသျှောင်ဖြစ်ပြီ ... ငါ သိုင်းလောကရဲ့ မကိုင်နိုင် ဦးသျှောင်ဖြစ်ပြီ ... ငါ သိုင်းလောကရဲ့ မကိုင်နိုင်ဦးသျှောင်ဖြစ်လာ မယ့်ကိစ္စမှာ အတားအဆီးမှန်သမျှ ငါတွန်းလှန်သွားရမှာပဲ ... ရှင်းလင်းသွားရမှာပဲ ... "

ကျိုတောင်သည် စန်ချိုယာကလေးအား အဘယ်ကြောင့် မဲကြီးမဲကြီး ရှာဖွေနေသည်ကို ကျိုတောင်မှတစ်ပါး မည်သူမျှ မသိ နိုင်ပါ။ ကျိုတောင် ကိုယ်တိုင်သာ နားလည်ပေတော့မည်။

## ဒုက္ခအပုံပုံ

ဝန်တင်မြင်းလှည်းတစ်စီးသည် ပူပြင်းလှသော နေရောင်အောက်တွင် တရွေ့ရွေ့ဖြင့် မောင်းနှင်လျက်ရှိ၏။ ပူပြင်းလိုက်သည်မှာ ပြောစရာမရှိ၊ ကြက်ဥပင် ထိုပူပြင်းလှသော နေရောင်အောက်၌ ကျက်လောက်ပေသည်။

မိုးမရွာသည်မှာ ရက်အတန်ကြာခဲ့ပြီဖြစ်၍ အပူဒဏ်က သိသိသာသာ ကြီးစိုးလာသည်။ မြေများလည်း ပတ်ကြားအက်ခြောက်သွေ့လာခဲ့ပြီဖြစ်သည်။

မြင်းလှည်းမောင်းသောလမ်းမှာ ကြမ်းတမ်းဆိုးရွားသော လမ်းဖြစ်သည်။ မြင်းလှည်းသည် မြင့်ချည် နိမ့်ချည်ဖြင့် အမျိုးမျိုး



ပြောင်းလဲနေသည်။ ကျောက်တုံး ကျောက်ခဲများကလည်း ပေါများလာသည်။ ထို့ကြောင့် လှည်းကို မြန်မြန်မောင်း၍မရ၊ နှေးနှေးသာ မောင်းနှင်ရသည်။

အချို့နေရာများတွင် ဆူးပင်ခြုံပင်များက ပိတ်ဆို့တားဆီးနေ၏။ ထိုနေရာများကို တတ်နိုင်သမျှ ကွေ့ရှောင်သွားရသည်။

မြင်းလှည်းမောင်းသူမှာ ချည့်ချည့်နဲ့နဲ့ အဘိုးအိုတစ်ယောက်ဖြစ်သည်။ သူသည် အပူဒဏ်ကြောင့် ကျလာသော နဖူးမှ ချွေးများကို မကြာခဏသုတ်နေရသည်။ ချွေးကလည်း ကျလိုက်သည့်ဖြစ်ခြင်း၊ သုတ်လို့ကို မနိုင်ချေ။

သူ့ဝန်တင်မြင်းလှည်းမှာ မည်သို့သော ဝန်တင်မြင်းလှည်းဖြစ်ပါသနည်း။

သူ့မြင်းလှည်းပေါ်တွင် မုန်လာဥ၊ ဂေါ်ဖီထုပ်နှင့် ဖရဲသီးများ အပြည့်အမောက်တင်ထားသော ဝန်တင်မြင်းလှည်းဖြစ်ပါသည်။ လမ်းခရီးက ကြမ်းကြမ်း၊ ကုန်များက အပြည့်အမောက်နှင့် မနိုင်မနင်း ကသောင်းကနင်းရှိလှသည်။

မြင်းလှည်းမောင်းသမား အဘိုးအိုကတော့ မြင်းလှည်းကိုသာ ဂရုတစိုက် မောင်းနေသည်။ ရာသီဥတု ပူပြင်းမှုသည် သူ့အတွက် အရေးမကြီးသယောင်ယောင်။

နေကလည်း တဖြည်းဖြည်းမြင့်တက်လာသည်။ နေမြင့်

လာသည်နှင့်အမျှ နေကလည်းပြင်းလာသည်။ မကြာမီ အဘိုးအို သည် အတော်အသင့်စည်ကားသော ရွာကြီးတစ်ရွာသို့ ဆိုက်ရောက်လာလေသည်။

ရွာကြီးမှာ လုံခြုံသော ရွာကြီးဖြစ်သည်။ ဝါးစည်းရိုးဖြင့် ကာရံထားသည်ကို အဝေးမှမြင်ရသည်။ ထိုရွာကြီးမျိုးက သူခိုးဓားပြများ အနားကပ်နိုင်သည်မဟုတ်ချေ။

အဘိုးအိုသည် ခရီးတစ်ထောက်နားလိုဟန်ဖြင့် ထိုရွာကြီးဆီသို့ မြင်းလှည်းကို ဦးတည်လိုက်၏။ ရွာတံခါးမကြီးရှိရာသို့ မြင်းလှည်းကို မောင်းလိုက်သည်။

"ဟေ့ … ရပ် …"

ထိုအခါ တံခါးမကြီးအနီးမှ လူတစ်စု ဘွားခနဲ ထွက်ပေါ်လာပါသည်။

မြင်းလှည်းသမားအဘိုးအိုသည် လန့်သွား၏။ မြင်းလှည်းဇက်ကြိုးကိုလည်း ယောင်ယမ်း၍ဆွဲလိုက်ပါသည်။

လူတစ်စုသည် သာမန်လူတစ်စုမဟုတ်ပါ။ လက်နက်ကိုင်လူတစ်စုသာ ဖြစ်ပါသည်။ ဓားလှံလေးမြားများကို ကိုင်ဆောင်ထားပါသည်။ သူတို့၏ဝတ်စုံများက နယ်စားကြီး၏အထူးစစ်သည်ရဲမက်များဖြစ်ကြောင်း ဖော်ပြလျက်ရှိသည်။

သူတို့သည် အဘိုးအိုကို ရှေ့မှကာဆီးလိုက်၏။



"ဟေ့ … ရပ်လိုက်စမ်း …"

"ဘယ်က လှည်းလဲ …"

ခေါင်းဆောင်ဖြစ်သူက မြင်းလှည်းကိုတားဆီးပြီး မြင်းလှည်းမောင်းသူအဘိုးအိုကို သေချာစွာကြည့်၍မေးလိုက်သည်။

"အဘက ဟန်ကောင်းရွာက ပါပဲကွယ် … မြွေထွက်သီးနှံလေးတွေ ရောင်းချဖို့ထွက်လာတာပါ …"

အဘိုးအိုက တုန်တုန်ချည့်ချည့်နှင့်ပြောသည်။

"ခင်ဗျား ဘယ်အချိန်ကထွက်လာတာလဲ …"

"မနက်မိုးလင်းကတည်းကပါ …"

"ဒီအထိ တောက်လျှောက်မောင်းလာတာလား …"

"ဒီကြားထဲမှာ နားစရာရွာမှမရှိဘဲကွယ် … ဒီရွာထဲဝင်ရကာတလည်း နားရအောင်ပါ … ဒါကြောင့် တောက်လျှောက်မောင်းလာရတာပါ …"

ခေါင်းဆောင်လုပ်သူသည် ဘေးမှစစ်သည်ရဲမက်တစ်ယောက်ကို လှမ်းကြည့်လိုက်သည်။

ထို့နောက် အဘိုးအိုဘက်သို့ လှည့်လိုက်သည်။

"လမ်းမှာ တခြားခရီးသွားတွေကို တွေ့သေးသလား"

"ဘာဖြစ်လို့လဲကွယ် …"

"အဘိုးကြီး … လျှာရှည်လှချည်လား၊ တွေ့ရင်တွေ့တယ်

ပြော … မတွေ့ရင် မတွေ့ဘူးပြော …"

အဘိုးအိုမှာ ကြောက်ကြောက်ရွံ့ရွံ့ဖြစ်သွားသည်။

ထို့နောက် ရှိုရှိုသေသေဖြင့်ပြောသည်။

"မ …မတွေ့ပါဘူးကွယ် …ဘယ်သူမှ မတွေ့ပါဘူး …"

"အဘိုးကြီး …မှန်မှန်ပြောနော်၊ စကားမှားရင် ကြားထဲက ခားစာခံဖြစ်သွားလိမ့်မယ် …"

ခက်ရင်းခွလှံကြီးကို ကိုင်ဆောင်ထားသည့် ရဲမက်တစ်ဦးက ဝင်ရောက်ခြိမ်းခြောက်လိုက်ခြင်းဖြစ်သည်။

အဘိုးအိုသည် အတော်ကြီးကြောက်သွားသည်။

"အဘ မညာပါဘူးကွယ် …တကယ်မတွေ့ခဲ့တာပါ၊ ဒီလောက်ပူတဲ့ထဲမှာ အဘမို့လို့ ခရီးထွက်လာတာပါ … တခြား ဘယ်သူက ထွက်လာမှာတဲ့လဲကွယ် …"

ခေါင်းဆောင်ဖြစ်သူက အေးအေးဆေးဆေးမေးမြန်းလေ၏။

"စဉ်းစားစမ်းပါဦး …!. ခင်ဗျားသတိမကောင်းလို့ မေ့ချင် မေ့နေဦးမယ် …လူတစ်ယောက်နဲ့ ကလေးတစ်ယောက်ကို မတွေ့ခဲ့မိဘူးလား …"

အဘိုးအိုက ခေါင်းကိုခါယမ်းလိုက်သည်။

"ကလေးရော လူကြီးရော … ဘယ်သူမှ မတွေ့ခဲ့ပါဘူး



ကွယ် …ဒီလောက်ပူတဲ့ခရီးကို ကလေးခေါ်ပြီး ခရီးထွက်တဲ့လူရှိမှာ ကဲလား … ဘာဖြစ်လို့များလဲကွယ် …"

"အိုး … လျှာရှည်လိုက်တဲ့အဘိုးကြီး … တွေ့ရင် တွေ့တယ် …မတွေ့ရင် မတွေ့ဘူးပြောပေါ့၊ ဘာလဲ ကျုပ်တို့က အပြည့်အစုံ လိုက်ရှင်းပြနေရဦးမှာလား …ဘယ်သူ့ကိုမှ ကျုပ်တို့လိုက်ရှင်းပြမနေနိုင်ဘူး …"

အဘိုးအိုမှာ ဇက်ပုသွားသည်။

တုန်တုန်ယင်ယင် ကြောက်ကြောက်ရွံ့ရွံ့လည်း ဖြစ်သွားမိသည်။

"မ …မ …မသိလို့ မေးမိတာပါကွယ်၊ စစ်ဗိုလ်ကြီးတို့ကို အဘလိမ်ပြီး မပြောဝံ့ပါဘူး …အ …အကြောင်းထူးမရှိဘူးဆိုရင် အဘ …အဘကို သွားခွင့်ပြုပေးပါလား … နေမြင့်ရင် ကုန်တွေ ရှမ်းတုန်ပါလိမ့်မယ် …"

အဘိုးအိုက ပြောရင်း ကောင်းတင်ကို တစ်ချက်မော့ကြည့်လိုက်၏။

"အင်း …နေကလည်း ပြင်းလိုက်တာ …စစ်ဗိုလ်ကြီးတို့လည်း ပင်ပန်းနေကြမှာပဲနော်၊ အမောပြေ ရေငတ်ပြေ ဖရဲသီး စားကြပါလား၊ အဘခြံထွက် ဖရဲသီးတွေပါ …ချိုပြီး အေးနေတာပဲ စားကြပါ ယူကြပါ၊ အဘမှာ ဖရဲဦးခြောက်လုံး ခုနစ်လုံးတုန်လို့

မမွဲသွားပါဘူး ... ခုံရင်းခုံရင်းအတိုင်းပါပဲ ..."

အဘိုးအိုသည် ဖရဲသီးများကို စစ်သည်ရဲမက်များအား တစ်လုံးစီ ဝေငှပေးလိုက်သည်။ ရဲမက်များ ပြုံးရွှင်သွားကြသည်။ သူတို့လည်း လူသားများပေပဲ၊ လက်ဆောင်များရသဖြင့် အဘိုးအိုအား ကြည်ကြည်သာသာ သွားဖွင့်ပြကြသည်။

"တဲ ...တဲ ...သွားပေတော့ အဘိုးကြီး၊ ကျုပ်တို့ပြောတဲ့ လူကိုတွေ့ရင် ကျုပ်တို့ကို လာသတင်းပို့ ..."

"ဘယ် ...ဘယ်သူများလဲကွယ် ..."

"ဟိုဗျာ ... ကလေးတစ်ယောက်နဲ့ လူတစ်ယောက် ... ခင်ဗျားကို နယ်စားကြီးက ဆုငွေပေးလိမ့်မယ်သိလား ..."

"ဟုတ်လား ...နယ်စားကြီးက ဆုငွေပေးဖို့တောင် စီစဉ်ထားသလား ... အဲဒီလူဟာ လူဆိုးလား စစ်ဗိုလ်ကြီးရယ် ..."

"ဘာမှန်း ... ကျုပ်တို့လည်း မသိပါဘူးဗျာ ... နယ်စားကြီးအမိန့်မို့လို့သာ ကလေးနဲ့လူကို လိုက်ဖမ်းနေရတာ ...ခုထိလည်း ဘာသတင်းမှ မရသေးပါဘူး ..."

"ဩော် ... ဘာကောင်မှန်းမသိဘဲ ဖမ်းကြမှာပေါ့နော်"

"ဘာကောင်မှန်း မသိဘူးတော့ ဘယ်ဟုတ်လိမ့်မလဲဗျာ၊ ဒီကောင်ဟာ ပြစ်မှုတစ်ခုခုတော့ ကျူးလွန်မှာပေါ့၊ အနည်းဆုံး ကလေးကို ခိုးသွားတဲ့လူဖြစ်လိမ့်မယ် ...ဒါကြောင့်မို့ လိုက်ဖမ်းနေ



တာပေါ့ ..."

"တဲ ... အဘိုး သွားတော့မယ်နော် ..."

အဘိုးအိုသည် စစ်သည်ရဲမက်များကို နှုတ်ဆက်လျက် မြင်းလှည်းကို ခပ်သွက်သွက် မောင်းနှင်ပြီး ရွာထဲသို့ တန်းဝင်ခဲ့လေ၏။

မြင်းလှည်းသည် ရွာလမ်းမအတိုင်း ဆက်လက်၍မောင်းနှင်သွားသည်။ စစ်သည်ရဲမက်များသည် မြင်းလှည်းမောင်းအဘိုးအိုအပေါ် သံသယမရှိကြသဖြင့် လိုက်လံမကြည့်ရှုပါ။ သူတို့ရရှိသည့် ဖရဲသီးများကိုသာ ပျော်ပျော်ပါးပါး စားသောက်နေကြပါသည်။

ရွာလယ်ပိုင်းတွင် ဘုရားကျောင်းတစ်ခုရှိ၏။ ထိုဘုရားကျောင်းသည် ဝါးပင်များ တောထနေအောင် ပေါက်ရောက်နေသည့် မြေကြီးအလယ်တွင်ရှိသည်။ ဘုရားကျောင်းအတွင်း ဝင်လိုက်သည်နှင့် ဝါးပင်များအကြား ပျောက်ကွယ်သွားသည်အထိ ဝါးပင်များက အကာအကွယ်ကောင်းကောင်းပေးသည်။

အဘိုးအို၏မြင်းလှည်းသည် ဘုရားကျောင်းအတွင်းသို့ မောင်း၍ဝင်သွားသည်။ ဤသို့ အဘိုးအိုမောင်းဝင်သွားသဖြင့် မည်သူမျှ သံသယမဖြစ်ကြပါ။ ဘုရားကျောင်းဆိုသည်မှာ လူမျိုးမရွေး တည်းခိုနိုင်သည့်နေရာ မဟုတ်ပါလော။ ထို့ပြင် ဘုရားကျောင်း၌ နိုးသည်၊ ဈေးသည်၊ ကုန်သည်များ တည်းခိုနေကျ နေရာဖြစ်

သောကြောင့်တည်း။

သို့သော် ထိုနေ့က ဘုရားကျောင်းတွင် အခြားကုန်သည်များ၊ ပွဲစားများ ဝင်ရောက်တည်းခိုမနေကြပါ။ လူရှင်းနေသောကြောင့်တည်း။ ဧည့်သည်များသည် များသောအားဖြင့် ညနေချမ်းနှင့် ညဘက်အရောက်အပေါက်များသည်၊ ညပိုင်းတွင်သာ လူစည်ကားနေတတ်သည်။ ယခုကဲ့သို့ နေ့လယ်ပိုင်းတွင် လူသူမရှိကြပါ။

အဘိုးအိုသည် လှည်းကို ဘုရားကျောင်းလှေကားထစ်များအထိ မောင်းသွားသည်၊ လှည်းသည် လှေကားရင်း၌ ရပ်ချိန်နှင့်တစ်ပြိုင်နက်တည်းမှာပင် လှေကားရင်းထိပ်၌ လူတစ်ယောက် ပေါ်လာသည်။ ထိုသူကား အသက်အရွယ်ကြီးရင့်လှပြီဖြစ်သော ရသေ့ကြီးတစ်ပါးတည်း။

ရသေ့ကြီးသည် ဝါရဝပြုနေသော အဘိုးအိုအား ဝါရဝပြုလိုက်လေသည်။

ရသေ့ကြီးသည် ဝါရဝပြုနေသော အဘိုးအိုကို အေးအေးဆေးဆေးကြည့်ပြီး ...

"ဘယ်လိုလဲ ... ဆူဆူပူပူ ဘာမှမဖြစ်ခဲ့ဘူး မဟုတ်လားအားလုံး အေးအေးဆေးဆေးပဲ မဟုတ်လား ..."

ရသေ့ကြီးက မေးလိုက်ခြင်းဖြစ်သည်။

အဘိုးအိုက ...

"ရွာထိပ်မှာတော့ ဝိုင်းဝန်းပြီး စစ်မေးတာကို ခံလိုက်ရပါ



တယ် ...ဒါပေမယ့် သူတို့ ဘာမှသံသယမရှိပါဘူး၊ အေးအေးဆေးဆေးပဲ ရှိပါသေးတယ်၊ သူတို့ကို ဖရဲသီးခြောက်လုံး ခုနစ်လုံးလောက်တောင် ပေးလိုက်သေးတယ် ..."

အဘိုးအိုက လေသံတိုးတိုးပြီး ...

"သူတို့ကလေးတစ်ယောက်နဲ့ လူတစ်ယောက်ကို လိုက်ရှာနေတယ် ..."

ဟု တီးတိုးပြောလိုက်သည်။

"အင်း ... ဒီလောက်လျှို့ဝှက်တဲ့ကြားထဲကနေ ပေါက်ကြားသွားသေးတာကိုး ..."

"ပေါက်ကြားတာတော့ မဖြစ်နိုင်ဘူး၊ အနုမာနမှန်းဆထင်မြင်ပြီး လိုက်ရှာကြတာဖြစ်မယ် ... ကလေးအလောင်းကို တွေ့မှတွေ့ဘဲ ... အဲဒီတော့ ကျွန်တော်တို့ကို လိုက်ရှာကြမှာပေါ့ ..."

"အင်းလေ ...ဘာပဲဖြစ်ဖြစ် ...မင်းအဖို့ပိုပြီး သတိထားရတော့မယ် ... သူတို့ဘက်က ရှာနေကြပြီမဟုတ်လား ..."

"မှန်ပါတယ် ...ဒါပေမယ့် ကျွန်တော့်အစီအစဉ်ကို သူတို့သိကြတာမှမဟုတ်ဘဲ ... ရမ်းသမ်းပြီး ရှာနေကြတာပါ ..."

ရသေ့ကြီးသည် ဘုရားကျောင်းအပြင်ဘက်သို့ လျှောက်သွား၏။ ဘေးဘီဝန်းကျင်ကိုကြည့်ရှုပြီးနောက် မြင်းလှည်းအနီးသို့ပြန်လျှောက်လာသည်။

"ဘာမှမရှိဘူး ... သံသယမရှိတာတော့ အမှန်ပဲ၊ တ
အနားမှာတော့ ဘာစစ်သားမှမရှိဘူး၊ ကလေးရော ကျန်းကျန်း
မာပဲလား ..."

ရသေ့ကြီးသည် မြင်းလှည်းပေါ်သို့ကြည့်ပြီး မေးလိုက်၏

"ကလေးကတော့ ကျန်းကျန်းမာမာပါပဲ ..."

"တစ်ပါတည်း ပါလာခဲ့တယ်မဟုတ်လားဟင် ..."

"ဟုတ်ကဲ့ ... ပါလာခဲ့ပါတယ် ..."

"လမ်းမှာ ရွာထိပ်မှ စစ်တာဆေးတာလောက်ပဲ ခံခဲ့ရတာ
တခြား ဘာမှအစစ်အဆေးအမေးအမြန်း မခံရဘူးမဟုတ်လာ

"မခံရပါဘူး ...ကလေးကို ဆေးတိုက်ထားတယ် ...
မတိုက်ရင် ဘယ်ရမလဲ၊ ကလေးငိုတာနဲ့ သူတို့ရိပ်မိသွားမှာ
ခုတော့ ... တုတ်တုတ်တောင် မလှုပ်ဘူး၊ အိပ်မောကျလာတာ

အဘိုးအိုသည် စကားဆုံးသည်နှင့် မြင်းလှည်းပေါ်မှ
နှံများကို ဖယ်ရှားပစ်လိုက်သည်။ အောက်ဆုံး၌ နေသားတ
ခင်းကျင်းထားသော ဘူးသီးကြီးတစ်လုံးကို ပွေ့ယူလိုက်ပါသ
ဘူးသီးကြီးမှာ ထူးထူးခြားခြား ကြီးမားလှ၏။

အဘိုးအိုသည် သူ့ဘူးသီးကြီးကို ခွဲချလိုက်သည်။
တွင် ဝဝဖြိုးဖြိုးကလေးငယ်တစ်ယောက် နှစ်နှစ်ခြိုက်ခြိုက်အိပ်
နေပါသည်။



ရသေ့ကြီးသည် အရွယ်နှင့်မလိုက်အောင် ပေါ့ပါးလျင်မြန်
စွာ ချဉ်းကပ်လာပြီး ကလေးငယ်အား ပွေ့ချီလိုက်၏။ ထို့နောက်
ကလေးငယ်ကို စေ့စေ့စပ်စပ်ကြည့်သည်။

"အင်း ... အစက်အပြောက်တွေက တယ်များသကိုး၊ ဝါ
ကြောင့်လည်း ထူးခြားတဲ့ကလေးဖြစ်နေတာပေါ့လေ ..."

သူသည် ကလေးငယ်အား ညင်သာစွာနမ်းလိုက်ပြီး ...

"သခင်ကြီးရဲ့မျက်နှာနဲ့ တစ်ထေရာတည်းပဲနော် ...ဩော်
သခင်ကြီးသာရှိရင် ဘယ်လောက်များ ချစ်ရှာမလဲ ..."

ရသေ့ကြီးမှာ မချိတင်ကဲမျက်နှာဖြင့် ပြောလိုက်သည်။
ရသေ့ကြီးသည် တင်လုံးရသေ့ကြီးဖြစ်၍ အကြိမ်ကြိမ်အဖန်ဖန် စစ်
ဆေးပြီးနောက် ကျွန်းစီးမုံက အသိပေးခြင်းဖြစ်ပါသည်။ အကြောင်း
သိရသောအခါ ရသေ့ကြီးသည် အသက်စွန့်၍ ကူညီပါမည်ဟု
ကတိစကားပြောကြားခဲ့သည်။ ရသေ့ကြီးသည် ဆွေးမြည့်ကြေကွဲစွာ
ပြောနေမိပြီးမှ ...

"တဲ ... ဒီမှာ အကြာကြီးရပ်နေလို့ မတော်ဘူး၊ မတော်
တဆ လူမြင်သူမြင်ဖြစ်သွားရင် ဖြေရှင်းရခက်နေလိမ့်မယ်၊ လာ
လာ ... အထဲကိုလိုက်ခဲ့ ..."

ရသေ့ကြီးသည် ကလေးကိုချီရင်း အခန်းထဲကို ခေါ်သွား
၏၊ အဘိုးအိုက ခပ်သုတ်သုတ်လိုက်သည်။

ဘုံကျောင်းအတွင်းခန်း၏ ခေါင်းဘက်တွင် စကျင်ကျော
မြင့် ပြုလုပ်ထားသော ကောင်းကင်နတ်သမီးရုပ်ရှိ၏။ ရသေ့ကြီး
သည် ကောင်းကင်နတ်သမီးရုပ်ရှေ့၌ ရပ်လိုက်၏။

ကလေးငယ်ကို အဘိုးအိုထံ ပြန်ပေးသည်။ ဂရုတစိုက်
ယုယုယယပြန်ပေးသည်။ အဘိုးအိုကလည်း ဂရုတစိုက်ယူလို
သည်။

ပြီးမှ ...နတ်သမီးရုပ်တု၏လက်ထဲမှ သံလျက်ကိုယူလို
ရာ ...

"ကျွီ ..."

"ဂျလိမ်း ... ဂျလိမ်း ..."

အုံဩဖွယ်ကောင်းလောက်အောင် ရုပ်ထုသည် နေရာ
သွားပြီး အပေါက်ကြီးတစ်ပေါက် ပေါ်လာတော့သည်။

"ကဲ ...အောက်ကို မြန်မြန်ဆင်း ...အထဲမှာ လိုလေ
မရှိအောင် စီစဉ်ထားတယ်၊ လောလောဆယ်မဟုတ် ဒီမြေအော
ခန်းမှာပဲ နိုနားရလိမ့်မယ် ...သူတို့ဘက်ကလည်း သံသယမရှိ
ဒီဘုရားကျောင်းမှာ ခေတ္တခိုလှုံနေတာ ဘေးရန်ကင်းပါတယ်၊
သာမှ ခရီးဆက်ကြတာပေါ့၊ ကဲ ... ကဲ ... ဆင်း ..."

အဘိုးအိုသည် တုံ့ဆိုင်းမနေတော့ဘဲ ကလေးငယ်ကို
ချီကာ အောက်သို့ခုန်ဆင်းလိုက်သည်။ လှေကားထစ်များရှိ
ထိုလှေကားထစ်များအတိုင်း ဆင်းချသွား၏။



မည်သို့ပင်ဖြစ်ဖြစ် အဘိုးအိုကား မြေတိုက်ခန်းသို့ရောက်
ခဲ့လေပြီ။

"ဂျိမ်း ... ဂျလိမ်း ..."

မြေတိုက်အခန်းသည် ပြန်လည်၍ပိတ်သွား၏။ ကောင်း
ကင်နတ်သမီးရုပ်ထုသည် မူလနေရာ၌ သံလျက်ကိုင်၍ ရပ်နေလေ
သည်။

မြေအောက်ခန်းသည် ကျဉ်းကျဉ်းကလေးမဟုတ်ချေ။
အတန်အသင့် ကျယ်ဝန်းပေသည်။ အလင်းရောင်ရရှိအောင်လည်း
ဆောက်လုပ်ထားသည်။ အခန်းထဲတွင် လူကြီးရော ကလေးအတွက်
ပါ အသုံးအဆောင်ပစ္စည်းများ လိုလေသေးမရှိအောင် ပြင်ဆင်ထား
ခြင်းပေတည်း။

တင်လုံးရသေ့ကြီးသည် အစစအရာရာကြို့တင်စီမံနိုင်စွမ်း
ရှိပေသည်။ ကလေးအသုံးအဆောင်များကို စဉ်းစားတွေးတောထား
ခြင်းက ထိုအချက်ကို ဖော်ပြနေသည်။

စားရေရိက္ခာအတွက်လည်း မပူရချေ။ ဆယ်ရက်စာ၊
ဆယ့်တစ်ရက်စာမျှ ထားရှိလေ၏။ တင်လုံးရသေ့ကြီးသည် စားရေ
ရိက္ခာကို ထို့ထက်ပို၍ မစုဆောင်းခြင်းမှာ စားရေရိက္ခာပျက်စီးခြင်း
မှ ကာကွယ်ရန်ဖြစ်ပေသည်။

အဘိုးအိုသည် ယခုမှ အလုံးကြီးကျသွားဟန်ဖြင့် ဝှူးခနဲ
သက်ပြင်းချလိုက်သည်။

"ဟူး ... မင်း ကံကောင်းနေတုန်းပါပဲ ကလေးရယ် ..."

သူသည် ပြောရင်း ကလေးငယ်၏ မျက်နှာကိုစေ့စေ့ စ
စ်ကြည့်လိုက်၏။ ထို့နောက် ကလေးငယ်တစ်ကိုယ်လုံးကို ကြည့်
သည်။

ကလေးငယ်ကိုယ်ပေါ်တွင် ထူးခြားဆန်းကြယ်သည့်အရေး
အကြောင်း အမှတ်အသားများသည် သူ့အတွက် ပဟေဠိတစ်ပု
သဖွယ် ဖြစ်နေသေး၏။ သူ မည်သို့မျှနားမလည်နိုင်ချေ။ ဆက်စ
စဉ်းစား၍လည်း မရချေ။ သူသည် နှံ့နှံ့စပ်စပ်တွေးတော စဉ်းစာ
နေသော်လည်း အဖြေပေါ်မလာသဖြင့် ခေါင်းတယမ်းယမ်းလုပ်
လေ၏။

"အင်း ... ဒီအရေးအကြောင်းတွေကြည့်ပြီး ငါစဉ်းစား
တာ ကြာနေပြီ ... အခုထိ စဉ်းစားလို့မရဘူး၊ သိုင်းကွက်တော
သိုင်းကွက်တွေပဲ၊ ဘာသိုင်းကွက်တွေမှန်း မသိတာက ခက်နေတယ်"

သူ ညည်းညူမိသည်။

"အင်း ...တကယ်တော့ သိုင်းကွက်တွေကတော့ အဆ
ဝီရိုတာ ဖြစ်လိမ့်မယ် ... ငါလည်း ညဏ်မမီတာ ဖြစ်လိမ့်မယ်"

အဘိုးအိုသည် တစ်ယောက်တည်း ရေရွတ်နေမိသည်
ထို့နောက် ကလေးကိုချလျှက် အခန်းပတ်ဝန်းကျင်ကို လျှောက်ကြ
မိသည်။ စားပွဲတစ်လုံးပေါ်တွင် ကြေးမုံတစ်ချပ်ကို တွေ့ရသ
ကောက်ယူကြည့်မိသည်။



အတန်ကြာမှ သူပြုံးလာသည်။

"အင်း ... ငါအသက်ကြီးလာတဲ့အခါ ငါ့ရုပ်ကလည်း ဒီ
အတိုင်းပဲဖြစ်လာလိမ့်မယ်နဲ့တူတယ်၊ ပင်ကိုယ်မျက်နှာကို အခြေခံ
ပြီး ရုပ်ဖျက်ထားတာပဲ ..."

သူ့စကားကို သူသဘောကျပြီး မျက်နှာပေါ်ကပ်နေသည့်
အသားကပ်မျက်နှာဖုံးတုကို အသာဆွဲလှန်မ,လိုက်သည်။ ထိုအခါ
မျက်နှာဖုံးအတုသည် လက်ထဲ၌ပါသွားလေတော့သည်

ယခုပေါ်လာသည့် မျက်နှာကား ကျန်းစီးမုံ၏ မျက်နှာပေ
တည်း။

အဘိုးအိုအဖြစ် ကျန်းစီးမုံရုပ်ရည်ကို ပြောင်းထားခြင်းဖြစ်
သည်၊

ပီပြင်လွန်းသဖြင့် သူ့ကို အဘိုးအိုဟုပင် ထင်မှတ်ခဲ့ကြ
လေသည်။

အိပ်ရာပေါ်မှ ကလေးမှာ စန်ချီယာကလေးဖြစ်၏။

ကျန်းစီးမုံသည် စန်ချီယာကို ခေါ်ဆောင်လျက် ခနီးထွက်
လာချိန်မှစပြီး သူ့မျက်နှာကို အမျိုးမျိုးရုပ်ပြောင်းလဲခဲ့ပေသည်။

အမဲလိုက်မုဆိုးအသွင်လည်း ရုပ်ဖျက်ပြောင်းလဲခဲ့ရသည်။

အမဲလိုက်မုဆိုးအသွင် ရုပ်ဖျက်ရာတွင် တကယ့်လေး မြား
များကို ကိုင်ဆောင်လျက် မုဆိုးအသွင် ပီပြင်အောင် သရုပ်ဆောင်
ခဲ့ရသည်။

ဒုက္ခိတသူတောင်းစားအဘိုးအိုအဖြစ်လည်း ဟန်ဆောင်ခဲ့ရ၏။

ဒုက္ခိတသူတောင်းစား အဘိုးအဖြစ်ကား လွယ်ကူလှပါသည်။

အဝတ်အစား စုတ်စုတ်ပြတ်ပြတ်ဖြင့် ရှပ်ရည်ကိုပြောင်းလဲလိုက်ရုံပင်။

အိမ်တကာလှည့်၍ တောင်းလိုက်ရုံဖြင့် သူတောင်းစားအဘိုးအိုဖြစ်သွားပါသည်။

ရသေ့အဖြစ်လည်း ဟန်ဆောင်ခဲ့၏။

ရသေ့ဝတ်ရုံ ခြုံလိုက်လျှင်ပင် လူ့အသွင်တပျောက်ကွယ်သွားသည်။

ယခုတော့ သာမန်အဘိုးအိုတစ်ယောက်အဖြစ် ရုပ်ဖျက်ခဲ့လေသည်။

ဘုရားကျောင်းထဲမှ ရသေ့ကြီးကို တာစင်ကူက အသိအမှတ်ပြုသည်၊

သို့သော် ချူယွန်နှင့် ကျန်းစီးမုံလောက် မကိုးစားဝံ့သဖြင့် တာစင်ကူက အသိပေးရန် နှောင့်နှေးခဲ့ပေသည်။

တာစင်ကူက အသိမပေးဝံ့သော်လည်း ကျန်းစီးမုံက အသိပေးခဲ့ပေသည်။

သူသည် အခြေအနေအရ အသိပေးသင့်သူ၊ အသိမပေးသင့်သူများကို ခွဲခြားရာတွင် တင်လုံးရသေ့ကြီးသည် အသိပေးသင့်သူများတွင် ပါဝင်သွား၏။

ဤသို့ဖြင့် တင်လုံးရသေ့ကြီးသည် အလုံးစုံသိခွင့်ရသွားသည်။

တကယ်လည်း သစ္စာရှိပါသည်။

တင်လုံးရသေ့ကြီးသည် အသက်သေသည်အထိ တာစင်ကူအပေါ် သစ္စာရှိမည့် ပုဂ္ဂိုလ်ဖြစ်ပါသည်။

ကျန်းစီးမုံခရီးကား မဆုံးသေးပါ။

စန်ချီယာကလေးကို ခေါ်လျက် ခရီးဆက်ရဦးမည်ဖြစ်ပါသည်။

ရသေ့ကြီး၏ဘုရားကျောင်းသည် ကြားစခန်းသာဖြစ်ပါသည်။

သို့ရာတွင် ကြားစခန်းသည် လုံခြုံစိတ်ချရသည့်စခန်းဖြစ်ဖို့ လိုပါသည်။

ယခု မျက်မြင်အခြေအနေအရ ဘုရားကျောင်းသည် အလုံခြုံဆုံးဖြစ်နေသည်။

အပြင်ဘက်၌ရှိသော ဝန်တင်မြင်းလှည်းနှင့် အသီးအနှံများကို ရသေ့ကြီးက ဖျောက်ဖျက်ပစ်ပြီးလေပြီ။

ကျန်းစီးမုံလည်း ခရီးပန်းလှ၏။

စန်ချီယာကလေးမှာလည်း အိပ်ပျော်နေဆဲပင်။

ထို့ကြောင့် ကျန်းစီးမုံသည် ကလေးဘေး၌ လှဲချကာအပန်းဖြေလိုက်၏။

ထိုအခါ သူမျက်လုံးများလေးလာကာ အိပ်ပျော်သွားလေတော့သည်

ဪ ... ကျန်းစီးမုံ ... ကျန်းစီးမုံ၊ သူ့ဘဝသည် ဤကလေးငယ်ပင် ဖြစ်ချေတော့သည်။

... ... ...



## အဟန့်အတားတစ်ခုကို ကျော်ဖြတ်ခြင်း

"ဝုန်း ..."

"ဝေါ ..."

"ဖြောင်း ..."

"ဒိုင်း ..."

ဆူညံသံများသည် ကျယ်လောင်လှ၏။

ထိုဆူညံသံများကြောင့် ကျန်းစီးမုံ ဆတ်ခနဲ နိုးလာသည်။ ထိုအခါ အဆင်သင့် ထရပ်လိုက်သည်။

ပူပင်ရသော အခြေအနေ၌ အမြိတမ်းနိုးနိုးကြားကြားရှိသင့်သည် မဟုတ်ပါလား။

လက်ထဲ၌ကား ကြိုးတစ်ချောင်းပမာ ပျော့ပျောင်းလှသော ကြိုးမားကိုလည်း အဆင်သင့်ကိုင်ထားပြီးလေပြီ။

ဘာဖြစ်လေသည်မသိ၊ ဆူညံသောအသံများက အခန်းတွင်းပြည့်နေသည်။

မီးခိုးငွေ့များကလည်း အခန်းတွင်း ပြည့်နေသည်။

ပြိုလဲသံ၊ အော်ဟစ်သံများ ဆူညံနေသည်။ တိုက်သံခိုက်သံများကိုလည်း အပေါ်ဘက်မှကြားနေရသည်။

"ကျွန်းစီးမုံ ..."

သူ့အားခေါ်သံသည် မြေတိုက်အောက်ခန်းတွင် ဟိန်းထွက်သွားသည်။

ပင်ကိုအသံသည် မြေတိုက်ခန်းတွင် ဟိန်းနေမည်ကတော့ အမှန်ပင်။

အသံမှာ ရသေ့ကြီး၏အသံပင်ဖြစ်သည်။ အနားကပ်၍ ခေါ်လိုက်သလို ကြားလိုက်ရသည်။

ရသေ့ကြီးသည် မြေတိုက်ခန်းနှင့် အပေါ်ထပ်ကို လိုက်ခေါင်းမှတစ်ဆင့် စကားပြော၍ရရန် ပြုလုပ်ထားခြင်းဖြစ်ပုံရသည်။

"ကျွန်းစီးမုံ ... ကလေးကိုခေါ်ပြီး လွတ်အောင်ပြေးပေတော့ ...ငါထပ်ပြောမယ်၊ ကလေးကိုခေါ်ပြီး လွတ်အောင်ပြေးပေတော့၊ သူတို့လာနေကြပြီ၊ ဘယ်လိုသတင်းရသွားမှန်း မသိဘူး ... ရန်သူတွေ ဘုရားကျောင်းကိုဝိုင်းနေပြီ ...မကြာခင် မြေတိုက်ခန်း



ကို ဆင်းလာလိမ့်မယ် ... အချိန်တုန်ခံပြီး တိုက်မနေနဲ့ ... တိုက်လည်း နိုင်မှာမဟုတ်ဘူး ..."

ရသေ့ကြီး၏အသံမှာ ဟိန်းနေသည်။

"အပေါ်ကိုမတက်ခဲ့နဲ့ ...မင်းအခန်းရဲ့နံရံကို ဖိတွန်းလိုက်တံခါးပွင့်သွားပြီး ဥမင်လမ်းပေါ်လာလိမ့်မယ် ...အဲဒီကနေ သွားမြစ်ကမ်းနားကို ရောက်သွားလိမ့်မယ် ..."

ရသေ့ကြီးသည် သူ့အား ဟန်ကျို(ခေါ်) ရှေးဟောင်းတရုတ်ဘာသာစကားဖြင့် ပြောခြင်းဖြစ်ပေသည်။

ရသေ့ကြီးသည် ကျွန်းစီးမုံ ဟန်ကျိုဘာသာစကားတတ်မြောက်ကြောင်း သိထားသည်။

စကားသံဆုံးသည်နှင့် ပေါက်ကွဲသံများ လိမ့်ဝင်လာသည်။

"ဝုန်း ..."

"ဒိုင်း ..."

"ဖြောင်း ..."

"အား ..."

ရသေ့ကြီး၏ အော်သံပင်။

"ပြေး ...ကျွန်းစီးမုံ၊ မင်းလွတ်အောင်ပြေး ...ကလေးကိုခေါ်သွား ... လွတ်အောင်ပြေး ..."

ရသေ့ကြီး၏အသံသည် တိမ်ဝင်ပြီး ပြတ်တောက်သွားသည်။

ရသေ့ကြီးသေဆုံးသွားပြီဟု ထင်ရသည်။

ကျွန်းစီးမုံသည် အံကိုတင်းတင်းကြိတ်မိသည်။

သူသည် အလျှော့မပေးလိုသော လူစားမျိုးဖြစ်သဖြင့် မြေတိုက်ခန်းအပေါ်သို့တက်ကာ ရန်သူများကို တိုက်ခိုက်လိုသည်၊

သေခါမှ သေစေတော့။

သခင်ကြီးတာစင်ကူ အတိုက်ခံရသောအခါကလည်း သူသည် မြေပေါ်တက်ခဲ့သည်။

ရန်သူများကိုတိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့သည်။ သူတက်လာသောအခါ ရန်သူများက မရှိတော့။

ဤသို့ပင် ဆုံးဖြတ်ခဲ့ဖူးသည်။

ဤသို့ပင် ပြုမူခဲ့ဖူးသည်။

သို့သော် ...သို့သော် ...စန်ချိယာကလေးက ရှိနေသည်၊

ယခုတစ်ခါတွင် မည်သူမျှ စန်ချိယာကလေးကို ကယ်တင်မည့်သူ မရှိချေ။

သူသည် သူ့အကြံကို လက်လျှော့လိုက်ကာ ကလေးငယ်အား ကောက်ချီလိုက်သည်။

စန်ချိယာကလေးလည်း အိပ်ဆေးတန်ခိုးပြယ်လေပြီ။

ကလေးသည် နိုးနေချေပြီ။

သို့သော် ကလေးသည် ငိုကြွေးခြင်းမရှိဘဲ သူ့ကိုမျက်လုံးကလေး အဝိုင်းသားဖြင့် ကြည့်နေသည်။



ကလေးသည် အလွန်သနွေကောင်းသည်။ ငိုခြင်း၊ ရယ်ခြင်း နည်းပါးသည်။

ကျွန်းစီးမုံအဖို့ အခြားရွေးချယ်စရာ လမ်းမရှိတော့။

ပြေးမှဖြစ်တော့မည်။ စန်ချိယာကလေးကို သယ်ပြေးမှဖြစ်တော့မည်။

ထို့ကြောင့်ပင် ရသေ့ကြီးက ...

"ပြေး ... ပြေး ... ကလေးကို သယ်ပြေး ..."

ဟု ပြောခဲ့ခြင်းဖြစ်သည် မဟုတ်ပါလား။

သို့ဖြင့် ရသေ့ကြီးပြောသည့်အတိုင်း ခေါင်းရင်းဘက်နံရံကိုဖိ၍ တွန်းကြည့်လိုက်သည်။

"ကျွီ ..."

"ဝေါ ..."

နံရံသည် တစ်ဖက်သို့ရွေ့သွားပြီး လူတစ်ကိုယ်စာဝင်နိုင်သော အပေါက်တစ်ပေါက်ပေါ်လာသည်။ မြစ်ကမ်းနဖူးနှင့် ဆက်သွယ်ထားသည့် ဥမင်လိုဏ်ခေါင်းလမ်းသာဖြစ်သည်၊ ဥမင်လမ်းကား တစ်ခုလုံး ပိန်းပိတ်အောင် မှောင်နေသည်၊

ကျွန်းစီးမုံမှာ စဉ်းစားရန် အချိန်မရှိတော့ပါ၊ သူသည် ကလေးကို တစ်ဖက်က ပွေ့ချီလျက်၊ တစ်ဖက်က နွယ်ခွေဓားကို ကိုင်လျက်၊ မမြင်ရအောင် ပိန်းပိတ်မှောင်နေသော ဥမင်လမ်းအတိုင်း ပြေးထွက်ခဲ့တော့သည်။

ဥမင်လမ်းသည် လှို့ဝှက်ဝယ်ပေါက်အဖြစ် စီမံထားပုံရ
သည်။

အထူးပြေးလမ်းအဖြစ် စီမံထားပုံရသည်။ အဘယ်ကြောင့်
ဆိုသော် ဥမင်လမ်းအတွင်း ကျန်းစီးမုံ ပြေးလွှားရာတွင် လုံးဝ
အသက်ရှုကျပ်ခြင်း မရှိ။ လေကို ကောင်းစွာရပြီး လမ်းတစ်
လျှောက်တွင် ခလုတ်တန်သင်းလုံးဝမရှိဘဲ ချောမွေ့နေသော
ကြောင့်ပေတည်း။

ကျန်းစီးမုံသည် ထိုလမ်းအတိုင်း အတော်ပြေးလွှားခဲ့ရ
သည်။ နောက်ဆုံး အလင်းရောင်ကို လက်ခနဲမြင်လိုက်ရသဖြင့်
အပေါက်ဝနှင့် နီးလာပြီကို သိလိုက်မိသည်။ ဥမင်ပေါက်ဝသည်
အလင်းရောင်ဝင်သည် မဟုတ်ပါလား။

"ဖျပ် ... ဖျပ် ... ဖျပ် ... ဖျပ် ..."

"ဖျပ် ... ဖျပ် ... ဖျပ် ... ဖျပ် ..."

ပထမတွင် ဘာသံမှန်းမသိပေ၊ နောက်မှ ဟွမ်ဟိုမြစ်မှ
လှိုင်းပုတ်သံများဖြစ်ကြောင်း ရိပ်မိသည်။ ဥမင်လမ်းပေါက်ဆုံးလေ
ပြီ။ ဟွမ်ဟိုမြစ်ကမ်းစပ်သို့ ရောက်လေပြီ။

ကျန်းစီးမုံသည် ဝမ်းသာအားရ ဟွမ်ဟိုမြစ်ကမ်းစပ်သို့
ထွက်လိုက်သည်။

"ဝိုး ..."

"ဝှစ် ..."



"ဝှစ် ..."

ဓားရိပ်များသည် ယှက်ဖြာသွားသည်။ သူ့ပတ်ပတ်လည်
တွင် လူသုံးယောက်သည် ဓားသုံးချောင်းဖြင့် အသင့်စောင့်နေလေ
၏။

"ဟိတ် ... မပြေးနဲ့ ..."

"မင်း ဘယ်ကိုပြေးမှာလဲကွ ... ဟား ... ဟား ... ဟား"

လူသုံးယောက်သည် လမ်းကိုပိတ်ဆို့ရင်း ခုန်ဝင်လာကြ
သည်။ ကျန်းစီးမုံ ထွက်ပေါက်ပိတ်သွားလေပြီ။ သုံးယောက် တစ်
ယောက်ဆိုသည်မှာ တော်ရုံတန်ရုံ ပညာနှင့်ယှဉ်၍မရနိုင်ပေ။ ပိတ်
ဆို့နေသောလူများမှာ နယ်စားကြီးကျိုတောင်၏ လူများပင်ဖြစ်ကြ
သည်။

"အသက်မသေချင်ရင် မင်းလက်ထဲက ကလေးကိုပေး"

"မင်းလက်ထဲက ကလေးကိုသာ ပေးပါကွာ ... မင်းကို
ဘာမှမလုပ်ပါဘူး ..."

သူတို့ပြောမည့်သာ ပြောနေသည်။ ကလေးရရှိသွားလျှင်
ကျန်းစီးမုံကို အသက်ရှင်လျက် ထားမည်မဟုတ်တော့ချေ။

ကျန်းစီးမုံသည် အခြေအနေကိုကြည့်ရင်း ခပ်တည်တည်
ပင် ရပ်နေသည်။ သူသည် တွေးနေသည်။ ဤလူများသည် ကလေး
ကိုလိုချင်၍ သဲကြီးမဲကြီးလိုက်နေသော လူများဖြစ်သည်။ သူတို့
သည် စန်ချီယာလေးအား ခေါ်ဆောင်သွားလိုကြသည်။

ထို့ကြောင့် ကလေးဒဏ်ရာရအောင်၊ သေဆုံးအောင် လုပ်ဝံ့ကြမည် မဟုတ်ချေ။ ထို့ကြောင့် သူ့အား ကြမ်းကြမ်းတမ်းတမ်း မတိုက်ခိုက်နိုင်ပါ။ ကြမ်းကြမ်းတမ်းတမ်းတိုက်လျှင် ကလေးဒဏ်ရာရသွားပေမည်။ ထို့ကြောင့် မိမိအား ကြမ်းကြမ်းတမ်းတမ်းမတိုက်ခိုက်နိုင်ဟု တွက်ဆမိလိုက်သည်။

မှန်သည်။ သူတွက်ဆသည်မှာ အမှန်ပါပဲ။

ထိုသို့ တွက်ဆမိသည်နှင့် ကျန်းစီးမုံ ကလေးကိုပို၍ တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်သည်။ ကလေးသည် ရင်ခွင်ထဲတွင် ကပ်လျက်ရှိသည်။

"မင်းတို့ ဘယ်သူတွေလဲ ... ဘာလုပ်မလို့လဲ ..."

"မင်းစကားမရှည်စမ်းပါနဲ့ ... ကလေးကိုပေးမှာသာ ပေးစမ်းပါ ..."

"ဟ ... မင်းတို့ ဘယ်သူတွေမှန်းမသိဘဲနဲ့ ကလေးကို ပေးရမှာလားကွ ... မင်းတို့ဘယ်သူဘယ်ဝါဆိုတာ ပြောဦးမှပေါ့ ..."

"ဟား ... ဟား ... ဟား ... ငါတို့က ကလေးအလှူခံတွေကွ ဘယ်သူဘယ်ဝါဆိုတာ ပြောနေဖို့မလိုဘူး ..."

"ဘယ်သူဘယ်ဝါဆိုတာ ထုတ်မပြောရင်တော့ ကလေးကို မရဘူးကွာ ..."

သုံးယောက်သားမှာ ရယ်မောလိုက်ကြသည်။



"ဟား ... ဟား ... ဟား ... ဒါဆိုရင် မင်းနောင်တရသွားလိမ့်မယ် ..."

သူတို့အုပ်စုသည် ခြိမ်းခြောက်၍သာနေသည်။ တကယ် လုပ်မည့်ဟန် မပြကြပေ။

သူတို့သည် ယခုတိုင် တိုက်ခိုက်ခြင်းမရှိသေးပေ။ သူတို့ လက်ထဲတွင် ဓားကိုယ်စီရှိနေသည်။ ဓားများကတော့ ဦးတမော့ မော့နှင့် ဖြစ်နေသည်။ သူတို့ထဲမှတစ်ယောက်က ပြောသည်။

"မင်း ဘယ်လိုပြေးပြေး မလွတ်ပါဘူးကွာ ... ဒီကိုရောက်လာမယ်ဆိုတာ ... ကျိန်းသေသိလို့ တို့ကစောင့်နေတာပဲ ... နောက်ဆုံးတော့ မင်းရောက်လာတာပဲ မဟုတ်လား ..."

ကျန်းစီးမုံက ပြန်မေးလိုက်သည်။

"မင်းတို့ ဒါလူအကုန်ပဲလား ..."

သူတို့သုံးယောက်ထဲမှ တစ်ယောက်က တဟားဟားရယ်သည်။

"မင်းလိုကောင်မျိုးကိုတိုက်ဖို့ ... တို့မှာ လူများများလိုမယ် မထင်ပါဘူး ... အခု တို့သုံးယောက်တောင် များနေတယ်ထင်သေးတယ်ကွ ..."

ကျန်းစီးမုံက မဲ့ပြုံးပြုံး၍ ပြောလိုက်သည်။

"အင်း ... မင်းတို့သုံးယောက်နဲ့ဆိုတော့ ... ဗျင်းစရာ

အကောင်းသားကွ ..."

အမှန်မှာ ကျန်းစီးမုံကလည်း အခြေအနေကို အကဲခတ်နေခြင်းဖြစ်သည်။ သို့မှသာ သူတို့၏လက်စွမ်းခြေစွမ်းကို အကဲခတ်နိုင်မည်ဖြစ်သည်။ သုံးယောက်တစ်ယောက်ဆိုတော့ အကဲခတ်ရမည်လေ။

"ဟား ...ဟား ...ဟား ...အာပဲပြောပြော တတ်နိုင်ရင် မင်းကို တစ်ယောက်တည်း အပိုင်ဖမ်းချင်တယ်၊ ဒါမှ နယ်စားကြီး ပေးမယ့် ဆုတော်လာဘ်တော်တွေကို ခွဲယူမနေရဘဲနဲ့ တစ်ယောက်တည်းရမှာ ..."

"ဘယ်က နယ်စားကြီးလဲ ..."

"ဘယ်က နယ်စားကြီးလဲဆိုတော့ ...ချောင်ပိုနယ်စားကြီးပေါ့ကွာ ..."

"ဟား ...ဟား ...ဟား ...တောင်တန်းနဂါးကျိုတောင်ပေါ့ ဟုတ်လား ..."

"ဘယ်သူကမှ နယ်စားကြီးရဲ့နာမည်ကို ထုတ်ဖော်မခေါ်ရဲဘူးကွ ... မင်းသေချင်ပြီနဲ့တူတယ် ..."

ဤသူများသည် တောင်တန်းနဂါးကျိုတောင်၏စစ်သည်ရဲမက်များဖြစ်သည်။ သုံးယောက်ထက်မပိုဟူသောအချက်ကို ကျန်းစီးမုံ သိလိုက်ရပေပြီ။ အခြားသူများကား မရှိ။ ရှိလျှင် အသိမပေးဘဲ နေဝံ့ကြမည်မဟုတ်ပေ။



သူတို့သည် စိတ်ထင်နှင့် လာစောင့်နေသူများဖြစ်၏။ ယခု သူတို့စိတ်ထင် မှန်နေလေပြီ။ ကျန်းစီးမုံသည် ကလေးနှင့်ရောက်လာချေပြီ။

"ဒါဖြင့် ဖမ်းလေကွာ ...ဟဲ ...ဟဲ ...ဟဲ ...ကျိုတောင်ကြီးက ဆုလာဘ်ရ မရတော့ ငါအာမမခံနိုင်ဘူး ...ငါ့ဆီက ဒဏ်ရာရသွားစေရမယ်ဆိုတာတော့ ငါအာမခံတယ် ..."

ထိုအခါ စစ်သည်ရဲမက်သုံးဦးသည် ရှုံ့မဲ့ရှုံ့မဲ့ ရှားရှားဖြစ်သွားကြ၏။

"မင်းကလား ဒီလိုပြောရဲတာ ..."

"ပြောရဲတာ အဆန်းလားကွ ...မင်းတို့သုံးယောက်ကို ငါ့အနေနဲ့ လုပ်ချင်တိုင်း လုပ်လို့ရတာပဲ ဥစ္စာ ..."

ကျန်းစီးမုံက တမင်ရန်စဖြစ်ခြင်းဖြစ်သည်။ ဒေါသသည် အမှားဖြစ်စေသည် မဟုတ်ပါလား၊ စစ်သည်သုံးယောက်သည် အမှန်တကယ် ဒေါသထွက်လာကြလေပြီ။

ရှေ့ဆုံးမှလူသည် ကျန်းစီးမုံအား ဝင်ရောက်တိုက်ခိုက်သည်။

"ဝိုး ..."

"ရွှမ်း ..."

"ခြွမ်း ..."

ခါးခါးချင်း ပြင်းထန်စွာ ထိခိုက်သွားပြီး နှစ်ယောက်စလုံးပင် နောက်သို့ယိုင်သွားကြသည်။ ကလေးကို ပွေ့ချီထား သော ကျန်းစီးမုံက ပို၍ အခြေအနေပျက်သွားသည်။

ထိုအခါ ကျန်နှစ်ယောက်ကလည်း ကျန်းစီးမုံကို ပြိုင်တူ ဝင်ရောက်တိုက်ခိုက်ကြလေတော့သည်။

"ဒိုး ..."

"ရွှမ်း ..."

"ခြွမ်း ..."

ကျန်းစီးမုံမှာ ကလေးကိုပွေ့ချီလျက် ခုခံနေရသော ကြောင့် ဓားကွက်ကျဲကျဲကို အသုံးပြုနေရသည်။ တစ်ယောက်ပြီး တစ်ယောက် ခုခံနေရသောကြောင့် ဓားကွက်မကျဲလျှင်လည်း မရ ချေ။ ကျန်းစီးမုံ၏ ဓားကွက်မှာ လျင်မြန်လှသောကြောင့် ရန်သူ များ အနီးမကပ်ရဲချေ။ ကလေးကို ထိခိုက်မည်စိုးရိမ်ခြင်းလည်းပါ သည်။

"ကဲ ...ဖမ်းမယ်ဆို၊ဖမ်းကြလေကွာ ...မင်းတို့ ဒီပုံအတိုင်း ဝိုင်းနေလို့ကတော့ မရဘူးကွ ...ဇွတ်တရွတ်ဝင်ဖမ်းမှ ငါ့ကို မိမယ်"

ကျန်းစီးမုံက မခံချင်အောင် ပြောနေပြန်၏။

ရန်သူသုံးယောက်သည် တစ်ယောက်ကိုတစ်ယောက်



လှမ်းကြည့်ပြီး မျက်ရိပ်ပြလိုက်ကြသည်။ သူတို့သည် ကလေးကို ထိခိုက်မည်စိုးရိမ်နေသဖြင့် မတိုက်ကြခြင်းဖြစ်သည်။ ခြောက်လှန့် ၍ တိုက်ခိုက်ခြင်းသာဖြစ်သည်။

သူတို့သည် စုပေါင်းတိုက်ကွက်ကို ထုတ်ရန် တစ်ယောက် နှင့် တစ်ယောက် အချက်ပြခြင်းဖြစ်သည်။ ယခုအခါ စုပေါင်းတိုက် ကွက်ကို မထုတ်လျှင် မဖြစ်တော့ပေ။ ကျန်းစီးမုံက သူတို့အား လှောင်နေချေပြီ။

ကျန်းစီးမုံက သိသည်။ သူတို့ တစ်ယောက်မျက်နှာ တစ် ယောက်ကြည့်လိုက်ကြသည်နှင့် စုပေါင်းတိုက်ကွက်ထုတ်တော့မည် ကို သိသည်။ ရန်သူတိုက်ကွက်ကို ကြိုတင်ခန့် မှန်းထားနိုင်သည်မို့ ခံစစ်အနေအထားကို အသင့်ပြင်ထားလိုက်ရသည်။

သို့ရာတွင် ခံစစ်ခင်းကျင်းထားပုံက ဆန်းကြယ်သည်။ ဓား ကို အသင့်ကိုင်ဆောင်ထားခြင်း မရှိပါ။ ဓားဦးကို အောက်စိုက်ကာ - တွဲရရွဲ ချထားပါသည်။ ဤသိုင်းကွက်ကို မြင်ပါက မည်သူမျှ ခံစစ် ဖြစ်နေသည်ဟု ထင်လိမ့်မည်မဟုတ်ပါ။ ပေါ့တီးပေါ့ဆဓားကိုင်ခြင်း ဟုသာ ထင်ကြပါလိမ့်မည်။

တကယ်တော့ ဤသိုင်းကွက်မှာ ကျန်းစီးမုံ၏အားအထား ရဆုံး ခံစစ်ဖြစ်သည်။ 'ရေခုနစ်လွှာ ဗလာကျင်း'သိုင်းကွက်ပေ တည်း။

ရန်သူများသည် ဗီတိဖြစ်သောမျက်နှာဖြင့် တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ပြိုင်တူခုန်ဝင် တိုက်ခိုက်လေတော့သည်။

ဖားတုလို့ ခရုခုန် အိုင်ပျက်ရုံရှိမပေါ့ဟု သူတို့ထင်ခဲ့ကြသည်။ အထင်နှင့် အမြင်ပါ စင်အောင်လွဲခဲ့လေပြီ။ မြေတွင်ဦးစိုက်ထားသော ကျွန်းစီးမုံ၏ဓားသည် မြွေတစ်ကောင်ခေါင်းထောင်သည့်နှယ် ဆတ်ခနဲ ထောင်လာကာ ရှေ့ဆုံးမှလူ၏ဓားကို ဆီးကြိုခုတ်လိုက်၏။

"ဒိုး ..."

"ဖြောင်း ..."

"ဝုန်း ..."

"အား ..."

တစ်ပြိုင်တည်းမှာပင် သူ၏နှယ်ခွေဓားသည် ရန်သူဓားကိုလိမ်ယူကာ လက်ထဲမှ လွတ်ထွက်သွားစေလေ၏။ ဓားသည် လက်ထဲမှ လွတ်သွားလေပြီ။

ထို့အပြင် နှယ်ခွေဓားသည် ရန်သူ၏ဝခုံးကို ထိုးချလိုက်လေ၏။ ထို့ကြောင့် ရန်သူမှာ ဓားထိပြီး 'အား'ခနဲ အော်ကာ လွင့်စဉ်ထွက်သွားသည်။ လူသည်လည်း အဝေးသို့လွင့်စဉ်ကာ ဖင်ထိုင်ကျသွားသည်။ ရန်သူတစ်ဦးကို ဒဏ်ရာရစေခဲ့လေပြီ။

မမျှော်လင့်ဘဲ ကျွန်းစီးမုံ၏ခုခံတွက်ကြောင့် ကျွန်နှစ်



ယောက် မျက်လုံးဝိုင်းသွားရသည်။ ဤသို့သော ခုခံသိုင်းကွက်မျိုးကို သူတို့မမြင်ဖူးကြသေးပေ။ ဤလိုဓားမျိုးကိုလည်း မတွေ့ဖူးသေးပေ။ စုပေါင်းတိုက်ကွက်မှာ စ,စချင်း ပျက်သွားရသည်။ ထို့ကြောင့် ကျွန်နှစ်ယောက်သည် ဆက်လက်မဝင်တော့ဘဲ အကွက်ချောင်းနေကြသည်။

ကျွန်းစီးမုံကလည်း စန်ချီယာကလေးကိုချီလျက် မမျှော်လင့်သော တိုက်ကွက်ကို ထုတ်နိုင်လိုက်သည်။

သူတို့သည် စန်ချီယာကလေးကို ထိခိုက်မည်ကိုလည်း အလွန်စိုးရိမ်ကြသည်။ ကလေးအား ထိသွားပါက သူတို့အပြစ်ဒဏ်ပေးခံကြရပေမည်။ ထို့ကြောင့် ကလေးကို မထိခိုက်စေရန် အကွက်ချောင်းနေကြရသည်။

"ရွှမ်း ..."

"ခြွမ်း ..."

"ဒိုး ..."

"တဲ ... ဝင်ကြဦးလေးကွာ ..."

နှယ်ခွေဓားသည် ညွတ်ပတ်ညွတ်ပတ်ဖြင့် စိန်ခေါ်နေလေ၏။ သူ့ဓားသည် ကျောပွတ်တစ်ချောင်းလိုလည်း ပျော့ပျောင်းသည်။ ဓားတစ်ချောင်းလိုလည်း မာကျောသည်။ ရန်သူတို့အတွက် ကြောက်မက်ဖွယ်ရာပင်။ ကျွန်းစီးမုံလည်း နှယ်ခွေဓားကို လှုပ်ခတ်ရင်း စိန်ခေါ်လိုက်၏။

"လာကြလေကွာ ...မင်းတို့ ဒီအတိုင်းချောင်းလို့ကတော့ ဒီအတိုင်းပဲ ဖြစ်နေမှာပဲ ..."

ရန်သူနှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် မျက်ရိပ်ပြလိုက်ကြပြီး ဘယ်ညာခွဲကာ ဝင်လာကြသည်။

"ခွမ်း ..."

"ဝုန်း ..."

"အောင်မလေးဗျ ..."

ညာဘက်မှစွတ်ဝင်လာသောရန်သူမှာ နဖူးတည့်တည့်ကို နှယ်ခွေခေါးဝင်သွားရသည်။ ပက်လက်လန်ကာ လဲကျသေဆုံးသွားသည်။

"လက်စသတ်တော့ တောင်တန်းနဂါးကျို့တောင်ဟာ အပေါစား အညံ့စား ဓားသမားတွေကို လွှတ်လိုက်တာကိုး ... ကြည့်စမ်း ... နှစ်ယောက်တောင် ကျသွားပြီ ..."

ကျန်းစီးမုံက ကျန်တစ်ယောက် စိတ်လှုပ်ရှားလာအောင် ဆွပေးလိုက်၏။

ကျန်ရန်သူတစ်ယောက်က ...

"ဟေ့ကောင် ...မင်းလေကျယ်မနေနဲ့ ...ကလေးကို ထိခိုက်သွားမှာစိုးလို့ မင်းကို ဒီအထိညှာတိုက်နေတာ သိလား ...ရှိရင် မင်းလိုကောင်ကို မွှန်မွှန်ညက်ညက်ချေပစ်လိုက်ပြီ ..."



"ဟား ...ဟား ...ဟား ...ကလေးက အကြောင်းမဟုတ်ပါဘူးကွာ ... မင်း ငါ့ကိုခြေဖျားလက်ဖျားတွေကိုတောင် ထိခိုက်အောင် တိုက်နိုင်တာမှ မဟုတ်တာ ..."

ကျန်းစီးမုံ၏စကားသည် ရန်သူအသည်းကို မီးတောက်စေခဲ့လေပြီ။

"စော်ကားဦးကွာ ..."

"ဝုန်း ..."

"ဖြောင်း ..."

တစ်ယောက်တည်း ကျန်ရစ်သော သိုင်းသမားမှာ သူ၏မာနကို ထိခိုက်လာသည်ဖြစ်၍ တစ်ဟုန်ထိုး တိုက်ခိုက်သည်။ သူသည် ကလေးငယ် ထိသည်ဖြစ်စေ၊ မထိသည်ဖြစ်စေ အရေးမကြီးတော့ဟူသော သဘောဖြင့် တိုက်ခိုက်သဖြင့် ကျန်းစီးမုံအတွက် အခက်အခဲဖြစ်စေသည်။

သူသည် ခက်ခဲနက်နဲသော ဓားကွက်များကို ထုတ်သုံးသည်။ ကလေးတစ်ဖက်ချီထားသော ကျန်းစီးမုံအဖို့ ခက်ခဲနက်နဲသော ဓားကွက်များကို မနည်းကြီးခုခံရသည်။

သူက နှယ်နှယ်ရရပုဂ္ဂိုလ်မဟုတ်ပါ။ နယ်စားကြီးကျို့တောင်၏ လက်ရွေးစင်ဓားသမားတစ်ဦးဖြစ်သည်၊ 'သွေးသောက်ဓား လုပို'ပင် ဖြစ်ပါသည်။ နယ်စားကြီး၏ လက်ရွေးစင်ဓားသမား

ဖြစ်၍ သူ့ဓားသည် သွက်လက်လျှင်မြန်သည်။ ကျွန်းစီးမုံနှင့် အဆင့်တူလောက်ပင်ရှိသည်။

"ရွှမ်း ..."

"ဝုန်း ..."

"ခြွမ်း ..."

တိုက်ပွဲက အရှိန်မြင့်လာသည်။ ကျွန်းစီးမုံသည် စန်မို့ယာတလေးကို ပွေ့ပိုက်လျက် ခဲယဉ်းစွာ ခုခံနေရသည်။ သို့နှင့် သိုင်းကွက်နှစ်ဆယ်ခန့်သို့ ရောက်ရလာသည်။

ကျွန်းစီးမုံအခြေအနေမဟန်တော့။ သို့ကြောင့် ပရိယာယ်ဆင်ရတော့သည်။ သူသည် တမင်ပင် နောက်သို့ဆုတ်ပေးရသည်၊ သွေးသောက်ဓားလုပိုကလည်း လိုက်၍တိုက်သည်၊ ကျွန်းစီးမုံ နောက်ဆုတ်လေလေ သွေးသောက်ဓားလုပိုက ပို၍တိုက်လေလေပင်။

ထိုအချိန်တွင် ကျွန်းစီးမုံသည် နောက်ခြေထောက်ကို တောင့်ခံ၍ ဆုတ်နေခြင်းကို ရပ်ဆိုင်းပစ်လိုက်သည်၊ ရပ်ဆိုင်းပစ်လိုက်သည်နှင့် တစ်ပြိုင်တည်းမှာပင် ...

"ဟော့ ...မင်းကလေးလိုချင်တယ် မဟုတ်လား၊ ရော့ ... ယူ ..."

ဟု အော်ပြောကာ စန်မို့ယာတလေးအား မြှောက်ပစ်ပေး



ဟန် ပြုလိုက်လေ၏။

"ဟာ ..."

ဟာခနဲဖြစ်သွားသည်။ တစ်ဖက်ရန်သူမှာ ဟာခနဲဖြစ်သွားသည်။ သူ မမျှော်လင့်ပါ၊ ကလေးအား ဤသို့ရလိမ့်မည်ဟု လုံးဝမမျှော်လင့်ပါ၊ ထို့ကြောင့် အံ့အားသင့်ကာ ဓားကို ဖျတ်ခနဲ ရုပ်သိမ်းလိုက်ပါသည်။ မရုပ်သိမ်းပါက ကလေးကို ထိုးမိပေလိမ့်မည်။

အဖြစ်အပျက်က လျှင်မြန်လွန်းလှပါသည်။

ကျွန်းစီးမုံသည် ကလေးအား လေထဲ၌ပင် ဖမ်းလိုက်ပါသည်။ ပြန်လည်ပွေ့ချီလိုက်ပါသည်၊ လက်မှလွှတ်ပေးပြီးသည်နှင့် ချက်ချင်းလိုက်၍ ဖမ်းသည့်သဘောပင် ဖြစ်ပါသည်။

တစ်ချိန်တည်းမှာပင် သူ၏နှယ်ခွေဓားသည် ဓားကိုပြန်ရုပ်သိမ်းသွားပြီဖြစ်သည့် ရန်သူ၏ရင်ဝသို့ ထိုးစိုက်သွားပါတော့သည်။

"အား ..."

"ဝုန်း ..."

သွေးသောက်ဓားလုပိုမှာ အော်သံကိုပင် ဆုံးအောင် မအော်လိုက်ရချေ။ ကျွန်းစီးမုံက ဓားကိုထိုးသွင်းပြီး ခြေထောက်နှင့် ကန်လိုက်သောကြောင့် လွင့်စဉ်သွားပါသည်။ ကျွန်းစီးမုံက ကလေးကို အသာပွေ့ရင်း မြေပေါ်သို့ ပြန်ကျလာပါသည်။

အဟန့်အတားတစ်ခုကို ကျန်းစီးမုံ ကျော်ဖြတ်ခဲ့ချေပြီ၊ စန်ချိုယာကလေးသည် ဘာကိုသဘောကျသည်မသိ၊ ပြုံး၍နေပါသည်။ စန်ချိုယာကလေးကိုကြည့်၍ ကျန်းစီးမုံလည်း ပြုံးမိပါသည်၊

"ဒီတစ်ခါ ငါတို့အောင်မြင်ခဲ့ပြန်ပြီပေါ့ကွာ ..."

ကျန်းစီးမုံက စန်ချိုယာကလေးကို ပြောလိုက်ပါသည်။

••• ••• •••



## မျက်လှည့်အပြခံရသော မျက်လှည့်ဆရာ

နှင်းများဝေနေသည်။ တောင်ကြားဒေသရှိ တောအုပ်ကလေးထဲတွင် နှင်းများဝေနေသည်။ နှင်းများဝေနေသဖြင့် သစ်ရွက်ကလေးများပေါ်တွင် နှင်းစက်နှင်းပြောက်ကလေးများ ကျနေသည်။ နှင်းစက်နှင်းပြောက်တို့၏ အအေးသည် စိမ်းလန်းသော တောအုပ်ကလေးအား လွှမ်းခြုံထားနေလေ၏။

ကျေးငှက်တို့၏အသံသည် အအေးလွန်သဖြင့် တိတ်ဆိတ်နေ၏။ လေတိုက်သံကိုတော့ ကြားရသည်။ လေတိုးတိုက်သဖြင့် သစ်ပင်သစ်ရွက်များ တရှဲရှဲဖြင့် လှုပ်ခတ်နေကြသည်။

တောအုပ်ကလေး၏အလယ်တွင်ကား စမ်းချောင်းကလေး

တစ်ချောင်း ရစ်ခွေစီးဆင်းနေသည်။ ကြည်လင်အေးမြသောရေများ တသွင်သွင်စီးနေသည်။ ထိုစမ်းချောင်းတစ်ဖက်တွင် ထူထပ်စွာ ပေါက်ရောက်နေသည့် ဝါးရုံတောတစ်ခုရှိသည်။

ဝါးရုံတစ်ရုံ၏အောက်ခြေတွင် အဘိုးအိုတစ်ဦးနှင့် လူရွယ်တစ်ဦးကို တွေ့ရှိနိုင်ပါသည်။ သူတို့လက်ထဲတွင် ကိုးလသားအရွယ်ခန့်ရှိသော ကလေးငယ်တစ်ယောက်ကို ပွေ့ချီထားပါသည်။

ထိုအဘိုးအိုကား ချူယွန်တည်း။

လူငယ်က ကျန်းစီးမုံတည်း။

ကလေးငယ်ကား စန်ချီယာတည်း။

အဘိုးအိုသည် လွန်စွာအားတက်သောအမူအရာဖြင့် ကလေးငယ်အား ကြည့်နေပါသည်။ သူကြည့်ရှုနေသည်မှာ ချစ်မဝရှုမဝသော မြေးငယ်အား ကြည့်နေသည့်အလားတည်း။

"ကြည့်စမ်းပါဦး ...သခင်ကြီးမှ သခင်ကြီးအစစ်ပဲ၊ သူ့ကို မြင်ရလေ သခင်ကြီးကို သတိရလေပဲ ... သူဟာ သခင်ကြီးရဲ့ သွေးစစ်စစ်ပဲ ...သခင်ကြီးရဲ့သွေးစစ် ကျန်ရစ်ခဲ့တာကိုပဲ ကျုပ်တို့ ဝမ်းသာရမယ်၊ အင်း ... သူ့ကိုစောင့်ရှောက်ရမှာပေါ့လေ ..."

သူသည် ကလေးငယ်ကို စေ့စေ့စပ်စပ်လိုက်ကြည့်လေ၏။

"အင်း ...အမှတ်အသား အရေးအကြောင်းလက္ခဏာတွေ ကတော့ အံ့ဩစရာကောင်းလောက်အောင် ပေါ်များတာပဲ ...



တွေဟာ ထူးခြားတယ်၊ ဆန်းကြယ်တယ်၊ ကျုပ်တို့ညာဏ်နဲ့မမီတဲ့ လက္ခဏာတွေဖြစ်တယ် ..."

သူသည် ပြောရင်းပြောရင်း တွေဝေသွားသည်။ ခဏမျှ စဉ်းစားတွေးတောနေသည်။

"အင်း ...သူ့ကို ဘာကြောင့် သိုင်းလောကထဲ မဝင်နိုင်းရတာလဲ၊ သခင်ကြီးမှာ ဘာများအကြံအစည်ရှိလို့လဲ၊ စဉ်းစားကြည့်ရတာကတော့ သိုင်းလောကထဲ မဝင်ဆံ့စေချင်တာ သိုင်းပညာ မတတ်စေချင်တာကို စဉ်းစားလို့ကို မရဘူး ... ဘာကြောင့် သိုင်းလောကထဲ အသွင်းမခိုင်းရတာလဲ ...သူသာ သိုင်းလောကထဲဝင်ရင် သိုင်းလောကရဲ့ မကိုင်ရှိုးသျှောင်ဖြစ်ရမှာပဲ ..."

ကျန်းစီးမုံက ခေါင်းညိတ်ထောက်ခံလိုက်သည်။

"သူဟာ ... သိုင်းလောရဲ့ မကိုင်ရှိုးသျှောင်ဖြစ်နိုင်တယ်၊ ဒါကြောင့် သူ့နောက် သဲသဲမဲမဲလိုက်နေတယ်၊ ဒီကလေးကို ဖျောက်ဖျက်ပစ်ချင်လို့လား ... ဒါမှမဟုတ် ဘာဖြစ်လို့လဲ ..."

ချူယွန်မှာ တွေဝေသွားသည်။

သူ သက်ပြင်းချမိသည်။

"ကျိန်းသေပြောနိုင်တာကတော့ ဒီကလေးကိုအသုံးချပြီး သိုင်းလောကရဲ့ မကိုင်ရှိုးသျှောင်တွေ့ကို သူယူမလို့ဆိုတာဘဲ ... ဖြစ်ပေမယ့် ..."

ချူယွန်သည် စန်ချီယာကလေး၏မျက်နှာကို တစ်ကြိမ်သေချာစွာ စိုက်ကြည့်လိုက်သည်။

"ဘယ်လိုအသုံးချပြီး ဘယ်လိုဖန်တီးယူမယ်ဆိုကာတော့ ကျုပ်လည်း မသိဘူး၊ ဒါဟာ လူတိုင်းသိနိုင်တဲ့အချက်လည်း မဟုတ်ဘူး ... ရှေးဟောင်းကျမ်းတွေထဲမှာလည်း ရှာရဖို့က မလွယ်ဘူး၊ ကျမ်းစာတွေ ထောင်သောင်းမကဖတ်ရမယ် ..."

ချူယွန်က ပြောလိုက်သည်။

ကျန်းစီးမုံအဖို့ စဉ်းစားစရာ တွေးတောစရာများ ရသွားသည်။

အတန်ကြာမှ ကျန်းစီးမုံက ...

"ဒီအကြောင်းတွေကို သိနိုင်တဲ့လူရော မရှိဘူးလားဟင်"

ချူယွန်က ရယ်လိုက်၏။

"အင်း ...တောင်တန်းနဂါးကျိုတောင်ကို သွားမေးရမယ်ဖြစ်နေပြီ ..."

ထို့နောက် သူမျက်နှာတည်သွားကာ အလေးအနက်စဉ်းစားနေပြန်တော့သည်။

"အင်း ... တစ်ခုတော့ စဉ်းစားလို့ရတယ် ..."

"ဘာများလဲ ဆရာကြီး ..."

ချူယွန်က ကျန်းစီးမုံအား စေ့စေ့ကြည့်ပြီး မေးလိုက်သည်။



"ကမ္ဘာဦးလူ ဟူကွမ်းဆိုတာ ကြားဖူးသလား ..."

"ဟုတ်ကဲ့ ... တောထဲတောင်ထဲမှာပဲနေပြီး သိုင်းပညာကျင့်စဉ်တွေကို လေ့ကျင့်နေတယ်လို့ ပြောကြတယ် ...ကျွန်တော့်ဆရာ့ဆရာတွေက ပြောကြတာပါ ...ဆရာကြီးဟူကွမ်းလို့ပြောကြတယ် ..."

"ဟုတ်တယ် ...ကမ္ဘာဦးလူ ဟူကွမ်းနဲ့ပတ်သက်တဲ့ပါးစပ်ရာဇဝင်တွေက အများကြီးပဲ၊ မင်းမကြားဖူးတာတွေကို ငါပြောပြနိုင်ပါတယ်၊ ဒါပေမယ့် မပြောတော့ပါဘူး ... သက်သက် အချိန်ဖြုန်းသလို ဖြစ်နေမှာစိုးလို့ပါ၊ ဒီအထဲက တစ်ခုကိုပဲ ငါပြောမယ်၊ သူ့အသက်က ထောင်ကျော်နေပြီလို့ ပြောကြတယ် ...ငါ့ရဲ့ဆရာကြီးတွေက ပြောကြတာနော် ..."

"ဟုတ်ကဲ့ ... ကျွန်တော်လည်း သခင်ကြီးဆီက တစ်ခါကြားခဲ့ဖူးပါတယ် ...သူဟာ လျှို့ဝှက်ဆန်းကြယ်တဲ့ ပညာရပ်တွေလောကီပညာရပ်တွေကို ကျွမ်းကျင်တယ်လို့ဆိုတယ် ..."

"အေးပေါ့ ...ဒါကြောင့် သူ့အကြောင်းတွေက ဒဏ္ဍာရီပုံလိုလိုဖြစ်ကုန်တာပေါ့ ... တချို့က မယုံကြဘူးလေ ..."

"ဟုတ်တယ် ...ကမ္ဘာဦးလူ ဟူကွမ်းဟာ ဒီလောကကြီးထဲမှာ တကယ်ရှိတယ် ..."

"ဗျာ ..."

အဘိုးအိုချူယွန်က ယုံကြည်စိတ်ချစွာ ပြောလေ၏။

"သူ ဘယ်မှာနေသလဲ ဆရာကြီး ..."

ချူယွန်က အနောက်ဘက်အရပ်သို့လှမ်းမျှော်ကြည့်သည်။ သူ့မျက်လုံးများထဲ၌ တမ္ဘာဦးလူ ဟူကွမ်းကို မြင်နေသယောင်ယောင်။

"မင်း ဟိမဝန္တာတောင်ဆိုတာ ကြားဖူးတယ် မဟုတ်လား"

ကျန်းစီးမုံ ခေါင်းညိတ်၏။

"ဟုတ်ကဲ့ ... ကြားဖူးပါတယ် ... မဇ္ဈိမဒေသမှာရှိတယ် မဟုတ်လား ..."

ချူယွန်က ခေါင်းညိတ်ပြန်၏။

"ဟိမဝန္တာအရပ်ဟာ သူ့အရပ်ပဲ၊ သူဟာ ဟိမဝန္တာကို မြတ်နိုးတယ် ...လူသူကင်းရှင်းတာကို။ အဲဒီကို အရောက်သွားနိုင် ရန် သူ့ဆီကိုရောက်မယ် ..."

ချူယွန်က ကျန်းစီးမုံကို ပြန်ကြည့်လိုက်၏။

"ငါပြောတာကို သေသေချာချာနားထောင်ပါ၊ တမ္ဘာဦးလူ ဟူကွမ်းနဲ့ ပတ်သက်နေတော့ သေသေချာချာ နားထောင်မှဖြစ်မယ် ... နို့မို့ရင် ဒဏ္ဍာရီပုံပြင်လိုလို ဖြစ်သွားမယ် ...နောက်တော့ မင်းဟာ သေသေချာချာစဉ်းစားကြည့် ..."

"ဟုတ်ကဲ့ပါ ဆရာကြီး ..."



"အဟမ်း ... အဟမ်း ..."

ချူယွန်သည် ချောင်းရှင်းလိုက်သည်။

"သခင်ကြီးနဲ့ ကျိုတောင်တို့နှစ်ယောက်စလုံးဟာ တမ္ဘာဦးလူ ဟူကွမ်းနဲ့ တစ်ကြိမ်တွေ့ခဲ့ဖူးကြတယ် ...ဆရာကြီးဟူကွမ်းဆီမှာ ပညာယူဖူးကြတယ် ..."

"ဗျာ ..."

ကျန်းစီးမုံ အလွန်အံ့အားသင့်သွားသည်။ ဤအချက်ကြောင့် ဆရာကြီးဟူကွမ်းရှိသည်ဟု ဆရာကြီးချူယွန်ပြောဆိုခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ ဆရာကြီးချူယွန်နှင့် သခင်ကြီးတာစင်ကူတို့သည် ဂိုဏ်းတူညီအစ်ကိုဖြစ်ခဲ့ဖူး၍ ထိုအကြောင်းကို သိနေပေလိမ့်မည်။

"ဒါ ...သခင်ကြီး ငယ်ငယ်တုန်းကပါ၊ ဒီအကြောင်းတွေကို သခင်ကြီးကိုယ်တိုင် ပြောပြလို့သိရတာ ...သခင်မကြီးတောင် သိတာမဟုတ်ဘူး ..."

"ဒီတော့ ဘာဖြစ်သလဲ ဆရာကြီး ..."

"အေး ... ဆရာကြီးဟူကွမ်းကို မင်းက နယ်နယ်ရရထင်လား၊ ဆရာကြီးဟူကွမ်းဟာ သိုင်းပညာကို တစ်ဖက်ကမ်းခတ် တတ်မြောက်တယ် ...လောကီပညာရပ်တွေကိုလည်း ပါရဂူမြောက် တတ်ကျွမ်းခဲ့တယ် ... တကယ့် ထိပ်တန်းပညာရှင်ကြီးအစစ်ဖြစ်တယ်၊ သခင်ကြီးရော ကျိုတောင်ပါ ဆရာကြီးဟူကွမ်းဆီက လျှို့

ဝှက်ဆန်းကြယ်ပညာရပ်တွေကို သင်ကြားခဲ့ကြရတယ် ...”

ကျွန်းစီးမုံမှာ စိတ်ဝင်စားလှသဖြင့် ကြားဖြတ်မမေးနိုင်အောင် ရှိနေသည်။

“ဒီနေရာမှာ သူတို့ဟာ ဆရာကြီးဟူကွမ်းဆီက အတိတ်တစ်ဘောင်တစ်ခုခု၊ ဒါမှမဟုတ် လျှို့ဝှက်ချက်တစ်ခုခုအကြောင်း ကြားခဲ့ဖူးကြလိမ့်မယ် ...”

ချူယွန်၏စကားများမှာ ဖြစ်တန်ရာချေသည်။

“ဒီတော့ ...အခု စန်ချီယာကလေးရဲ့ကိစ္စကို ဟိုတုန်းက ဆရာကြီးဟူကွမ်းက ပြောထားပြီး ဖြစ်ချင်ဖြစ်နိုင်တယ် ...”

ကျွန်းစီးမုံသည် ခေတ္တခဏ ငေးငိုင်သွားသည်။

“ဒါဖြင့် ...ဒီပြဿနာကို ဆရာကြီးဟူကွမ်းဆီသွားမေးမှ သိနိုင်တာပေါ့ ...”

“မင်း ဘယ်လိုမေးမလဲ ...ဆရာကြီးဟူကွမ်းဆီသွားဖို့ ... လေးနှစ်ကြာမယ် ...”

ချူယွန်က ခဏနားပြီးမှ ဆက်ပြောသည်။

“စန်ချီယာကလေးရဲ့အရေးအကြောင်းတွေ အကြောင်း ... ဆရာကြီးဟူကွမ်းက ကောင်းကောင်းသိမှာပေါ့ ...အဲဒါရဲ့ နောက် ... ဆက်တွဲတွေအကြောင်းတောင် သိနိုင်တယ်၊ သူဟာ လောကီ ... လည်း တစ်ဖက်ကမ်းခတ်တာပဲ ...”



“ဒါဖြင့် ... ဆရာကြီးဟူကွမ်းနဲ့တွေ့ရင် အဖြေမှန်ပေါ်ပြီပေါ့ ...”

“ပေါ်မယ် ... ဒါပေမယ့် ဟိမဝန္တာက အင်မတန်ဝေးလံသီခေါင်တယ်၊ မင်းသွားမလို့လား၊ တစ်နှစ် နှစ်နှစ် သုံးနှစ်အထိကြာနိုင်တယ် ...”

“ဘယ်လောက်ဝေးဝေး ဘယ်လောက်ကြာကြာ ကျွန်တော် ရောက်အောင်သွားမယ် ...”

ချူယွန်သည် ကျွန်းစီးမုံကို စေ့စေ့ကြည့်လိုက်သည်။

“မင်းသွားမယ် ဟုတ်လား ...”

“ဟုတ်တယ် ...”

“သုံးနှစ်လောက်ကြာနိုင်တယ်၊ ခရီးက ကြမ်းတယ် ...”

“ဘာပဲဖြစ်ဖြစ် ... ကျွန်တော်တော့ ဆရာကြီးဟူကွမ်းဆီ အရောက်သွားမယ် ...ဒါမှလည်း အဖြေမှန်ကို သိရမှာမဟုတ်လား၊ ကျွန်တော့်တာဝန်ဟာ သခင်ကြီးတာစင်ကူရဲ့ သားလေးကို စောင့်ရှောက်ဖို့ပဲ သခင်ကြီးရဲ့သားလေးအနီးမှာ ဆရာကြီးချူယွန်တို့လို ယုံကြည်စိတ်ချရတဲ့သူတွေ ရှိနေမှတော့ ကျွန်တော်က ဘာဖြစ်လို့ ဆရာကြီးဟူကွမ်းဆီ မသွားနိုင်ရမှာလဲ ...”

ချူယွန်နှင့် ကျွန်းစီးမုံ တွေ့သည်မှာ ဘာမှမကြာသေးပါ။ ... ည်မနက်ခင်း နှင်းတွေဝေနေစဉ် တွေ့ကြခြင်းဖြစ်သည်။ ယခု

နှင်းတွေ ပါးလျားချေပြီ။ ကျန်းစီးမုံကလည်း ဟိမဝန္တာသို့ သွားမည် ပြောနေသည်။

သူတို့တွေ့ဆုံရမည့်ရက်မှာ ချိန်းထားသည့်ရက်ချိန်းအတိ အကျပင်။ စိတ်မောလူမောဖြစ်နေသည့် အဘိုးတိုချူယွန်မှာ ကျန်းစီးမုံနှင့် ကလေးကို တွေ့ရမှ စိတ်အေးသွားသည်။

"ဆရာကြီးတို့က စန်ချီယာကိစ္စကို တာဝန်ယူထားကြပြီပဲ ဒီကိစ္စကို ရေဆုံးရေဖျားအထိ ကျွန်တော်လိုက်မယ် ..."

ချူယွန် မတတ်သာတော့ပါ။

ကျန်းစီးမုံအား တားဖြ်မရမှန်းလည်း သူသိသည်။

ထို့ပြင် သူကိုယ်တိုင်ကလည်း ဆရာကြီးဟူကွမ်းထံမှ အဖြေစကားကို ကြားသိချင်သည်။

"တစ်ခုတော့ရှိတယ် ကျန်းစီးမုံ ..."

"ဘာများလဲ ဆရာကြီး ...ကျွန်တော်မသွားခင် ပြောစရာရှိတာကို ပြောထားမှဖြစ်မယ် ..."

"အခု မင်းက ဒီကလေးကို တို့မြေးအဘိုးလက်ထဲထည့် ပစ်ခဲ့ပြီနော် ..."

"ဟုတ်ကဲ့ ... သခင်ကြီးပေးခဲ့တဲ့ တာဝန်အရဆိုပါတော့ ကျွန်တော်က ထားပစ်ခဲ့တာ မဟုတ်ပါဘူး ..."

ကျန်းစီးမုံသည် သခင်ကြီးတာစင်ကူ၏အမိန့်အရ ဆရာ



ကြီးချူယွန်၏လက်ထဲသို့ ကလေးထည့်ပေးရခြင်းကို အမိအရပြောသည်။

ချူယွန်က အဝေးသို့ မျှော်ကြည့်ပြီးမှ မေးလိုက်သည်။

"ကောင်းပြီ ... ငါတစ်ခုမေးမယ် ..."

"မေးပါ ဆရာကြီး ... မေးပါ ..."

"တို့လက်ထဲကို ဒီကလေးဘယ်လိုရောက်လာသလဲလို့ ရပ်ရွာသားတွေကမေးရင် တို့ ဘယ်လိုဖြေရမှာလဲ ..."

"ဆရာကြီးတို့က ဒီပေယူးရွာမှာ ဆက်နေကြမှာမှ မဟုတ်တာ ...ဒီကနေ စန်ဂျင်မြို့ကိုပြောင်းရမယ်၊ ပေယူးရွာမှာနေခဲ့ရတဲ့ ရက်တွေကို အိပ်မက်လို့ပဲ သဘောထားတော့ ..."

"ကဲ ...ဟုတ်ပါပြီ၊ စန်ဂျင်မြို့ကို သွားပါပြီ၊ ထားပါတော့ စန်ဂျင်မြို့သားတွေက ဝိုင်းအကဲခတ်ကြမယ်၊ ဒါမှမဟုတ် တစ်ယောက်ယောက်က မေးမြန်းမယ် ...ဒီကလေး ဘယ်သူ့ကလေးလဲလို့ ..."

မှန်သည်။ အကဲခတ်မည်၊ မေးကြည့်ကြမည်က သေချာသည်။ ချူယွန်နှင့် မြေးမလေးကျင်အိမေတို့ ဘယ်လိုဖြေကြမလဲ။

ချူယွန်က ကျန်းစီးမုံမျက်နှာကို သေသေချာချာကြည့်တာ

"မင်းစဉ်းစားထားတာက အကွက်ကျန်နေပါသေးတယ်ကွာ ...တစ်ကွက်ကျန်နေသေးတယ်၊ မင်းအနေနဲ့ ခြေရာဖျောက်ဖို့

ပဲ တွေးတယ်၊ မင်းပြောသလို ပြောင်းရွှေ့နေရင် ခြေရာပျောက်မှာ ကတော့ အမှန်ပါပဲ ...ဒါပေမယ့် ကလေးကိုမေးလာရင်တော့ ပြေ စရာမရှိဘူး ..."

ကျန်းစီးမုံ အကွက်ကျန်သွားသည်။

အဘိုးအို ချူယွန်က ခေါင်းညိတ်လိုက်သည်။

"ဒီပြဿနာကို ဖြေရှင်းဖို့နည်းလမ်းကတော့ ရှိပါတယ်"

ကျန်းစီးမုံ ခေါင်းထောင်လာသည်။

"အစီအစဉ်ကို ကျုပ်ပြောရမလား ..."

"ဟုတ်ကဲ့ ... ပြောပါဆရာကြီး၊ ဆရာကြီးရဲ့အစီအစဉ် ကောင်းမွန်မှာပါ ..."

ချူယွန်၏မျက်နှာ တည်ငြိမ်သွား၏။

"ကျုပ်တို့ ဒီနေ့ပဲ စန်ဂျင်မြို့ကိုခရီးထွက်ကြမယ် ..."

"ကောင်းပါတယ် ...ဒီပေယူးရွာက မြန်မြန်ခြေရာဖျောက် တာပေါ့ ... ခြေရာပျောက်မြန်လေ ကောင်းလေပါပဲ ..."

"ဟုတ်ပြီ ...ဒီပေယူးရွာက ဒီနေ့ပဲ ခရီးထွက်မှာဆိုတော့ ဘာမှပူစရာမရှိပါဘူး၊ ပေယူးရွာသားတွေဟာလည်း မစပ်စုတတ် ဘူး၊ ဒီရွာက အေးပါတယ် ...တို့ စန်ဂျင်မြို့ရောက်တဲ့ အကြောင်း ကိုပဲ ပြောမယ် ...ဟိုရောက်ရင် ငါရယ်၊ မင်းရယ်၊ ကျင်အိမေရယ် စန်ချီယာရယ်ဟာ မိသားစုလို နေကြမယ် ..."



"ကျွန်တော် ဟီမဝန္တာကို သွားမယ့်ခရီးစဉ်ရှိသေးတယ်၊ အဲဒါကို ချန်ထားလို့ မဖြစ်ပါဘူး ..."

"မှန်ပါတယ်၊ မချန်ပါဘူး ...မင်းနားထောင်ပါ၊ မင်း ဟီမ ဝန္တာကို မသွားခင် ဖြေရှင်းရမယ့်ကိစ္စကို ပြောမယ် ...နားထောင်"

"ဟုတ်ကဲ့ ... နားထောင်နေပါတယ်"

"အများအမြင်မှာ စန်ချီယာဟာ ကျုပ်ရဲ့မြေးဖြစ်ရမယ်"

"ဟုတ်ကဲ့ ..."

"ကျန်းအိမေဟာ သူ့အမေဖြစ်ရမယ် ..."

"ဗျာ ..."

"ဒါမှ ယုတ္တိရှိမှာပေါ့ကွ ...ငါ့မြေးဖြစ်ပြီး ကျင်အိမေဟာ သူ့အမေမဖြစ်ရင် ဘယ်မှာယုတ္တိရှိမှာလဲ ..."

ကျန်းစီးမုံမှာ ပါးစပ်အဟောင်းသားဖြစ်သွားသည်။

ချူယွန်က ဆက်ပြော၏။

"သူ့အဖေကတော့ ကျန်းစီးမုံဆိုတဲ့လူပဲ ..."

"ဗျာ ..."

ကျန်းစီးမုံ စကားမပြောနိုင်တော့ပေ။

အတန်ကြာမှ စကားပြောနိုင်သည်။

"ဒါ ... ဒါ ... ဆိုရင် ..."

"နေပါဦးလေ ... စကားကိုဆုံးအောင် နားထောင်ပါဦး"

ချူယွန်က ဆက်လက်ပြီးပြော၏။

"ဒီလိုမှ အများအမြင်မှာ သဘာဝကျမှာပေါ့ ...ငါ့ရဲ့မြေး ဖြစ်သလို မင်းနဲ့ ကျင်အိမေရဲ့သားဖြစ်ရမယ်၊ ဒါမှ အကွက်မကျန် တော့တာ ... နို့မို့ရင် ကလေးအဖေနဲ့အမေ ပျောက်နေတယ် ... ဒါဆိုရင် အားလုံးစိတ်ထဲမှာ တစ်မျိုးတစ်မည်ဖြစ်ကုန်မယ် ..."

ကျန်းစီးမုံမှာ စကားမပြောနိုင်တော့ပေ။

ချူယွန်က ထပ်ဆင့်ပြောလာသည်။

"အခြေအနေက ဖန်လာပြီပဲ ...အားလုံးကောင်းဖို့အတွက် ကျင်အိမေနဲ့ မင်းကိုလက်ထပ်ပေးရမယ် ..."

"ဗျာ ..."

ကျန်းစီးမုံ ဘာမျှမပြောနိုင်တော့ပါ။ အံ့ဩမှုမှာ အထွတ် အထိပ်သို့ ရောက်သွားပါတော့သည်။

"တုတ်ပါတယ် ... ဒီစကားကိုပြောဖို့မသင့်တဲ့ စကားပါ ဒါပေမယ့် အခုတော့ ပြောရတယ် ...ပြောရအောင် အခြေအနေက ဖန်တီးလာတာကိုး ... ကျင်အိမေဟာ ကျုပ်ရဲ့မြေးအရင်းခေါက် ခေါက်ပါ ... ကျုပ်ကိုယ်တိုင် ဘက်ပေါင်းစုံကစဉ်းစားပြီး ဒီအ စဉ်ကို ချမှတ်ရတာပါ ..."

ကျန်းစီးမုံမှာ ဘာစကားမျှမပြောနိုင်အောင် ဖြစ်နေရှာ တော့သည်။



သူစဉ်းစားရန်လိုသည့်အချက်ကို အဘိုးအိုချူယွန်က စဉ်း စားပေးထားသဖြင့် အဘိုးအိုချူယွန်ကိုပင် ကျေးဇူးတင်ရပေမည်။

သို့သော် သူမှာ မအီမသာကြီးဖြစ်နေရသည်။

"ကျင်အိမေအတွက် ကျုပ်မှာတာဝန်ရှိနေတယ် ...ကျုပ် အသက်လည်း ကြီးပါပြီ၊ သချိုင်းကို ခြေတစ်ဖက်လှမ်းနေပါပြီ၊ကျုပ် မသေခင် ကျုပ်မြေးမလေးကို ယုံကြည်စိတ်ချရတဲ့လူရဲ့လက်ထဲ အပ် ခဲ့ချင်တယ် ..."

ချူယွန်သည် လေးလေးနက်နက်ပြောနေပေသည်။

"ပြီးတော့ ... စန်ချီယာကလေးရဲ့တာဝန်ကို ကျုပ်တို့ပဲ ဆက်ယူရမယ်၊ ကျုပ်မရှိတဲ့နောက်မှာ ကျင်အိမေနဲ့ မင်းကလွဲလို့ တယ်သူက ဒီတာဝန်ကို ဆက်ယူနိုင်မှာလဲ ..."

မှန်ပါသည်။

အကွက်က အင်မတန်ဆိုက်နေပါသည်။

ကျင်အိမေနှင့် လက်ထပ်။

ကလေးကို စောင့်ရှောက်ပြုစု။

ချူယွန်က ဆက်ပြောပါသည်။

"ဒါတာလည်း သခင်ကြီးပေးခဲ့တဲ့ တာဝန်ကို ခွဲဝေထမ်း ဆောင်ခြင်းလို့ပဲ သဘောထားရမယ် ... ဟုတ်တယ် မဟုတ်လား ကျန်းစီးမုံ ..."

"ဟုတ် ... ဟုတ်ပါတယ် ခင်ဗျာ ..."

ကျွန်းစီးမုံက လေးလေးနက်နက် ပြောလိုက်ပါသည်။

တောအုပ်ကလေးထဲသို့ နေရောင်ခြည်များ ထိုးကျလာပါသည်။

နေရောင်လာသည်ဆိုတော့ နှင်းပွင့်များ ပျောက်ပြေးပြီပေါ့။

"တဲ ... မင်း ဒီမှာပဲ နေခဲ့ပေဦး၊ ကျုပ်ခရီးထွက်ဖို့ သွားပြင်လိုက်ဦးမယ်၊ စီစဉ်စရာရှိတာ သွားစီစဉ်လိုက်ဦးမယ်၊ နေမမြင့်ခင် ဒီကနေ ထွက်ဖို့လိုတယ် ... ဒီမှာက ဂရုစိုက်စရာဆိုလို့ ရာသီဉတုပဲရှိတယ် ... လူတွေကတော့ အေးသလားမပြောနဲ့ တကယ့်အေးတဲ့လူတွေပါ ..."

စကားဆုံးသည်နှင့် အဘိုးအိုချူယွန်သည် ကျွန်းစီးမုံနှင့်ကလေးကိုထားရစ်ခဲ့ပြီး ထွက်ခွာသွားသည်။

ဝါးရုံပင်အောက်၌ ကျွန်းစီးမုံတစ်ယောက်တည်း ကျန်ရစ်ပါသည်။

နှင်းပွင့်များမရှိတော့သဖြင့် အအေးဒဏ်ကလည်း ပေါ့သွားပေပြီ။

သူ့ရင်ထဲမှာတော့ တလှပ်လှပ်ဖြစ်နေပါသည်။

ကျင်အိမေကို လက်ထပ်ရမည်ဆိုပါလား။ ကျင်အိမေ၏ ရုပ်ရည်ကို သူမြင်ဖူးသည်။



ယောက်ျားဆန်ပြီး ကြမ်းတမ်းအကျည်းတန်သော မိန်းကလေးပင်။

ချူယွန်အနေဖြင့် အကောင်းဆုံးစီစဉ်ခြင်းသာဖြစ်ပါသည်။ အသင့်လျော်ဆုံး အစီအစဉ်သာဖြစ်ပါသည်။

သူ့မြေးမလေးကို ကျွန်းစီးမုံလက်ထဲသို့ အတင်းထိုးထည့်ဟန်မတူပါ။

ကျွန်းစီးမုံစဉ်းစားရာတွင် တစ်ကွက်ကျန်နေခဲ့ပါသည်။

ကလေးငယ်အား မေးမြန်းခဲ့သော် မည်သို့ဖြေမည်နည်းဟူသည့်အကွက်ဖြစ်ပါသည်။

ချူယွန်စဉ်းစားသည်မှာ ပြည့်စုံပါသည်၊ ကျင်အိမေနှင့် ကျွန်းစီးမုံ၏ကလေးဟူ၍ ပြောမှသာ အများကလက်ခံယုံကြည်ကြပါလိမ့်မည်။

သို့သော် သူ့မျက်စိထဲမှာတော့ အမှတ်မထင် ဆုံဆည်းခဲ့သည့် လိစွန်းကိုသာ မြင်နေရပါသည်။

လိစွန်း၏မျက်နှာကလေးမှာ အပြစ်ကင်းနေသည်။ သူ့ကိုလည်း ချစ်ခင်ပုံရသည်။

"ဩော် ... လိစွန်း ... လိစွန်း ... ဝေးရပြီပေါ့ ..."

ကျွန်းစီးမုံသည် လိစွန်း၏အမည်ကို တိုးတိုးဖွဖွ မြည်တမ်းလိုက်ပါသည်။ လိစွန်းသည် သူ့နှလုံးသားကို စိုးပိုင်ဆဲသာဖြစ်ပါ

သည်။ သူကလည်း လိစ္စန်းအား သတိရစရာလေးတွေ ဖန်တီးပေးခဲ့ပါသည်။ ကျောက်စိမ်းလိပ်ရုပ် ဆွဲပြားကလေးပေးခဲ့ပါသည်။

ဆွဲပြားကလေးမှာ အကြောင်းမဟုတ်ပါ။ ကျန်းစီးမုံတည်းဟူသော သူကပေးခဲ့ခြင်းမှာ ပဓာနကျပါသည်။ လိစ္စန်းသည် ကျန်းစီးမုံအား မျှော်လင့်စောင့်စားနေမည်မှာ သေချာပါသည်။ ဘယ်သောအခါမှ ရောက်လာမည်မသိသော ကျန်းစီးမုံအား တဝုံဝုံ တလင့်လင့် စောင့်နေမည်မှာ သေချာပါသည်။

"ဟင်း ..."

ကျန်းစီးမုံသည် သက်ပြင်းကိုသာ ချမိတော့သည်။

ယခုတော့ လိစ္စန်းနှင့် မဖြစ်နိုင်တော့ပါ။ ကျင်အိမေနှင့် လက်ထပ်ရတော့မည်ဖြစ်၍ လိစ္စန်းအား လက်ထပ်ခွင့်တောင်းရမည်သို့မျှ မဖြစ်နိုင်တော့ပါ။ ဆရာကြီးချူယွန်ကိုလည်း အပြစ်တင်၍ မဖြစ်ပါ။ သူ့အနေဖြင့် အကောင်းဆုံးသော အလုပ်ကိုလုပ်ခြင်းဖြစ်ပါသည်။ သခင်ကြီးတာစင်ကူပေးသည့် တာဝန်ကို ခွဲဝေယူခြင်းသာ ဖြစ်ပါသည်။

သူတာဝန်ကျေရပါလိမ့်မည်။ ထို့သို့ တာဝန်ကျေရာတွင် ကျင်အိမေကို လက်ထပ်ဖို့လည်း ပါပါသည်။ ကျင်အိမေကို လက်ထပ်မှသာ သူ့တာဝန်ကျေပါမည်။ သူလက်ထပ်ပါမည်။

ကျင်အိမေကို လက်ထပ်ပါမည်။ လိစ္စန်းကိုတော့ ရင်နာနာဖြင့် မေ့ပစ်ရပါမည်။



နေရောင်ခြည်မှာ လင်းလက်နေသည်။ နှင်းမြူများ ပြယ်လွင့်ပြီဖြစ်၍ တောအုပ်ကလေးသည် သာသာယာယာဖြစ်လာပါသည်။

ထိုအခိုက် ...

"ဖြောက် ..."

"ချွတ် ..."

ဝါးရွက်ခြောက်များကို နင်းလာသည့်အသံကြားရပါသည်။ တစ်လှမ်းချင်းနင်းလာသည့် အသံကိုကြားရပါသည်။ ကျန်းစီးမုံ လှည့်မကြည့်ပါ။ အန္တရာယ်အငွေ့အသက်မရှိသဖြင့် ရန်သူမဖြစ်နိုင်ကြောင်း သူ့အာရုံထဲမှ အလိုလိုသိပြီး ဖြစ်ပါသည်။

ကျင်အိမေ ...

ခြေသံရှင်သည် ကျင်အိမေပဲဖြစ်ရပါမည်။ ကျင်အိမေ ရောက်လာမည်။

လက်ထပ်ဖို့ကိစ္စကို သူမနားထောင်မည်။

သူ့အနေကလည်း ကျင်အိမေကို လက်ထပ်ဖို့ ဖွင့်ပြောရပါမည်။

ရှပ်ဆိုးတာ ရှပ်ကြမ်းတာကို ပြော၍မဖြစ်ပါ။ အသာ ဘေးဖယ်ထားပြီး ပြောရပါမည်။

အမျိုးသမီးသည် သူ့နောက်ကျောသို့ ရောက်ရှိလာပါသည်။

အမျိုးသမီး၏အငွေ့အသက်ကို သူသိသဖြင့် ကျင်ဘိမေမှ တစ်ပါး အခြားသူမဖြစ်နိုင်ပါ။

သူမျက်စိရှေ့သို့ အရာဝတ္ထုတစ်ခု ကျရောက်လာပါသည်။

"ဟင် ..."

သူ အံ့ဩသွားသည်။

အလွန်အံ့ဩသည်။

သူမအံ့ဩဘဲ မည်သို့တင်းခံနိုင်လိမ့်မည်နည်း။

ကျောက်စိမ်းလိပ်ရုပ်ကလေး။

ကျောက်စိမ်းလိပ်ရုပ်ဆွဲပြားကလေးသည် ကြိုးတန်းလန်းဖြင့် သူ့ရှေ့သို့ရောက်ရှိလာပါသည်။

သည်အရုပ်ကလေးကို လိစွန်းကိုပေးခဲ့သည်။

သည်အရုပ်ကလေး၏ပိုင်ရှင်မှာ လိစွန်းဖြစ်သည်။ မည်သို့ဖြစ်သနည်း။

သူသည် ကျောက်စိမ်းလိပ်ရုပ်ကလေးကို လက်နှင့်မထိဘဲ ချာခနဲလှည့်ကြည့်လိုက်သည်။

သူ့ရင်ထဲ ဝမ်းသာမှုတို့ဖြင့် ပြည့်နှက်သွားသည်။

"လိစွန်း ... လိစွန်း ... ဘယ်လိုရောက်လာတာလဲဟာ၊ လိစွန်း ဆရာကြီးချူယွန်တို့နဲ့အတူ လိုက်လာတာလား ..."

ထပ်ကာထပ်ကာ မေးမိသည်။

အငမ်းမရ မေးမိသည်။



ပြီးမှ လက်ရှိအခြေအနေကိုသတိရပြီး ကိုယ်ရှိန်သတ်လိုက်ရသည်။

ကျန်းစီးမုံ၏မျက်နှာကလည်း ညှိုးလျှသွားပါသည်။

"လိစွန်း ... ဘာလာလုပ်တာလဲဟင် ..."

ခြောက်တပ်တပ်အသံဖြင့် မေးလိုက်မိသည်။

မိန်းကလေးက ပြုံးလိုက်သည်။

သူ့အပြုံးကြောင့် ပို၍လှသွားပါသည်။

မိန်းကလေးက ...

"အစ်ကို လူမှားနေပြီ ..."

ကျန်းစီးမုံ အံ့အားသင့်သွားသည်။

သို့သော် အံ့အားသင့်သည်မှာ ခဏသာဖြစ်ပါသည်။

"ဘာမျှားမှားလို့လဲ လိစွန်းရယ် ..."

လိစွန်းက ဟက်ဟက်ပက်ပက် ရယ်လေ၏။

"ကျွန်မ လိစွန်းမဟုတ်ဘူး ... ကျင်ဘိမေပါ ..."

"ဘာ ..."

ကျန်းစီးမုံမှာ တစ်လုံးသာ အော်ဟစ်နိုင်ပါသည်။

"ဟုတ်ပါတယ် အစ်ကို ...ဘိုးဘိုးချူယွန်ရဲ့မြေးဟာ ကျင်ဘိမေပါ၊ ဘိုးဘိုးက အစ်ကို ဒီမှာစောင့်နေတယ်ဆိုလို့ ကျွန်မလိုက်လာတာ ...အစ်ကိုနဲ့ ပြောစရာ ဆိုစရာတွေ သွားပြောလိုက်ဦးဆိုလို့ ... ကျွန်မ ဒီကိုလိုက်လာတာ ..."

"ဒါဆို ...ဟို ...ကို ..."

ကျန်းဆီးမုံမှာ စကားကိုပြည့်စုံအောင် မပြောနိုင်ပေ။ ဝမ်းသာလုံးဆို့နေပြီ။

ကျင်အိမေကတော့ အပြုံးမပျက်ပါ။

"ဟင်း ...ဟင်း ...ဟိုရုပ်ဆိုးဆိုးကောင်မလေးဟာ ဘယ်သူလဲလို့မေးမလို့ မဟုတ်လား ... အဲဒါက တခြားသူမဟုတ်ဘူး၊ ကျွန်မရဲ့သူငယ်ချင်း လီစွန်းဆိုတာပဲ ..."

"ဒါဆို ...လိုဏ်ဂူထဲမှာ တွေ့ခဲ့ရတာလည်း ကျင်အိမေပါပဲနော် ... လီစွန်းမဟုတ်ဘူးပေါ့ ..."

"အစ်ကိုကလည်း နားဝေးလိုက်တာ၊ ကျင်အိမေဆိုတာ နှစ်ယောက်မရှိပါဘူး၊ တစ်ယောက်တည်းရှိတယ် ... အစ်ကို့ကို လိုဏ်ဂူထဲမှာ စကားပြောခဲ့တာ ဟောဒီက ကျင်အိမေပဲ၊ အစ်ကို့ကို လမ်းမှာ နှုတ်ဆက်ခဲ့တာလည်း ဒီက ကျင်အိမေပဲ ...ဟောဒီလည်ဆွဲကလေးကို လက်ခံယူတာလည်း ဒီက ကျင်အိမေပါပဲ ...လီစွန်းလို့ အစ်ကို့ကို လိမ်ညာပြောခဲ့တာ ..."

ကျန်းစီးမုံမှာ ယခုမှပင် ပြုံးနိုင်တော့သည်။

"အစ်ကို့ကို ဆန်ပြုတ်တိုက်တုန်းက ဘာဖြစ်လို့ လိမ်ညာပြောခဲ့တာလဲ ...လီစွန်းကို လက်ညှိုးထိုးပြပြီး ကျင်အိမေလို့ လိမ်ညာပြောရတာလဲ၊ အစ်ကိုကတော့ တကယ်ပဲ အောက်မေ့နေတာ"

ကျင်အိမေသည် တခစ်ခစ်နှင့် ရယ်မောလေတော့၏။



"ဟင်း ... ဟင်း ... ဟင်း၊ မျက်လှည့်ဆရာကြီးက မျက်လှည့်ပြလိုက်တာ အဆင်ကိုချောလို့၊ ဘယ့်နှယ့်လဲ ...ကျွန်မရဲ့ မျက်လှည့်က ပိုပြီးမပီပြင်ဘူးလား ...အစ်ကို့ကို မျက်လှည့်ပြလိုက်တာပဲပေါ့ ..."

"ပီပြင်ပါတယ်ဗျာ ...အစ်ကိုက ညဘက်ကြီးမှာ ညီမမျက်နှာကို မြင်ဖူးတာမှ မဟုတ်တာ ...ဒီတော့ ညီမလှည့်သမျှ ခံရတာပဲပေါ့ ..."

"လီစွန်းအစစ်က ဘာမှသိရှာတာ မဟုတ်ပါဘူး ...သူ့နာမည်ကို အလွဲသုံးစားလုပ်တာတော့ အားနာသား ..."

ကျန်းစီးမုံ ရွှေသို့တိုးလိုက်သည်။

"အစ်ကိုရဲ့အစီအစဉ်ကို ညီမသိပြီးသားနော် ..."

"သိသားပဲ ... ဘာလဲ စန်ဂျင်မြို့ကိုခရီးထွက်ဖို့လား"

"မဟုတ်ပါဘူး ...ဟို ...ဟို ..."

ကျင်အိမေက ချစ်စဖွယ် ရယ်လိုက်သည်။

"တဲ ...သွားကာနီး လာကာနီး အပိုစကားတွေ ပြောမနေနိုင်းလေ ...ဟော ဟိုမှာ ဘိုးဘိုးလာနေပြီ၊ ဝန်စည်စလွယ်တွေကို သွားသယ်လိုက်ဦး၊ ကျွန်မ စန်ချိုယာလေးကို ချီခဲ့မယ် ..."

ကျင်အိမေက ကျန်းစီးမုံလက်ထဲမှကလေးကို လှမ်းချီလိုက်သည်။

စိတ်လက်ပေါ့ပါးသွားပြီဖြစ်သော ကျွန်းစီးမုံသည် အဘိုးအိုချုပ်ထဲမှ ပစ္စည်းများကို ဝိုင်းဝန်းသယ်ယူရန် ပြေးထွက်သွားလေတော့၏။

ကျွန်းအိမ်မသည် ပြုံးနေလေ၏။



## ဟိမဝန္တာခရီးသည်

တောင်တန်းတောင်စဉ်အားလုံးသည် ဖွေးဖွေးဖြူသော ဆီးနှင်းများဖြင့် ဖုံးလွှမ်းနေသည်။ နှင်းဖြူများကလည်း တဖွဲဖွဲတသဲသဲ ကျလျက်ရှိရာ နှင်းဖြူများသာ ဖွေးနေပါသည်။

တောအုပ်တစ်ခုလုံးရှိ သစ်ပင်များအပေါ်တွင်လည်း နှင်းပွင့်များ စီးဖုံးလျက်ရှိပါသည်။ ရိုးတံပင်စည်များသာ နှင်းပွင့်ဖုံးသည့်ဒဏ်က လွတ်ပါသည်။

အအေးဒဏ်ကလည်း ကြီးစိုးပါသည်။ အရိုးကွဲမတတ် အေးမြနေသည်။

ထိုဒေသသို့ လူရွယ်တစ်ဦး မြင်းတစ်ကောင်စီးလျက် ခရီး

ထွက်လာပါသည်။ သူသည် ဒေသခံမြင်းကိုစီးလျက် ထူထဲသော အဝတ်အစားများ ဝတ်ဆင်ထားသဖြင့် သူ၏မူလရုပ်ပင် မပေါ်ပါ ချေ။

သူကား ဟိမဝန္တာမှ သိုင်းပညာရှင်ကြီး ကမ္ဘာဦးလူ ယူကွမ်း အား လိုက်လံရှာဖွေနေသည့် ရေခုနစ်လွှာဓားသမား ကျွန်းစီးမုံ ပင်တည်း။ သူ၏မျက်နှာမှာ လွန်စွာတည်ကြည်လေးနက်နေပါ သည်။

သူခရီးထွက်လာသည်မှာ နှစ်လကျော်၍ သုံးလခန့်ပင် ဆိုက်ရောက်လျက် ရှိပါသည်။ ထိုသုံးလအတွင်း မင်္ဂိုမဒေသသို့ ထိုးဖောက်ဝင်ရောက်နိုင်ခဲ့ပြီး ဟိမဝန္တာတောင်တန်းသို့ အခြေချနိုင် ခဲ့ပါသည်။ လမ်းတစ်လျှောက်တွင် ကြုံတွေ့ခဲ့သော အခက်အခဲ အတားအဆီးများကား များလှပါဘိခြင်း။ စာဖွဲ့မကုန်အောင် ရှိ တော့သည်။ သို့ရာတွင် အားလုံးကို အောင်မြင်စွာရင်ဆိုင်နိုင်ခဲ့ သည်။ ဖြတ်ကျော်နိုင်ခဲ့သည်။

ထိုအတွေ့အကြုံများကြောင့်ပင် သူ၏သိုင်းပညာအရည် အသွေးမှာ ပိုမိုထက်မြက်လာခဲ့ရသည်။ ရေခုနစ်လွှာဓားသမား ကျွန်းစီးမုံထက် အဆင့်ပိုမြင့်ခဲ့ရသည်။

အတွေးအခေါ်နှင့် ဆင်ခြင်ဉာဏ်တို့တွင်ပါ ရင့်ကျက်ခဲ့ရ သည်။ ကျွန်းစီးမုံသည် ယခင်ကလည်း လွယ်လွယ်နှင့်မတွေးခဲ့ပါ၊



သို့ရာတွင် ယခုပို၍ဆိုးခဲ့လေပြီ။ ကိစ္စတစ်ခုကို ထောင့်စုံဘက်စုံမှ စဉ်းစားတတ်ခဲ့ပြီ။ ဤသို့စဉ်းစားတတ်အောင်လည်း အခက်အခဲ အကျပ်အတည်းများက သင်ကြားပြသခဲ့သည်။

မင်္ဂိုမနယ်မြေသည် ကျွန်းစီးမုံအတွက် အိပ်မက်ကမ္ဘာတစ် ခုပင်။ အားလုံး အဆန်းချည်းဖြစ်နေသည်။ သူရောက်ရှိလာမည်ဟု တယ်တုန်းကမှ စိတ်ကူးမရှိခဲ့။ ရည်ရွယ်ချက်မရှိခဲ့ချေ။

ဟိမဝန္တာဆိုသည်မှာလည်း ကြားဖူးရုံသာ ကြားခဲ့သည်။ ကိုယ်တိုင်ကိုယ်ကျ ရောက်ရှိလာလိမ့်မည်ဟု မထင်ခဲ့ချေ။ ယခုကား ကိုယ်တိုင်ကိုယ်ကျ ဖြတ်သန်းနေရပေပြီ။

နှင်းမှုန်များကို သယ်ဆောင်လာသည့် တောင်ပေါ်လေ သည် အဟုန်ပြင်းစွာ တိုက်ခတ်နေ၏။ နှင်းများသည်လည်း တဖွဲ ဖွဲ တသဲသဲကျနေ၏။ နှင်းပွင့်အစုအပုံသည် တစ်ခဏအတွင်းမှာ ပင် မြင့်မောက်ခဲ့ရသည်။

ကျေးငှက်သာရကာတို့သည် ဤနေရာတွင် မရှိပါ။ ၎င်း တို့၏ အသံကိုကြားချင်၍ မကြားရချေ။ ကျေးငှက်သာရကာတို့ကို ထားဦး၊ လူသားဆိုလျှင်လည်း တစ်ဦးတစ်ယောက်မျှ မတွေ့ရသေး ပါ။ လူသားမတွေ့ရသဖြင့် ကျွန်းစီးမုံ၏ခနီးမှာ အခက်အခဲတွေ့ ရသည်။

သူသည် ရိက္ခာခြောက်များကို ထည့်ယူလာခဲ့၏။ ထိုရိက္ခာ

ခြောက်ကိုစားတာ ရေခဲကို အရည်ဖျော်သောက်ခြင်းဖြင့် ဝမ်းမီးငြိမ်းအောင် ကြံဆောင်ခဲ့ရသည်။

လမ်းခရီးကား ကြမ်းသည်ထက် ကြမ်းလာ၏။ တောင်များကလည်း မတ်စောက်သည်ထက် မတ်စောက်လာ၏။ ဆီးနှင်းများကလည်း တဖွဲဖွဲ တသဲသဲဖြင့် ကျသည်ထက် ကျလာသည်။ လေပြင်းသည်ထက် ပြင်းလာသောအခါ ကျန်းစီးမုံသည်ခရီးသွားခြင်းကို ရပ်ဆိုင်းလိုက်သည်။

လေငြိမ်သွားသောအခါမှ ခရီးဆက်ထွက်ရသည်။ မြင်းကြီးမှာ ဒေသခံမြင်းကြီးဖြစ်၍ အအေးဒဏ်ခံနိုင်သည်။ ဆီးနှင်းများ၏ ဒဏ်ကိုခံနိုင်သည်။

မင်္ဂိုမဒေသသည် ကျန်းစီးမုံ၏ခံနိုင်ရည်ရှိခြင်းနှင့် စွမ်းရည်ကို စိန်ခေါ်နေသယောင်ရှိသည်။ ကျန်းစီးမုံသည် အခက်အခဲအတားအဆီးအားလုံးကို ဖြတ်ကျော်ခဲ့ပြီးဖြစ်သည်။

သူသည် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချခဲ့ပြီးဖြစ်သည်။ ထွက်လာခဲ့ပြီးမှတော့ ကမ္ဘာဦးလူ ဆရာကြီးဟူကွမ်းကို မတွေ့ရလျှင် မပြန်တော့ပြီဟု ဆုံးဖြတ်ချက်ချနိုင်ခဲ့သည်။

သူသည် ချစ်စ၊ ခင်စ၊ ကြင်နာစ ဇနီးချောကလေး ကျင်အိမေကိုပင်လျှင် မတတ်သာ၍ ခွဲခွာခဲ့ရသည် မဟုတ်ပါလော။ တီတီတာတာနှင့် ကြည်နူးစရာ ပြောတတ်သော ကျင်အိမေကို သူထားရစ်ခဲ့ရသည်။



မိမိတို့၏ ရင်သွေးတစ်ယောက်နှယ် သံယောဇဉ်တွယ်နေရသည့် လူမမည်ကလေး စန်ချီယာကိုလည်းထားရစ်ခဲ့ရသည်။ စန်ချီယာကလေးသည် သူတို့၏ရင်သွေးပမာဖြစ်နေချေပြီ။ ကလေးကလည်း ကျင်အိမေကို တွယ်တာနေလေပြီ။

အသက်အရွယ်ကြီးရင့်လှပြီဖြစ်သော သူလေးစားအားကိုးရသည့် ချူယွန်ကိုလည်း ထားပစ်ခဲ့ရသည်။ ချူယွန်သည်တကယ်လေးစားအားကိုးထိုက်သူဖြစ်သည်။ မကောင်းမြစ်တား၊ ကောင်းရာညွှတ်လတ်၊ လုပ်တတ်သူဖြစ်သည်။ လိုအပ်သောအကြံဉာဏ်ကောင်းများကိုလည်း ပေးတတ်သူဖြစ်သည်။ သူ၏အသက်အရွယ်က ဗဟုသုတပြည့်စုံမှုကို ညွှန်ပြနေသည်။ ယခု ထိုအဘိုးအိုကိုလည်း ထားရစ်ခဲ့ရချေပြီ။

စန်ဂျင်မြို့တွင် သူတို့အခြေချနေထိုင်ခဲ့သည်။ ပတ်ဝန်းကျင်က စူးစမ်းကြသည်။ ထိုအခါ ကျန်းစီးမုံနှင့် ကျင်အိမေတို့ဇနီးမောင်နှံမိသားစု ပြောင်းရွှေ့လာသည်ဟူသော အကြောင်းပြချက်သည် သူတို့အတွက် လုံလောက်သော အကြောင်းပြချက်ဖြစ်လာတော့သည်။

ငါးရက်၊ ခုနစ်ရက်မျှကြာသောအခါ ကျန်းစီးမုံတို့နေသားတကျဖြစ်သွားသည်။ ချူယွန်သည် ကျန်းစီးမုံ၏ယောက္ခမဖြစ်လာသည်။ စန်ချီယာကလေးသည် အဘိုးအိုချူယွန်၏မြေးဖြစ်သွားသည်။

ကျန်းစီးမုံသည် စန်ဂျင်မြို့ကလေး၌ နေထိုင်ခဲ့ကြသည့် တိုတောင်းလှသည့် ကြည်နူးဖွယ်ရာတောင်းလှသည့်ရက်များကို ပြန်လည်တသနေမိသည်။ ပြန်လည် အောက်မေ့နေမိသည်။ တစ်ကိုယ်တော် လှည့်လည်သွားလာနေရသည့် ရက်များမှာ များပြားလှပြီဖြစ်၍ စန်ဂျင်မြို့ကိုပို၍ပင် အောက်မေ့နေမိချေသည်။

••• ••• 

သူတို့သည် စန်ဂျင်မြို့သို့ ချောချောမောမောရောက်ရှိခဲ့ကြသည်၊ စန်ဂျင်မြို့သည် စာတတ်ပေတတ်ပေါများသော မြို့ဖြစ်ပြီး နေချင်စဖွယ် သပ်ရပ်သော မြို့တစ်မြို့ဖြစ်သည်။

မြို့ကွက်ရိုက်ပုံကိုက အခြားမြို့များနှင့်မတူ၊ စနစ်ကျသည်၊ လေးထောင့်စပ်စပ်ရှိသည်။ လူနေအိမ်ခြေ မထူထပ်လှဘဲ သန့်ရှင်းသပ်ရပ်သည်။



မြို့သူမြို့သားများက ဘယ်လိုလူစားမျိုးဖြစ်ပါသနည်း။ မြို့သူမြို့သားများမှာ ခင်မင်လွယ်သည်။ ဖော်ရွေသည်။ ယဉ်ကျေးသိမ်မွေ့သည်။ အခြားသူများကို လက်ခံလွယ်သည်။

သာမဏေန သာမဏော၊ ဂေါဏေဏ ဂေါဏောဟူသော စကားနှင့်အညီ ပညာတတ်ရှိရာ ပညာတတ်များ စုဝေးကြပါသည်။

စန်ဂျင်မြို့ကလေးသည် ပညာတတ်များစုဝေးရာ မြို့တော်ဖြစ်သည်နှင့်အညီ လူညစ်လူပေ၊ ကလေကချေလူငယ်များ ရောက်မလာကြပါ။ ပညာတတ်များသာ ရောက်လာကြပါသည်။

လူမိုက် လူရမ်းကားမရှိ၊
လူရှုပ်လူထွေမရှိ၊
သိုင်းသမားဟူ၍လည်း မရှိ၊

စန်ဂျင်မြို့ကလေးသည် အလွန်အေးချမ်းသော မြို့ကလေးဖြစ်ပါသည်။ သိုင်းသမားများသည် စန်ဂျင်မြို့ကလေးကို လုံးဝစိတ်မဝင်စားကြပါ။ သိုင်းသမားများ စိတ်ဝင်စားမည့် သိုင်းကျမ်းရတနာ စသည်တို့လည်း မရှိပါ။

စန်ဂျင်မြို့တွင်ရှိသည်မှာ ကျောင်းအများအပြားပင် ရှိပါသည်။ အံ့ဩစရာကောင်းလောက်အောင် ကျောင်းများပေါများသည်။ တရုတ်တစ်ပြည်လုံးတွင် စန်ဂျင်မြို့လောက် ကျောင်းပေါများသည့်မြို့ မရှိပါ။

ထို့အတူ အခြားသော အနုပညာနှင့် လက်မှုပညာကျောင်းများလည်း အနှံ့အပြားရှိသည်။ ထိုကျောင်းများတွင် အနုပညာကို စိတ်ဝင်စားသော ကျောင်းသားများ၊ လက်မှုပညာကို စိတ်ဝင်စားသော ကျောင်းသားများလည်း ရှိနေပါသည်။ တကယ့်ပညာတတ်များ စုဝေးရာမြို့ကလေးဖြစ်နေပါသည်။

စန်ဂျင်မြို့သူမြို့သားများသည် အားလပ်ချိန် ထိုက်သင့်သလောက် ယူကြသည်။ ထိုအားလပ်ချိန်များတွင် ဘုံကျောင်းများ၌လည်းကောင်း၊ ပန်းခြံများ၌လည်းကောင်း၊ စားသောက်ဆိုင်များ၌လည်းကောင်း၊ အနုပညာစာပေပညာရပ်များကို ဆွေးနွေးငြင်းခုံတတ်ကြသည်။

ဂီတ၊ သုခုမ၊ ပန်းချီ၊ ပန်းပု၊ ဘာသာရေးနှင့် ပတ်သက်သည့် အကြောင်းအရာပေါင်းစုံတို့ကို ဆွေးနွေးငြင်းခုံကြသည်။ အနုပညာနှင့်ပတ်သက်သည့် အကြောင်းအရာဆိုလျှင် မည်သည့်အနုပညာဖြစ်စေ ဆွေးနွေးငြင်းခုံလေ့ရှိကြသည်။

စန်ဂျင်မြို့သို့ရောက်သောအခါ အဘိုးအိုချူယွန်သည် ရောင်းပြလုပ်ငန်းတစ်ခုလုပ်ကိုင်ရန် စဉ်းစားရတော့သည်။ ကြာကြာမစဉ်းစားလိုက်ရပါ။ အဘိုးအိုချူယွန်သည် ပိုးထည်ပေါ်တွင် ရွှေချည်ထိုးသည့် အလုပ်ရုံတစ်ခုကို တည်ထောင်လိုက်ပါသည်။

ထိုသို့ ရွှေချည်ထိုးအလုပ်ရုံတည်ထောင်ရာတွင် ငွေလိုပါ



သည်။ သခင်ကြီးတာစင်ကူ ထားရစ်ခဲ့သော ရွှေ၊ ငွေ၊ ရတနာများမှာ များစွာရှိသည်ဖြစ်၍ အလုပ်ရုံတည်ထောင်ရာတွင် အခက်အခဲမဖြစ်ပါ။ သူတို့အနေဖြင့် အများအမြင်တွင် ထူးထူးခြားခြားဖြစ်မနေရန်သာ အရေးကြီးပါသည်။

ထို့ပြင် ချူယွန်အနေဖြင့် နေပြည်တော်တွင်နေစဉ်က ရွှေချည်ထိုးလုပ်ငန်းကို လုပ်ကိုင်ခဲ့ဖူးသည်။ လေ့လာခဲ့ဖူးသည်။ ထို့ကြောင့် ထိုလုပ်ငန်းသည် ချူယွန်နှင့် အလွန်သဟဇာတဖြစ်သည်။ လုပ်ငန်းကို နိုင်နင်းစွာ စီမံခန့်ခွဲနိုင်သည်။

မြို့ခံလူများကား ဖော်ရွေကြပါသည်။ ချူယွန်ကိုလည်း လက်မှုပညာတတ် သက်ကြီးရွယ်အိုတစ်ယောက်အနေဖြင့် လေးစားကြပါသည်။ လိုအပ်သည့်အကူအညီများကိုလည်း ပေးကြပါသည်။ အလုပ်ရုံနေရာ၊ အလုပ်ရုံတွင် လိုအပ်သည့် အလုပ်သမား အစရှိသည်တို့ကို ခေါ်ယူနေရာချပေးကြပါသည်။

ချူယွန်သည် သူ့အမည်ကို စန်ဂျင်မြို့ကလေးတွင် ကူအိုဟု ပြောင်းလဲလိုက်၏။ အဘိုးအိုချူယွန်မှ အဘိုးအိုကူအိုဟု ပြောင်းလဲသွားပါသည်။ ထိုအမည်မျိုးကို ပညာရှင်နှင့် စာပေသမားများ မှည့်လေ့ရှိသော အမည်မျိုးဖြစ်ပါသည်။

ထိုအမည်မျိုးကို စန်ဂျင်မြို့ကလေးက သဘောကျပါသည်၊ ထိုအမည်မျိုးရှိသူ အများအပြားရှိရာ စန်ဂျင်မြို့ကလေးသည် ထို

လူများကို ကြိုဆိုကြပါသည်။

ကျွန်းစီးမုံလည်း သူ့အမည်ကို ဝူချိန်ဟု ပြောင်းလဲလိုက်ပါသည်။ သူ့လုပ်ငန်းမှာ ပိုးထည်ကုန်သည်ဖြစ်ပါသည်။ သူ့အမည်မျိုးကတော့ စာပေသမားအမည်မဟုတ်ပါ။ ကုန်သည်အမည်ဖြစ်ပါသည်။ ထို့အတွက် စန်ဂျင်မြို့ကလေးက စိတ်အနှောင့်အယှက်မဖြစ်ပါ။

သူ့ဇနီးသည်၏အမည်မှာလည်း ပြောင်းလဲနေပါပြီ။ ကျင်အိမေဟု မခေါ်တော့ပါ။ စင်ချိချိဖြစ်နေပါပြီ။ စင်ချိချိ၏အမည်မှာတော့ သာမန်နာမည်ဖြစ်ပါသည်။ စန်ဂျင်မြို့ကလေးက စိတ်မဝင်စားပါ။

စန်ချိယာတလေးကိုမူကား စင်ချိချိ၏သားအဖြစ် လူသိများပါသည်။ စင်ချိချိသည် သူ့သားကို ပွဲမထုတ်ပါ။ သိုသိုသိပ်သိပ်နေပါသည်။ ထို့ကြောင့် စန်ဂျင်မြို့ကလေးသည် စန်ချိယာတလေးကို သိပ်မသိကြပါ။ အိမ်နီးပတ်ဝန်းကျင်လောက်တသာ သိရှိကြပါသည်။

ကျွန်းစီးမုံသည် စန်ဂျင်မြို့ကလေးတွင် သုံးလခန့်မျှသာနေထိုင်ခဲ့ပါသည်။ ထိုသုံးလနေခဲ့သည့်ကာလမှာ အလွန်တစ်ရာချမ်းမြေ့သောကာလဖြစ်ပါသည်။

စန်ချိယာတလေးသည် ကျွန်းစီးမုံနှင့် ကျင်အိမေတို့ကို



မိဘအရင်းနှင့် ဖခင်အရင်းဟု ထင်မှတ်ကာ တွယ်တာစပြုလေပြီ။ ချူယွန်ကလည်း ဤကလေးကို အလွန်ချစ်သည်။ ဤသို့ဖြင့် စန်ချိယာကလေးမှာ ဤမိသားစု၏မဏ္ဍိုင်ဖြစ်လာပါသည်။

ကျွန်းစီးမုံကား ဟိမဝန္တာတွင် ခိုအောင်းနေသည့် ဆရာကြီးဟူကွမ်းထံသို့ သွားနိုင်ရေးကိုသာ အမြဲကြံဆနေသည်။ ကမ္ဘာဦးလူ ဟူကွမ်းအား တွေ့ပါက စန်ချိယာကလေး၏ ကိုယ်ပေါ်တွင်ရှိသော အရေးအကြောင်းများ အကြောင်းကို သိရှိရမည်။ ဖြေရှင်းမရသော ပြဿနာများကိုလည်း ဖြေရှင်းနိုင်မည်။

ထို့ပြင် သခင်ကြီးတာစင်ကူနှင့် တောင်တန်းနဂါးကျိုတောင်တို့အကြောင်းပါ သိရှိလာရပေလိမ့်မည်။ တာစင်ကူနှင့် ကျိုတောင်တို့၏ ငယ်ငယ်က ဘဝအကြောင်းများမှာ တိမ်မြုပ်နေသည် မဟုတ်ပါလား။

ထို့မျှမကပါ။ ကမ္ဘာဦးလူ ဆရာကြီးဟူကွမ်းနှင့် တွေ့ရခြင်းအားဖြင့် လျှို့ဝှက်နက်နဲသော ပညာရပ်များကို သင်ကြားခွင့် ပေးလိမ့်မည်ဟု ကျွန်းစီးမုံယူဆသည်။ ကမ္ဘာဦးလူ ဆရာကြီးဟူကွမ်းသည် ထူးခြားသော လောကီပညာရပ်များကို တတ်မြောက်ထားလေရာ ထိုပညာရပ်များ၏ အခြေခံကိုလည်း ကျွန်းစီးမုံအား သင်ကြားပေးမည်ဟု ယုံကြည်သည်။

သူ၏ပြင်းပြလှသော ဆန္ဒကို ချူယွန်နှင့် ကျင်အိမေတို့က

လည်း မတားဆီး မတန့်ကွက်နိုင်ကြပါချေ။

ချူယွန်က သတိဝီရိယနှင့်သွားရန် သတိပေးသည်။

ကျင်အိမေကား မချိရှာပေ။ တားလည်း မတားရက်၊ ထို့ကြောင့် ဝမ်းနည်းမှုကို မျိုသိပ်ဖုံးကွယ်လျက် အမြန်ဆုံးပြန်လာရန်သာ အတန်တန်မှာရှာသည်။

ကျွန်းစီးမုံကလည်း ဤမိသားစုတလေးနှင့် ခုမကွဲ သိုက်မပျက် နေချင်ပါသည်။ သို့သော် ဤသို့နေ၍ ထမ်းဆောင်ရမည့်တာဝန်ကြီးမှာ ပြီးပြတ်မည်မဟုတ်ပါ။ ကမ္ဘာဦးလူ ဆရာကြီးဟူကွမ်နှင့် တွေ့ပါမှပြီးပေမည်ဟု သူယုံကြည်သည်။

ထို့ကြောင့် ဆောင်းဦးပေါက်အချိန်တွင် ကျွန်းစီးမုံသည် ကုန်ရောင်းကုန်ဝယ်ကိစ္စကို အကြောင်းပြကာ စန်ဂျင်မြို့တလေးမှ ထွက်လာခဲ့ပါသည်။



"ဗိုး ..."

"ဗုစ် ..."

အတွေးငှက်များသည် အတိတ်သို့ ပြန်ပြေးသွားကြသည်။ အတွေးငှက်များ ပစ္စုပ္ပန်ကာလသို့ ပြန်ရောက်နေစဉ်မှာပင် ကျယ်လောင်သော လေတိုးသံကြောင့် မြင်းကိုတွန့်ခနဲ ရပ်ဆိုင်းလိုက်ရ၏။

လူရိပ်တစ်ရိပ်က သူ့ရှေ့မှ ခုန်ပျံကျလာသည်။

ကျွန်းစီးမုံ အံ့အားသင့်သွားသည်။ သူ၏ခုန်ပျံဟန်သည် သိုင်းပညာတတ်ကျွမ်းသူတစ်ဦး၏ ခုန်ပျံဟန်ဖြစ်သည်။

သူသည် ထိုလူအား တစ်ချက်အကဲခတ်လိုက်၏။ သူလုံးဝမမြင်ဖူးသည့် လူမျိုးခြားတစ်ယောက်ပင်။

ထိုလူမှာ အရပ်အမောင်းမြင့်မားပြီး အသားရောင်ကကြေးနီရောင်ပေါက်နေ၏။ ထူထဲသော မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများ မျက်နှာတစ်ပြင်လုံး ပြည့်နေသည်။

ခန္ဓာကိုယ်ပေါ်တွင် ဝက်ဝံရေကိုခြုံထားပြီး ဆံပင်များကဖားလျားကျနေသည်။ ထို့ကြောင့် သူ့ပုံစံမှာ လူတစ်ယောက်ပုံစံထက် တိရစ္ဆာန်တစ်ကောင်နှင့် ပိုတူနေသည်။ ပထမပိုင်းတွင် တိရစ္ဆာန်

များပေပဲလားဟု ကျန်းစီးမုံ ထင်မိသည်။ နောက်မှ လူတစ်ယောက် ဖြစ်မှန်း သိလာခြင်းပင်။

ငယ်ထိပ်နေရာတွင် ဆံပင်များကို စုစည်းပြီး ကြိုးချည်ထားသောကြောင့် ပို၍အမြင်ဆန်းနေခြင်းဖြစ်သည်။

လက်ထဲတွင် ကြီးမားသော ဓားကောက်ကြီးတစ်လက်ကို ကိုင်ထားပြီး တိုက်ခိုက်ရန် အသင့်ဖြစ်နေလေသည်။ မရှိုမတိုင်းရင်းသားတစ်ယောက်ဖြစ်မည်ဟု ခန့်မှန်းရသည်။ မရှိုမတိုင်းရင်းသားတစ်ယောက်ဆိုရမည်ထက် ဟိမဝန္တာသား ဖြစ်ရမည်ဆိုခြင်းက ပိုမှန်နိုင်ပေသည်။ သူ့အဝတ်အစားများမှာ ဟိမဝန္တာ၌ နေထိုင်သူများသာ ဝတ်ဆင်ကြပေသည်။ အအေးဒဏ်ခံနိုင်ရန် ရည်ရွယ်၍ ဝတ်ဆင်ထားခြင်းဖြစ်သည်။

ထိုသူသည် ကျန်းစီးမုံအား မျက်တောင်မခတ်ဘဲ ကြည့်နေပြီးမှ အသံသြသြကြီးဖြင့် စတင်ပြောကြားပါသည်။

"......"

သူပြောသည့်စကားကို ကျန်းစီးမုံ နားမလည်ပါ။ သူမကြားဖူးသည့် ဘာသာစကားတစ်ခုဖြစ်နေခြင်းကြောင့် လုံးဝနားမလည်ပေ။ နားမလည်သဖြင့် နားမလည်ကြောင်း လက်ဟန်ခြေဟန်ဖြင့် ပြရမည်ဖြစ်ပေသည်။ သို့သော် ကျန်းစီးမုံက မျက်နှာကိုအချိုသာဆုံးထားလျက် ဦးညွှတ်လိုက်သည်။



ရန်သူမဟုတ် မိမိသည် မိတ်ဆွေသဘောဆောင်ကြောင်း ပြသလိုက်သည့် သဘောသင်္ကေတပင်။ နားမလည်ကြောင်း လက်ဟန်ခြေဟန်နှင့် ပြသသည်ထက် ပိုကောင်းသည့် သင်္ကေတပင်။

ပြီးမှ မိမိဘာသာစကားဖြင့် ...

"ကျွန်တော် ခရီးသည်တစ်ယောက်ပါ မိတ်ဆွေ ...ဒီဒေသကို ဝင်လာတာဟာ ဘယ်သူ့ကိုမှ ရန်ပြုဖို့မဟုတ်ပါဘူး၊ ဒီဒေသမှာ ရန်ပြုရမယ့်လူလည်း မရှိပါဘူး၊ အားလုံးကို မိတ်ဆွေဖွဲ့ဖို့ လာတာပါ ..."

တစ်ဖက်လူ နားလည်လို နားလည်ငြား ကိုယ့်ဘာသာစကားဖြင့် ပြောလိုက်ခြင်းဖြစ်ပါသည်။ တကယ်တော့ တစ်ဖက်လူ နားမလည်ပါ။ ဓားကောက်ကိုင်လူထွားကြီး၏ မျက်နှာမှာ တင်းမာနေဆဲဖြစ်ပါသည်။ ဓားကြီးတယမ်းယမ်း ဝှေ့ယမ်းလျက် စကားပြောပါသည်။

"......"

ထိုလူထွားကြီး ဘာပြောနေမှန်းမသိသော်လည်း မိမိအား တစ်စုံတစ်ခု အမိန့်ပေးနေမှန်းတော့ သိသည်။ သူညွှန်ပြသည့်နေရာသို့ မသွားရောက်ပါက ရန်ပြုတော့မည့် အရိပ်အယောင်လက္ခဏာပါ တွေ့လာရသည်။ ဓားကောက်ကြီးဖြင့် တစ်စုံတစ်ခုကို ညွှန်ပြမှန်း သိလာရသည်။

ကျွန်းစီးမုံသည် ဤလူထွားကြီးအား အနုနည်းနှင့် ရင်ဆို
၍ မရတော့မှန်း ရိပ်မိလာသည်။ အကြမ်းနည်းနှင့် ရင်ဆိုင်မှသာ
ရတော့မည်ဖြစ်ကြောင်း သိရှိလာသည်။ ထို့ကြောင့် သူသည် ကြိ
ကဲ့သို့ပျော့ပျောင်းသော နှယ်ခွေဓားကို ဆွဲထုတ်လိုက်သည်။

"ရှပ် ..."

"ဝှစ် ..."

ထိုအခါ ဓားကောက်သမား ဒေါသပုန်ထတော့သည်။

" ...... "

ဓားကောက်သမားက ဒေါသတကြီးဖြင့် အော်တစ်က
တိုက်ခိုက်တော့သည်။ သူ့ဒေါသကြီးပုံမှာ ပြောစရာမရှိတော့ပေ
ကျွန်းစီးမုံအနေဖြင့် သူ၏နှယ်ခွေဓားဖြင့် ခုခံတိုက်ခိုက်ရသည်။

"ရှမ်း ..."

"ခြွမ်း ..."

"ဝှီး ..."

"ဖြောင်း ..."

ဓားနှစ်လက်စလုံး မီးပွင့်များထွက်လာသည်။ တိုက်ခို
မှုက ပြင်းထန်လာသည်။ ဓားကောက်၏ထိချက်နှင့် နှယ်ခွေဓား
ထိချက်တ ပြင်းထန်သဖြင့် မီးပွင့်များထွက်သွားရခြင်းဖြစ်သ
နှစ်ယောက်စလုံး နောက်ဆုတ်သွားကြရ၏။ တစ်ဦးကိုတစ်ဦ



အထင်မသေးရဲတော့။

အလွန်တရာလေးမည်၊ ပေါ့ပါးမှုမရှိဟုထင်ရသော ဓား
ကောက်ကြီးသည် ထင်သလိုမဟုတ်ဘဲ အလွန်တရာပေါ့ပါးသွက်
လက်နေသည်။

ထို့အတူ နှယ်ခွေဓားသည် ကြိုးကဲ့သို့ ပျော့ပျောင်းနေ
သဖြင့် မြင်ရသူအဖို့ မလောက်လေး မလောက်စားအထင်သေးစရာ
ဖြစ်နေသည်။ ထိရုံနှင့် ကျိုးပြတ်သွားမည်ဟု ထင်စရာရှိနေ၏။

ထိုသို့ထင်ထားရသောဓားသည် မကျိုးပြတ်ရုံမျှမက ဓား
ကောက်ကိုပင် ခုခံဟန့်တားနိုင်သဖြင့် ဓားကောက်သမား အထင်
မသေးရဲတော့ချေ။ လက်တွေ့တွင် ဤမျှသေးသွယ်ပျော့ပျောင်းလှ
သည့် နှယ်ခွေဓားသည် မယုံနိုင်စရာ မာကျောနေသည်က အံ့ဩ
စရာဖြစ်နေတော့သည်။

သူတို့သည် တစ်ယောက်ကိုတစ်ယောက် အကွက်ချောင်း
နေကြ၏။ ဓားကောက်ကြီးကိုင်သူသည် ဒေါသကြီးပုံရသော်လည်း
တိုက်ခိုက်ရာ၌ လိမ္မာသည်။

ဓားကောက်ကြီးကိုင်သူကပင် စတင်တိုက်ခိုက်လာသည်။

"ဝှီး ..."

"ခြွမ်း ..."

ဤတစ်ကြိမ်တွင် ကျွန်းစီးမုံက ဓားကောက်ကြီးကို နှယ်ခွေ

ခါးဖြင့် လိမ်ပတ်၍ ဆွဲလိုက်သည်။ ပြီးနောက် မြင်းပေါ်မှ လေထဲသို့ ကျွမ်းပစ်၍ ခုန်ထွက်လိုက်သည်။

"ဝှစ် ..."

"ဝှီး ..."

ခါးကောက်သမား အငိုက်မိသွားသည်။ သူ့ခါးကို ဆွဲတင်းလုထားရန် အားတင်းလိုက်သည်။ သို့သော် ခါးက မရတော့၊ နွယ်ခွေခါးချက်တွင် ပါသွားပြီ။ ခါးကောက်ကြီးသည် လက်ထဲမှ လွတ်ထွက်သွားရပြီ။ သို့သော် ခါးကောက်သမားက အလျှော့မပေးချေ။

"ဝှီး ..."

"ဝုန်း ..."

ခါးကောက်သမားသည် လေထဲသို့ လိုက်ခုန်တက်ကာ သူ့ခါးကောက်ကြီးကို အမိအရ ပြန်ဆွဲလိုက်သည်။ ခါးသည် ပြန်ပါသွား၏။ ခါးကောက်ကြီးသည် သူ၏မူလပိုင်ရှင်လက်ထဲသို့ ပြန်ပါသွား၏။

ကျန်းစီးမုံမှာ နွယ်ခွေခါးကို လွတ်ထွက်မသွားအောင်သာ အတင်းပြန်ထိန်းလျက် မြင်းပေါ်မှ အသာကျသွား၏။

သူတို့သည် မြေပြင်ပေါ်တွင် ပြန်တွေ့ကြပြီ။

ထိုအခါ နှစ်ယောက်စလုံး မာန်သွင်းအော်ဟစ်ကာ ပြိုင်တူပြေးဝင်တိုက်ခိုက်ကြသည်။



"ခြွမ်း ..."

"ရွှမ်း ..."

"ဝုန်း ..."

ခါးချက်များက ပြင်းထန်လှသည်။

နှစ်ယောက်စလုံး နောက်သို့ဆုတ်သွားရ၏။ တိုက်ကွက်အသစ်ပြန်စရန် နှစ်ဦးစလုံး ပြင်ဆင်ရသည်။

ကျန်းစီးမုံသည် ပထမ၌ ဟိမဝန္တာသားကို အထင်သေးမိသည်၊ တိုက်ခိုက်ရာ၌ အားမထည့်ခဲ့ချေ။ သို့ရာတွင် တိုက်ရင်း ဟိမဝန္တာသား၏ စွမ်းရည်ကို သိလာရ၏။ အထင်သေး၍ မဖြစ်တော့ချေ။ ရေခုနစ်လွှာသိုင်းကွက်ကို စတင်ထုတ်ရတော့သည်။

ခါးကောက်သမားကပဲ စတင်သည်။

"ဝူး ..."

သူ၏မာန်သွင်းသံက ထူးခြားလှသည်။ ဝံပုလွေတစ်ကောင်၏အော်သံမျိုးဖြစ်သည်။

ကျန်းစီးမုံသည် ရင်ဝသို့ ချိတ်ဆွဲချရန် ဝင်လာသော ခါးကောက်ဖျားကို နွယ်ခွေခါးဖြင့် ပယ်ထုတ်လိုက်ရင်း ခန္ဓာကိုယ်ပါ စကြာကဲ့သို့ လှည့်လိုက်၏။

ပထမရေလွှာသင်ဖြူးသိုင်းကွက်ပင်။

ခါးကောက်သမား မျက်လုံးဝိုင်းသွား၏။ ဘာလုပ်ရမည်

မှုန်း ရုတ်တရက်မသိဘဲ ဖြစ်သွားသည်။ နောက်မှပတ်ချာလည်နေသော ကျန်းစီးမုံ၏ခန္ဓာကိုယ်ကို ဓားကောက်ဖြင့် ပိုင်းချလိုက်သည်။

"ဝိုး ..."

"ဝှစ် ..."

ဓားချက်က လေကိုခုတ်မိသွားသည်။ သူသည် အားပါးတရ ခုတ်ထည့်လိုက်ခြင်းဖြစ်သည်။ လေကိုခုတ်မိသောအခါ သူသည် အံ့ဩသွားသည်။ ကျန်းစီးမုံမှာ လွတ်ထွက်သွားပြီး ထောင်တက်သွားသည်။

"ခြွမ်း ..."

"ဝုန်း ..."

လေထဲမှာပင် ခုန်တက်ပြီး နှယ်ခွေဓားဖြင့် ဓားကောက်သမား၏မျက်နှာကို တိုက်ခိုက်လိုက်၏။ ဓားမှာ ဓားကောက် ဓားသမား၏မျက်နှာကို ထိလုထိခင်ဖြစ်သွားသည်။ ဓားကောက် ဓားသမားသည် ခေါင်းကို နောက်သို့ဆုတ်၍ ရှောင်တိမ်းလိုက်ပြီး ပြန်လည်ခုခံလိုက်သည်။

"ဝိုး ..."

"ဝှစ် ..."

"ဝုန်း ..."

သူ၏ဓားကောက်သည် နှယ်ခွေဓားဖြင့်ထိပြီး ကျန်းစီးမုံမှာ နောက်သို့လွင့်စဉ်သွားသည်။ သူလည်းနောက်သို့ ဒယီးဒယိုင်ဖြင့် ဆုတ်ရသည်။

ထို့နောက် ချက်ချင်းပင် ဓားကောက်ဓားသမားသည် ကျန်းစီးမုံရှိရာသို့ လိုက်သွားပြီး ဓားဦးဖြင့် ပင့်ခုတ် ခုတ်လိုက်သည်။

"ဝိုး ..."

ကျန်းစီးမုံ အမြန်ရှောင်လိုက်ရသည်။ အရှောင်မြန်၍သာ ဓားကောက်ဓားချက် လွတ်သွားခြင်းဖြစ်သည်။ အရှောင်မမြန်ပါက သူ၏ဦးခေါင်း ပါသွားပေမည်။

ကျန်းစီးမုံ အံ့ဩသွားသည်။ သူသည် ဆက်မတိုက်ဘဲ ဓားကောက်ဓားသမားကို စိုက်ကြည့်လိုက်သည်။ ဓားကောက် ဓားသမားကလည်း သူ့ကိုစိုက်ကြည့်နေသည်။

ရပ်ကြည့်နေကြသည်မှာ အတော်လေးကြာပြီ။ သည်အတိုင်း ရပ်ကြည့်နေ၍ မဖြစ်ပေ။ တစ်ယောက်နှင့်တစ်ယောက် အပြတ်အသတ် တိုက်ခိုက်ရပေမည်။

"ကျား ..."

"ဝူး ..."

နောက်တစ်ချီ မာန်သွင်းအော်ဟစ်ကာ တိုက်ခိုက်ကြပြန်သည်။

"ဝိုး ..."

"ဝုန်း ..."

"ခြွမ်း ..."

ကျန်းစီးမုံသည် သူ၏နွယ်ခွေဓားကို လှိုင်းတွန့်လေးများ သဖွယ် လှုပ်ရှားပြီး ရှေ့သို့ တွန်းထုတ်လိုက်သည်။ ထိုအခါ နွယ်ခွေဓားသည် တစ်ဆက်တစ်စပ်တည်း ရှေ့သို့သွားကာ ဝုန်းခနဲ ဝင်ရောက်ထိုးလိုက်သည်။ ထို့ကြောင့် ဝုန်းခနဲ မြည်သွားခြင်းဖြစ်သည်။ ခြွမ်းဆိုသည့်အသံမှာ ဓားကောက်ဓားဖြင့် နွယ်ခွေဓားကို ခုခံလိုက်သံဖြစ်သည်။ ကျန်းစီးမုံ၏ စတုတ္ထရေလှိုင်းကွန်ချာ သိုင်းကွက်ဖြစ်ပေသည်။

"ကျား ..."

"ဝုန်း ..."

တိုက်ပွဲကပြင်းထန်လာသည်။ ဓားကောက်သမားကလည်း ဆက်တိုက် ဆက်တိုက် တိုက်ခိုက်သည်။ ဤသို့ဖြင့် သိုင်းကွက်ပေါင်း နှစ်ဆယ်သို့ ဆိုက်ရောက်လာလေ၏။

"အင်း ..."

"အွတ် ..."

နှစ်ယောက်စလုံး ပူးကပ်သွားကြသည်။ ဓားချင်းကတော့ ထိကပ်နေကြသည်။ နှစ်ယောက်စလုံး နောက်ဆုတ်လိုက်သောအခါ ကိုယ်ရှိန်များ ပျောက်သွားကြ၏။



"ရွှမ်း ..."

"ရှီး ..."

နောက်အဆုတ်တွင် ဓားကိုယ်စီကို ခတ်ထုတ်လိုက်ကြသည်။ ဒဏ်ရာရရန် သီသီလေး လိုသွားကြသည်။ ဒဏ်ရာတော့ မရလိုက်ကြ။ နှစ်ယောက်စလုံး မျက်လုံးပြူး၍ ပြူးကြည့်မိကြ၏။

ကျန်းစီးမုံခေါင်းထဲတွင် သံသယများ ဝင်ရောက်နေပြီ။

"ဒီလိုသိုင်းကွက်တွေဟာ ငါ့သိုင်းကွက်တွေနဲ့ အခြေခံချင်းတူတယ် ... အဖျားအနားမှာ ကွဲလွဲသွားတာ၊ အခြေခံအချင်းချင်းတူတော့ ဓားကွက်ဟာ မထိဘဲ ပြန်ကန်ပြီး ထွက်ထွက်လာတယ်"

ကျန်းစီးမုံ တွေးနေသည်။ ဓားကောက်သမားနှင့် သူ၏ဓားကွက်များမှာ အခြေခံချင်း တူနေသည်။ ထိပ်တိုက်ဝင်သမျှ ပြန်ကန်ထွက်လာသည်နှင့်သာ ကြုံရသည်။

ဓားကောက်သမား၏မျက်နှာသည်လည်း တွေဝေအံ့ဩနေသည့် မျက်နှာမျိုးပင်။ သူသည်လည်း ဤအချက်ကို စဉ်းစားမိပုံရသည်။

ကျန်းစီးမုံသည် တိုက်ခိုက်ရန်ထက် အခြေအနေကိုစုံစမ်းရန် ဆန္ဒက ပိုမိုပြင်းထန်သဖြင့် သူ၏ဓားကို ရုပ်သိမ်းလိုက်သည်။ ဦးညွှတ်အရိုအသေပေးလိုက်သည်။ ဤသို့အချက်ပြခြင်းက ရန်သူမဟုတ်ကြောင်း၊ မိတ်ဆွေဖြစ်ကြောင်း ပြသခြင်းပင် မဟုတ်ပါလား။

ကျွန်းစီးမုံက စကားဆိုလိုက်သည်။

"မိတ်ဆွေ ဘယ်သူလဲဆိုတာ အမိန့်ရှိပါ ..."

သူ့ဘာသာစကားကို ဓားကောက်သမားက နားမလည်ပါ။ သူက ပြန်ပြောသည့်စကားကိုလည်း ကျွန်းစီးမုံက နားမလည်ပါ။

" ....."

ဓားကောက်သမားက ဆက်ပြောသည်။ ကျွန်းစီးမုံ ဘာမှ နားမလည်ပါချေ။

တစ်ဖဝ်အတွင်း ကျွန်းစီးမုံ၏ဦးခေါင်းထဲ လက်ခနဲဖြစ်သွား၏။ အကြည့်ကသည် စိုးစိုးဝင်းဝင်းဖြစ်သွားသည်။

သူသည် ဟုတ်သော်ရှိ မဟုတ်သော်ရှိ စမ်းသပ်ရန်ဖြစ်သည်။ ဟန်ကျိုရှေးဟောင်းတရုတ်ဘာသာစကားကို သုံးကြည့်ရန် စိတ်ဆန္ဒဖြစ်ပေါ်လာသည်။ ဟန်ကျိုရှေးဟောင်းတရုတ်ဘာသာစကားကို သခင်ကြီးတာစင်ကူ သင်ကြားပေးစဉ်က အတိုင်းအတာတစ်ခုအထိ အသုံးဝင်လိမ့်မည်ဟု ပြောဖူးသည်။ ထို့ကြောင့် ဟန်ကျိုဘာသာစကားဖြင့် ပြောကြားတော့သည်။

"ကျွန်တော် ခရီးသည်တစ်ယောက်ပါ ...ရန်သူမဟုတ်ပါဘူး ...မိတ်ဆွေက ရန်သူထင်ပြီး တိုက်ခိုက်နေတော့ ကျွန်တော်မှာ အတော်ခက်ပါတယ် ... ခုခံနေရတာပေါ့ ..."

သူ့စကားဆုံးသွားသောအခါ ဓားကောက်သမားမှာ ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။ မျက်လုံးအပြူးသားဖြစ်သွားသည်၊ ဟန်ကျိုဘာသာစကားကို ဓားကောက်သမား နားလည်ပုံရသည်။ ကျွန်းစီးမုံရှင်းလင်းပြောကြားသည့်စကားအရ သူက ကျွန်းစီးမုံအား အတင်းတရကြမ်းတိုက်ခိုက်သလို ဖြစ်နေသည်။



သူသည် သူ၏ဓားကောက်ကြီးကို ရုပ်သိမ်းလိုက်သည်။

"ခင်ဗျားပြောတာတွေကို ကျုပ်နားလည်ပါပြီ၊ ခင်ဗျား ဘယ်အရပ်က လာတာလဲ ...ဘယ်ကိုသွားမှာလဲ ... ဒီအရပ်ဟာ ဟိမဝန္တာအရပ်ဗျ ...သွားလေရာ တောင်နဲ့ ဆီးနှင်းတွေပဲ တွေ့ရမှာ ..."

ဓားကောက်သမားက ဟန်ကျိုဘာသာစကားဖြင့် ပြောကြားလာသည်။ ကျွန်းစီးမုံ ဝမ်းသာသွားသည်။ ဓားကောက်သမား၏စကားများကလည်း ရန်လိုဟန် မရှိဘဲဖြစ်နေသည် မဟုတ်ပါလော။

ကျွန်းစီးမုံက ဝမ်းသာအားရ ပြောသည်။

"ကျွန်တော် တရုတ်ပြည်က လာတာပါ၊ ကျွန်တော့်နာမည် ကျွန်းစီးမုံပါ ..."

ဓားကောက်သမား မျက်မှောင်ကြုတ်သွားသည်။ တစ်စုံတစ်ခု မလိုမကျသလို ဖြစ်သွားသည်။

"ဘာကိစ္စနဲ့ လာတာလဲ ..."

ကျွန်းစီးမုံ စဉ်းစားရသည်။ ကမ္ဘာဦးလူ ဆရာကြီးဟူကွမ်းနှင့် တွေ့ချင်သည်ဟု ပြောလိုက်ပါက သည်လူသည် ဆရာကြီးဟူကွမ်းနှင့် သက်ဆိုင်သည် မသက်ဆိုင်သည်ကို မသိရဘဲဖြစ်သွားမည်။ ထို့ကြောင့် သည်လူ ဆရာကြီးဟူကွမ်းနှင့် သက်ဆိုင်သည် မသက်ဆိုင်သည်ကို သိရအောင် လုပ်မည်ဟု ကြံစည်လိုက်ပြီး ...

"ကျွန်တော့်ဆရာရဲ့ ဆရာနဲ့ တွေ့ရအောင် လာခဲ့တာပါ"

"ခင်ဗျားဆရာရဲ့ ဆရာက ဘယ်သူလဲ ..."

"ဆရာကြီးဟူကွမ်းပါ ..."

ဓားကောက်သမား၏ မျက်နှာသည် ဖျတ်ခနဲ စူးစူးရဲရဲ ကြည့်တော့သည်၊ ထို့နောက် အပြုံးတစ်ခုပေါ်လာသည်။ ဓားကောက်သမား၏မျက်နှာ၌ ထူးခြားသွားပုံ၊ အပြုံးတစ်ခုပေါ်လာပုံတို့ကြောင့် ကျွန်းစီးမုံရင်ထဲ အေးသွားသည်။

သည်လူသည် ကမ္ဘာဦးလူ ဆရာကြီးဟူကွမ်းနှင့် သက်ဆိုင်သည့်သူဖြစ်ရပေမည်။

ဓားကောက်သမားက လက်နှစ်ဖက်ဆုပ်ကာ ဦးညွတ် ဂါရဝပြုလေသည်။ ပထမဆုံးအကြိမ် ဂါရဝပြုခြင်းပင်။

"ကျုပ် ဂါရဝပြုပါတယ် ..."

ဓားကောက်သမားက ဂါရဝပြုကြောင်း ဟန်ကျိဘာသာစကားဖြင့်ပြောသည်၊ ထို့နောက် ဆက်လက်၍ပြောသည်။



"ကျုပ်တို့က လူမှားခဲ့ကြတာကိုး ...တကယ်တော့ ကျုပ်တို့က မိတ်ဆွေချင်းတွေပဲ ... ကျုပ်ကလည်း တာဝန်အရ ခင်ဗျားကို တားရတာပဲလေ ... အဲဒီ့အတွက်တော့ ခွင့်လွှတ်ပါ၊ စောစောကတည်းက မိတ်ဆွေမှန်းသိရင် ခုလိုဘယ်ဖြစ်မလဲ၊ ကြိုဆိုရမှာပေါ့ ... ရက်မသိတော့ ဆက်ရက် ချိုးထင်ဆိုတာလို ဖြစ်သွားတာပေါ့ဗျာ ... ခွင့်လွှတ်ပါ ..."

ကျွန်းစီးမုံသည် ထင်ထားသည်ထက် လွယ်ကူချောမွေ့လာသဖြင့် လွန်စွာဝမ်းသာမိသည်။

"အို ...မဟုတ်တာ ခွင့်လွှတ်ရမှာပေါ့ဗျာ၊ မသိလို့ မိုက်မှားမိတာပဲ ...ခုလို အမှန်အတိုင်းသိနားလည်ကြတာကိုပဲ ဝမ်းသာလှပါပြီ ..."

"မိတ်ဆွေက တကယ့်အဝေးကြီးက လာခဲ့ရတာပဲ ..."

"အင်း ... ဝေးတော့ ဝေးတာပေါ့ဗျာ ..."

"မိတ်ဆွေရဲ့ ဇွဲသတ္တိကို ချီးကျူးမိတယ်၊ ဒီဟိမဝန္တာအရပ်ဟာ အင်မတန် အန္တရာယ်များတယ်၊ နေရပ်ကိုသိတာတောင်မှ အတော်လာရတာ ...နေရပ်မသိဘဲရော်ရမ်းမှန်းလာတာတော့ တကယ့်ဇွဲသတ္တိပါပဲဗျာ ... ကျုပ် တကယ်ချီးကျူးပါတယ် ..."

ဓားကောက်သမားက ကျွန်းစီးမုံ၏လက်ကို ဆွဲယမ်းလှုပ်ခါ၍ ပြောလေ၏။

"ကျုပ်ကတော့ မဗွီမဒေးသမား နှင်းလူရှာလေခန်ဆိုတာပါပဲ ... ကမ္ဘာဦးလူ ဆရာကြီးဟူကွမ်းရဲ့တပည့်တစ်ယောက်ပါ"

ဟော ...ကြည့်စမ်း တွေ့ချင်တော့ ကျန်းစီးမုံတစ်ယောက် ဆရာကြီးဟူကွမ်း၏တပည့်နှင့် လာတွေ့နေပါပကော။

*စာစဉ်(၀)ပြီး၏၊*
*စာစဉ်(၂)ဆက်လက်ဖတ်ရှုပါရန်*
တက္ကသိုလ်နေလင်းအောင်